
www.burmeseclassic.com




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ယဉ်မိုးပိုင်
(ဆောင်းညပြာသို စာပေ)
အမှတ် - ၄၃၊ လမ်း(၉၀)၊
ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဒေါ်နီနီခိုင် (၀၇၁၃၅)
သီရိမေရောင်စုံပုံနှိပ်တိုက်
အမှတ်(၁၉)၊ လမ်း(၉၀)၊
ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၉၉၀၆၄

အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - သီရိမေ
ကွန်ပျူတာစာစီ - (Asia Glory)
ပုံနှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ
(ပထမအကြိမ်)
အုပ်ရေ - ၅၀၀
တန်ဖိုး - ၅၀၀ ကျပ်

၈၉၅.၈၃
ဟော့လိုင်း
ဗလွှာမှာခြောက်နေတယ်/ ဟော့လိုင်း-ရန်ကုန်
ဆောင်းညပြာသိုစာပေ၊ ၂၀၁၄၊ နိုဝင်ဘာလ
၁၄၈ စာ၊ အလျား ၁၃ စင်တီ၊ အမြင့် ၂၀ စင်တီ
(၁) ဗလွှာမှာခြောက်နေတယ်


BURMESE CLASSIC

အမျိုးသမီးတစ်ယောက် ခြောက်ထပ်တိုက် ခြောက်လွှာပေါ်မှ ခုန်ချ
ပြီး ကိုယ့်ကိုယ်ကို သတ်သေရန် ကြံစည်နေသည်။

ပါးနှစ်ဖက်မှာ မျက်ရည်တွေရွှဲနေသလို ပါးစပ်ကလည်း ပွစိပွစိ ရေ
ရွတ်လျက်. . .

"သေချင်းဆိုးတွေ၊ ကောင်းကို မကောင်းဘူး၊ ဒင်းတို့ ဝိုက်မကြီးတိုင်း
သူများသားသမီးဖျက်ဆီးတဲ့ မသာတွေ၊ တာဝန်ယူဖို့ကျတော့ နွားကို ဟမ်ဘာ
ဂါ ကျွေးသလို မသိချင်ယောင်ဆောင်နေတယ်. . . ဘဝဆက်တိုင်း ဒင်းတို့ကို
သင်းကွပ်ခွင့်ရတဲ့ ယိုးဒယားဒေါက်တာ ဖြစ်ပါစေသား"

လိုရာဆုကိုတောင်းပြီးသကာလ ပဝါစကို မျက်ယုံးမှာ စည်းပြီး ပကာ
သနတွေ မပါဘဲ သဘာဝကျစွာ ခုန်ဆင်းလိုက်၏။

'ယား. . .'

ယားခနဲ အော်ပြီး ကားခနဲခုန်ချလိုက်ရာ အောက်ရောက်တော့ အား
ခနဲ။

'အား'

မြေကြီးနှင့်ခန္ဓာကိုယ် မိတ်ဆက်မိတော့ အိပ်ရက်မရှိတဲ့ ညတွေ နိဂုံး
ချုပ်သွားသည်။

ကတ္တရာလမ်းမပေါ်မှာ သွေးသံရဲရဲဖြင့်. . .

*



www.burmeseclassic.com

www.burmeseclassic.com



(၁)

O SUMO SAN JAPANESE LANGUAGE CENTRE

ဖွင့်ပွဲအခမ်းအနား



'ဟေး'

ကုမ္ပဏီဖွင့်ပွဲအထိမ်းအမှတ် မိုးပျံပူပေါင်းကို ကြိုးဖြတ်လိုက်သည်နှင့် ဘုဏ်သရေရှိ ဧည့်ပရိသတ်အပေါင်းကလည်း လက်ခုပ်လက်ဝါးတီးပြီး မြိုင်မြိုင်ဆိုင်ဆိုင်ဂုဏ်ပြုကြသည်။

ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . .

ဦးနေကမ္ဘာကျော်ရဲ့မျက်နှာမှာ ပျားရည်ဆမ်းသော လဝန်းပမာ ပီတိတွေ ရွှန်းရွှန်းဝေလျက်။

'ကွန်ဂရက်ကျူလေးရှင်းပါ ဦးကမ္ဘာ. . ခင်ဗျားရဲ့ ရည်မှန်းချက်တွေ ပြည့်ငပြီပေါ့'

စီးပွားရေးလောကထဲမှမိတ်ဆွေတစ်ဦးဖြစ်သူ ဦးခင်စန်း၏ ကမ်းပေးသာလက်ကို ပြန်လည်ဆွဲယူနှုတ်ဆက်လိုက်ပြီး





'ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော် အချိန်တွေ အကြာကြီးစိတ်ကူးညဉ့်ခဲ့တဲ့ ဂျပန်သင်တန်းကျောင်းကုမ္ပဏီလေးကို ဒီနေ့ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီမို့ ဒီည နန်းထိုက်တော်ဝင်မှာ မိတ်ဆွေတွေအားလုံး ဆုံပြီး သောက်ပွဲလေး ကျင်းပရအောင်"

"အရမ်းကိုကောင်းတဲ့အစီအစဉ်ပေါ့ဗျာ။ကျုပ် မဖြစ်ဖြစ်အောင် လာခဲ့ပါ့မယ်"

သူငယ်ချင်းဖြစ်သူ ဦးကြည်လှကလည်း အားရတက်ကြွစွာ ဝင်ပြောသည်။

"ဒါဆိုရင်တော့ ငါလည်း အခုပဲ အိမ်သာဝင်လိုက်တော့မယ်ကွာ"

"ဘာလဲ မင်းဗိုက်ဆာနေပြီလား"

"နင့်ကြီးတော် ဗိုက်ဆာရမှာလား၊ ကြိုတင်ဝိတ်လျှော့ထားမလို့ကွ"

"ဟား. . ဟား. . ဟား. . . ဟား. ."

ဖွင့်ပွဲအခမ်းအနားလေးကတော့ ရယ်မောသံများနှင့် အောင်မြင်စွာပြီးဆုံးသွားခဲ့သည်။

ဒါပေမယ့် ဖွင့်ပွဲပြီးလို့ မကြာခင်မှာပဲ ပိတ်ပွဲပါ ကျင်းပရတော့မည်ကိုသူတို့ ကြိုတင်မသိခဲ့ပါချေ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဒုန်း . . ဒုန်း . . ဒုန်း . . ဒုန်း

ပြင်းထန်သော ခြေသံနှင့်အတူ ဆံပင်ဖားလျားချထားသော အမျိုးသမီးတစ်ယောက် ခြောက်လှာဆီကို လှေကားအတိုင်းတက်လာသည်။

ခြောက်လှာရောက်သောအခါ အခန်းတံခါးပိတ်ထားသော တိုက်ခန်းရှေ့ ခြေစုံရပ်လိုက်ပြီး တံခါးချပ်ဆီ မျက်နှာမူလျက် အက်ကွဲသံကြီးဖြင့်

"နင်တို့က ငါ အပိုင်စားရထားတဲ့နေရာကို လာလုဖို့ ကြိုးစားနေတာကိုး၊ တွေ့ကြပြီပေါ့ဟယ်၊ ယောက်ျားတွေပါလာလို့ကတော့ သေဖို့သာပြင်"

ထိုအမျိုးသမီး၏အသံကြောင့် သူမကျောပေးထားသော မျက်နှာချင်းဆိုင်အခန်းမှ တံခါးတစ်ချပ်ပွင့်လာပြီး လူတစ်ယောက်ထွက်ကြည့်သည်။

မျက်လုံးတွေကို သေချာပွတ်သပ်ပြီး ပြူးပြကြည့်လိုက်တော့. .

"အသံကြားလို့ထွက်ကြည့်တာ ဘာမှလည်း မရှိပါလား၊ ရှေ့အခန်း[illegible]လည်း သော့ကြီးခတ်ထားတယ်။ ငါ နားကြားမှားတာများလား"

ပဟေဠိတွေကို အဖြေညှိဖို့ မကြိုးစားတော့ဘဲ တံခါးကို အသေစေ့၍ အထဲ ပြန်ဝင်သွားသည်။

တစ်ပြိုင်တည်းမှာပဲ သော့ခတ်ထားသည့်အခန်းမှတံခါးချပ်က မည်သူမှ မထိပါဘဲ လှုပ်သွားလေတော့၏။

အဲဒီက အစပြု၍. . . .

♦ ♦ ♦



(၂)

ဦးနေကမ္ဘာကျော် သူ့ရဲ့ကုမ္ပဏီမှာ အသစ်စက်စက် ခန့်ထားသော [illegible] တစ်ယောက်၊ ဆရာမ တစ်ယောက်နှင့် Reception မှ ဝန်ထမ်းတို့ကို [illegible]ဥ ခေါ်ပြီး တာဝန်တွေ ခွဲပေးသည်။

"အားလုံးသိကြတဲ့အတိုင်း တို့ အိုဆူမိုစံဂျပန်စာသင်တန်းကျောင်း [illegible] အခုမှ စဖွင့်ကာစဖြစ်တဲ့အတွက် လက်ရှိနာမည်ရနေတဲ့ မိုးမိဂျိတို့၊ ဝင်း[illegible]ကိုင်ဘို့ကိုတော့ မီနိုင်ဦးမှာမဟုတ်သေးဘူး။ အဲဒီတော့ လူသစ်၊ စိတ်သစ်၊ [illegible]အသစ်နဲ့ အလုပ်သစ်ကို စရမယ်။ အစကောင်းမှ အနှောင်းသေချာ[illegible]အတိုင်း လုံ့လဝီရိယစိုက်ထုတ်ရမယ်။ ဖွင့်ကာစမို့ ကျောင်းသား အလာ[illegible]တယ်၊ စုံစမ်းတဲ့သူ နည်းတယ်ဆိုပြီး Receptionist ကလည်း ထိုင်ခုံမှာ [illegible]နေပါနဲ့"

Receptionist မလေး ညချမ်းဖြူ ခေါင်းညိတ်လိုက်သည်။

"ဆရာ ဆရာမတွေကလည်း အတန်းချိန်နည်းသေးတဲ့အချိန်မှာ အင်[illegible]တွေ ဖေ့စ်ဘွတ်(ခ်)တွေ ဝိုင်ဖိုင်တွေ ထိုင်သုံးနေတာထက် ကိုယ်သင်



www.burmeseclassic.com

www.burmeseclassic.com



ကြားရမယ့် သင်ခန်းစာကို လေ့လာနေစေချင်တယ်။ ဒါမှလည်း ကိုယ့်အရည်အချင်း တဖြည်းဖြည်းတိုးတက်လာမှာလေ"

ဂျပန်စာ သင်ကြားမယ့် ဆရာ ဦးအောင်ဝင်းနဲ့ ဆရာမ ဒေါ်ရွှေစင်ဖြိုင်တူခေါင်းညိတ်လိုက်သည်။

"တဖြည်းဖြည်း ကျောင်းသားများလာလို့ ဝင်ငွေပုံမှန်လည်ပတ်နိုင်ပြီဆိုရင် ဆရာ ဆရာမတွေ Receptionistတွေလည်း လစာတိုးလာမှာပါ၊ ဒီမှာက ဝန်ထမ်းဆိုတာထက် အားလုံးကို မိသားစုလို နွေးနွေးထွေးထွေး ဆက်ဆံတယ်၊ အဲဒါကြောင့် အိုဆူမိုစံကြီး တိုးတက်အောင် ဒီကမိသားစုတွေ ဝိုင်းဝန်းပြီး တက်ညီလက်ညီကြိုးစားကြတာပေါ့၊ ဘာပြောစရာရှိသေးလဲ"

အားလုံးတက်ညီလက်ညီ -

"ဘာမှပြောစရာမရှိပါဘူး သူဌေး"

"ကဲ ဒါဆိုရင်တော့ ဒီလောက်ပါပဲ"

အစည်းအဝေးရုပ်သိမ်းပြီးသကာလ အားလုံးကိုယ့်နေရာ ကိုယ်ထိုင်ပြီး ဒူးနှံ့နေလိုက်ကြသည်။

သင်တန်းစဖွင့်ပြီး သုံးရက်အကြာမှာ သင်တန်းလာစုံစမ်းတဲ့ကျောင်းသား ရောက်လာသည်။

"ဂျပန်စာသင်တန်းအပ်ချင်လို့ပါ"

Receptionist မလေး ညချမ်းဖြူ အိပ်ငိုက်နေရာမှ မျက်လုံးကိုလက်နှင့်ပွတ်လိုက်ရင်း -

"ဩော်. . ဟုတ်ကဲ့၊ ဘာကိစ္စလဲ မသိဘူး"

"သင်တန်းအပ်ချင်လို့ပါဆို"

"ဟုတ်ကဲ့၊ ဘာသင်တန်းလဲ မသိဘူး"





"ဩော်. . ဂျပန်စာသင်တန်းဖွင့်ထားတဲ့နေရာကို လာမှတော့ မော်ဒယ်သင်တန်းလာအပ်တာ ဖြစ်မလား"

ညချမ်းဖြူ အိပ်ချင်မူးတူးဖြင့် customer ကို တောင်းပန်လိုက်သည်။

"ဆောရီးပါရှင့်. . ကျွန်မက အသစ်ဆိုတော့. . သိပ်မသိသေးလို့ပါ။ အစ်ကို ဘယ်levelတက်မှာလဲ မသိဘူး၊ ဂျပန်စာမှာ $N_1$, $N_2$, $N_3$, $N_4$,$N_5$ဆိုတာ ရှိပါတယ်"

"ကျွန်တော်က အခုမှအသစ်ဆိုတော့ $N_1$ကပဲ စတက်မှာပေါ့။ သင်တန်းကြေး ဘယ်လောက်လဲ မသိဘူး"

"ကျွန်မတို့သင်တန်းကလည်း ခုမှ အသစ်ဆိုတော့ သင်တန်းကြေးကလက်ဖြတ်ကို ငါးသောင်းပဲ ယူပါတယ်ရှင်၊ အချိန်ဇယားကလည်း အတိအကျမဆွဲရသေးတော့ အစ်ကို အားတဲ့အချိန် လာတက်လိုက်ပါ၊ ဒီမှာ ဆရာကောဆရာမကော လောလောဆယ်အချိန်ပြည့် မိုးလင်းကညအထိ အားနေပါတယ်"

"ဟုတ်ကဲ့၊ ဒါဆိုရင် အခုပဲ တက်လိုက်ပါ့မယ်၊ သင်မှာ ဆရာသင်မှာလား ဆရာမ သင်မှာလား"

"အစ်ကို ဘယ်သူနဲ့သင်ချင်တာလဲ"

"အင်း ဘယ်သူနဲ့သင်သင် ရပါတယ်။ ပညာရဖို့ အဓိကပဲ၊ ဆရာမက ဘယ်အရွယ်လောက်ရှိလဲ"

"ခန့်မှန်းခြေ ၃၀ ဝန်းကျင်လောက်တော့ ရှိပါတယ်"

"ဩော်. . ဒါဆို မကြီးမငယ်ပါပဲ။ ချောလား မသိဘူး"

"အစ်ကို စာသင်မှာလား၊ ဆရာမမျက်နှာကြည့်မှာလား"

"စာသင်နေရင်းနဲ့ ဆရာမမျက်နှာကြည့်တော့ ရှင်းပြတာ ပိုနားလည်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ. . . ဒါဆိုရင်လည်း ပြောပြပါ့မယ်၊ ကျွန်မ ဘယ်သူ့ကို မပြောဘူးနော်၊ ကိုယ့်ဆီ ဈေးဦးလာဖောက်တဲ့ customer မို့လို့ပြောပြတာ ကျွန်မတို့ဆရာမက အဝေးကကြည့်ရင် အန်တီဝါဝါဝင်းရွှေလိုပဲ"

"ဟမ်"

ကျောင်းသားခမျာ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

"ငယ်ငယ်တုန်းကပုံနဲ့တူတယ်လို့ ပြောတာပါ"

"ဟုတ်လား. . ဆရာမမှာ အိမ်ထောင်ရှိလားဟင်"

"အပျိုကြီးပါ"

customer ပြုံးပြုံးရွှင်ရွှင်ဖြစ်သွားပြီး

"အခုပဲ အပ်ပြီဗျာ. . . နာမည် မှတ်လိုက်တော့. . ဇော်မောင်မောင်လတ်"

"ငါးသောင်းကျပါတယ်ရှင်"

ဘောင်ချာဖြတ်ပြီးသကာလ ဇော်မောင်မောင်လတ်ဆိုသောကျောင်းသားကို ဆရာမဒေါ်ရွှေစင်အခန်းထဲ ထည့်ပေးလိုက်သည်။

လောလောဆယ် ကျောင်းသားတစ်ယောက်ပဲ ရှိသေးလည်း အဲဒီတစ်ယောက်နဲ့တင် လုပ်ငန်းစ,ရမှာပဲလေ။

ဆရာမဒေါ်ရွှေစင် သူ့ရဲ့ပထမဆုံးတပည့်ကို ခရေစေ့တွင်းကျ ဂယနေတာ စေ့စေ့ပေါက်ပေါက် ထဲထဲဝင်ဝင် သေသေချာချာ တိတိကျကျ ရှင်းပြနေသလို ကျောင်းသားက ဖင်ကုတ်၊ ခေါင်းကုတ်၊ သက်ပြင်းချ ခေါင်းယမ်းရင်း အတန်းချိန်ခဲ့သွားသည်။

ပြန်ထွက်လာတော့ Receptionist ညချမ်းဖြူက customerကို မေးခွန်းထုတ်၏။





"အစ်ကို အဆင်ပြေရဲ့လား မသိဘူး"

customer ခေါင်းယမ်းပြရင်း

"ဘာတွေမှန်းလည်း မသိဘူး၊ တစ်လုံးမှနားမလည်ဘူး၊ တော်ပြီ ဂျပန်စာကို စိတ်ကုန်သွားပြီ။ နောက်နေ့လည်း မလာတော့ဘူး"

"ဟမ်"

အားလုံး ပါးစပ်အဟောင်းသားဖြင့် ငေးကြောင်ကြည့်နေစဉ် သူဌေးဦးနေကမ္ဘာကျော် ရုံးခန်းထဲမှထွက်လာပြီး

"meeting ရှိတယ်၊ အားလုံး ခဏလာဦး"

* * *



www.burmeseclassic.com

www.burmeseclassic.com

"Receptionist က ကိုယ့်ဆီ ခုမှလာအပ်တဲ့ ကျောင်းသားကို ဘယ် level ရှိမှန်း သေချာမမေးဘူး။ ဂျပန်စာမှာ $N_5$ က အခြေခံ၊ တဖြည်းဖြည်းနဲ့မှ $N_4$ $N_3$ $N_2$ ဆိုပြီး တက်လာတာ၊ $N_1$က အမြင့်ဆုံးlevel ဆိုတာ သေချာမရှင်းပြဘူး၊ ကျောင်းသားကမသိလို့ $N_1$ပြောတာကို $N_1$စာအုပ်ပေးလိုက်တယ်။ ဆရာမကလည်း ကိုယ့်ကျောင်းသားကို သေချာ ဂယနဏမမေးဘဲ စ.ထိုင်တာနဲ့ ပါးစပ်က Nonstop လွှတ်တာ အတန်းချိန်စေ့တဲ့အထိ ကျောင်းသား ပြန်ပြောချိန်တောင် မရလိုက်ဘူး၊ ဟိုက အခြေခံတောင် မရှိတဲ့ဟာ $N_1$စာ နားလည်မလား၊ အခုမှအလုပ်စ.လုပ်ကြတယ်၊ ခုပဲ လွဲကြတယ်၊ အဲဒီကျောင်းသားကို ပြန်ဖုန်းဆက်၊ level မှားသင်တာပါလို့ ပြောပြီး $N_5$က ပြန်စသင်"

ဆရာမနှင့် Receptionist ကိုယ့်အပြစ်နှင့်ကိုယ်မို့ ငြိမ်နေကြသည်။

"ဆရာအောင်ဝင်းကလည်း အိမ်သာတက်ပြီး ရေမဆွဲချခဲ့ဘူး၊ သူဌေးက အိမ်သာတက်တာက စပြီး လိုက်ပြောနေရရင် မကောင်းဘူး၊ ကိုယ့်အသိစိတ်ဓာတ်လေးနဲ့ကိုယ် အသိတရားရှိကြပါ"

ဆရာအောင်ဝင်း ရှက်ကိုးရှက်ကန်းနှင့်

"ဟို. . ဟို. . ကျွန်တော် ကျောင်းသားလာရင် စာသင်ဖို့အကြောင်းတွေးရင်း သတိမေ့သွားလို့ပါ သူဌေး၊ အခုသွားဆွဲချလိုက်ပါ့မယ်"





"နေ. . နေ. . ကျုပ် ချပြီးပြီ၊ ဆရာတို့ လုပ်ရမှာက အခု အားလုံးကျောင်းသားလာအောင် ယတြာချေဖို့ပဲ"

"ဘယ်လိုချေရမှာလဲ သူဌေး"

"ကျောင်းပေါက်ဝမှာ စာအကြီးကြီးကပ်ထားရမယ်"

## ဝင်လာမဆုံး တရုန်းရုန်း

စာကပ်ပြီးနောက်

"သူဌေး. . ကျွန်တော် ကြားဖူးတာကတော့ ဝင်လာမစဲ တသဲသဲပါ။ ဘာဖြစ်လို့ သူဌေးစာမှာ ဝင်လာမဆုံး တရုန်းရုန်းဖြစ်နေရတာလဲ"

ဦးနေကမ္ဘာကျော်က ဆရာအောင်ဝင်း၏အမေးကို ပြန်လည် ရှင်းချက်ထုတ်၏။

"အေး. . စာဆိုတာ အတိတ်တဘောင် နိမိတ်ဆောင်ကွ၊ ဝင်လာမစဲ တသဲသဲဆိုရင် စာသင်ခန်းထဲကို ကျောင်းသားတွေ ဝင်မလာဘဲ သဲတွေ ဝင်လာမှာစိုးလို့ ဝင်လာမဆုံး တရုန်းရုန်းလို့ ပြောင်းလိုက်ရတာ စတိုင်သစ်ပေါ့"

"မိုက်တယ်ဗျာ၊ နောက်နေ့ကစပြီး ဒီကျောင်းကို တရုန်းရုန်းနဲ့ဝင်လာကြတော့မယ်ထင်တယ်"

"ကျောင်းသားတွေလား"

"ဟုတ်ဘူး၊ အလှူခံတွေ"

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

(၃)

“မောင်ညီမလေးတို့ရေ၊ ခုဆို ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံအပေါ်တင် ရှိနေတဲ့ ကြွေးမြီ သန်းပေါင်းများစွာကို လျှော်ပစ်လိုက်တယ်ကွယ့်၊ ပြီးတော့ ဂျပန်ဝန်ကြီးချုပ်ဟာလည်း မြန်မာနိုင်ငံမှာ စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေ အများကြီးလုပ်ဖို့ လမ်းဖွင့်ပေးထားတယ်ပေါ့။ အဲဒီတော့ နောက်ဆိုရင် ဂျပန်ကုမ္ပဏီတွေ ဒီကို အများကြီးလာရောက်ထူထောင်လိမ့်မယ်၊ အဲဒီအခါကျရင် ကလေးတို့က ဂျပန်စကားတတ်ထားတော့ လက်ဟန်ခြေဟန်ပြပြီး စကားပြောနေစရာ မလိုတော့ဘူးပေါ့။ မြန်မာနိုင်ငံဟာ ဟိုးရှေးရှေးတုန်းက သီဟတင်စိုးတို့ခေတ်ကလို ဂျပန်ခေတ်ပြန်ရောက်လာတော့မှာ ဖြစ်ပေမယ့် ဂျပန်တွေရဲ့ ဒီတစ်ခါလာခြင်းဟာ ကောင်းသောလာခြင်းဖြစ်တာမို့ ကလေးတို့လည်း ဂျပန်စာကို အခုကစပြီး အပတ်တကုတ်ကြိုးစားသင်ယူကြပါကွယ်”

“ဟိုက်. . ယောရောရှိ၊ ယောရောရှိ”

ကျောင်းသူလေးများက ဆရာမ ပြောသလို အပတ်တကုတ်ကြိုးစားသင်ယူကြသလို ကျောင်းသားများကလည်း ကျောင်းသူလေးများ၏ အပတ်တကုတ်ကြိုးစားဟန်ကို ငေးမောကြည့်ရှုကြလေသည်။





ခြင်း. . ခြင်း. . . ခြင်း. . . ခြင်း

ဆရာဦးအောင်ဝင်း ခေါင်းကုတ်နေပြီ။ သူ့အတွက် ဆွဲပေးထားတဲ့ အတန်းချိန်က ညနေ ၅း၃၀ မှ ၇း၃၀ တဲ့။

အိမ် စောစောပြန်ချင်ပေမယ့် ရုံးတက်ရုံးဆင်းဝန်ထမ်းတွေ အဆင်ပြေအောင် သူဌေးက ဆွဲပေးထားသောအတန်းချိန်မို့ မသင်ချင်လည်း သင်ရတော့မည်။

“ဆရာမရေ. . ကျွန်တော်တော့ ဒီည overtime ဆင်းရတော့မယ်၊ ဆရာမ ပြန်ရင် ကျွန်တော့်စားပွဲပေါ်က အားသွင်းထားတဲ့ Tablet လေး အံဆွဲထဲ ထည့်ပေးခဲ့ပါနော်”

“ကောင်းပါပြီရှင်”

* * *



www.burmeseclassic.com

www.burmeseclassic.com



あ

"ကဲ. . ဒီစာလုံးကို 'အ'လို့ ခေါ်တယ်၊ လိုက်ဆိုကြည့်ပါ"

"အ"

ဆရာဦးအောင်ဝင်း နောက်ထပ်တစ်လုံးရိုက်ဘုတ်ပေါ်မှာဆွဲပြလိုက်၏။

い

"ဒီစာလုံးကတော့ 'အိ'လို့ ခေါ်ပါတယ်"

"အိ"

う

"ဒါကတော့ 'အု' ပေါ့'

"အု"

ဆရာမရွှေစင်ကတော့ ဆရာဦးအောင်ဝင်းရဲ့ Tablet အောက်မှရည်းစားစာကို တွေ့သွားလေပြီ။ ဂျပန်လို ရေးထားလေ၏။

ရွှေစင် ဆင်းဆေးစံ(ဆရာမ ရွှေစင်)

ဘိုခုနိဝ ခိမိဒခဲရှိက အိနိုင်း(ငါ့ဘဝမှာ မင်းကလွဲပြီး မရှိဘူး)

ခိမိစအဲ အိရဲဘ နနိမိုးအိရနိုင်း(မင်းသာရှိရင် ဘာမှမလိုဘူး)

ခိမိနော့အိခမ်ဝို့ ခိခဆဲတဲ့ခုဒါစိုင်း(မင်းရဲ့သဘောထားကို သိပါရစေ)

အောင်ဝင်းဆင်းဆေး(ဆရာအောင်ဝင်း)

"တောက်"

အလုပ် ဝင်တာမှ တစ်ပတ်ကျော် ရှိသေး၊ သူမကို အမျက်တော်ရှအောင် ရမ္မက်ခေါ် ဆွတဲ့ ဦးအောင်ဝင်းပါးပေါ် လက်တော်ခချင်စိတ်ကိုမနည်းထိန်းထားလိုက်ရသည်။

ဒါပေမယ့် မပြုန်ခင်မှာတော့ စာသင်ခန်းရဲ့မှန်ပြတင်းပေါက်ရှေ့ ရပ်





ပြီး အတဲမှာစာသင်နေတဲ့ ဆရာသမားကို လက်ဝါးထောင် အံကြိတ်ပြလိုက်ပါသေး၏။ ဆရာသမားက မြင်သော်လည်း မမြင်ချင်ယောင် ဆောင်ကာ ကျောင်းသားများကို စာဆက်သင်နေသည်။

え

"ဟောဒါက 'အဲ'လို့ခေါ်တယ်ကွယ့်"

"အဲ"

お

"ဟောဒါက 'အို'ပေါ့"

"အို"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမက ဖုန်းဆက်တိုင်ပြီးသွားပြီ၊ ရုက်လွန်းလို့ ဒီနေ့ ခွင့်ယူပါရစေတဲ့၊ ကဲ. . ဘယ်လိုလုပ်မလဲ"

"ကျွန်တော် အိမ်လိုက်ခေါ်ပေးပါ့မယ်"

"ရမလား၊ ပိုဆိုးသွားမှာပေါ့၊ အဲဒီတော့ ဆရာမရွှေစင်ရဲ့ဒီနေ့ ၁နာရီတနေ ၃နာရီအတန်းကို ဆရာ အစားဝင်သင်လိုက်တော့"

"ဟုတ်ကဲ့ပါ"

"ကဲ. . ရပြီ၊ သွားတော့"

ဆရာအောင်ဝင်း သူဌေးရုံးခန်းထဲက ထွက်လာတော့ Receptionist လေး ညချမ်းဖြူ လှမ်းနောက်လိုက်သေးသည်။

"လူပျိုကြီးကတော့ အပျိုကြီးကို အစွဲထုတ်နေပြီဟေ့၊ မကြာခင်အချိန်အတွင်းမှာ စိန်ပြေးလိုက်တမ်းကစားတာ ကြည့်ရတော့မယ်"

ခုလောလောဆယ်တော့ ဆရာမရွှေစင် ဆရာဦးအောင်ဝင်း လက်ချက်ကြောင့် အိမ်ထဲမှာ တူတူပုန်းနေလေပြီ။

* * *



(၄)

"ဘယ်လိုလုပ်လိုက်တာလဲ ဆရာအောင်ဝင်း၊ ကျောင်းသားတွေကို စာလုံးအများကြီးတွေ သင်ပေးတယ်တဲ့၊ ဒါ ဘာသဘောလဲ"

"ကျွန်တော်လည်း ရေးတုန်းက အမှန်ရေးတာပါပဲ သူဌေး၊ ဒါပေမဲ့ ကျောင်းဆင်းမှပြန်ကြည့်မိတော့ ကျွန်တော်ရေးတဲ့စာလုံးတွေက ဘာကြောင့် လွဲနေရတာလဲဆိုတာ စဉ်းစားမရဖြစ်နေတာ"

"ဆရာ မူးနေပြီထင်တယ်"

"ကျွန်တော် မသောက်ရသေးပါဘူး. . အဲလေ. . မသောက်တတ်ပါဘူး သူဌေး၊ ဒီကိစ္စက တော်တော်ထူးဆန်းနေတယ်"

"တော်ပါဗျာ။ ကိုယ့်အမှားကို ဝန်မခံချင်ဘဲနဲ့ အရှုံးကွက် နင်းမနေပါနဲ့ ဆရာက ဆရာမရွှေစင်ကို ရည်းစားစာပေးပြီး ရင်တွေခုန်နေလို့ အမှားများအယွင်းယွင်းဖြစ်နေတာ မဟုတ်လား"

"ဗျာ"

ဆရာဦးအောင်ဝင်း ပါးစပ်ဟောင်းလောင်းလေးဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ အပြင်ကို ခဏလောက်ထွက်ခဲ့ပါဦးကွယ်၊ အမေ အမဲသားနဲ့ ပဲကုလားဟင်း ယူလာတယ်၊ လာစားပါဦး"

အမျိုးသမီးတစ်ယောက် ဖြလွှာက သော့ခတ်ထားသောတိုက်ခန်းရှေ့ မတ်တတ်ရပ်ပြီး ဘယ်သူ့ကိုခေါ်နေမှန်းမသိ။

သူ မျက်နှာမူရာအရပ်မှာ ဘယ်သူမှရှိမနေသော်လည်း သူပြောပုံဆိုပုံက တစ်ယောက်ယောက်ရှိနေသည့်နှယ်။

မကြာပါ။ သော့ခတ်ထားသော သံတံခါးကြီး အနည်းငယ်လှုပ်ခတ်သွားသလိုရှိပြီး ထိုအမျိုးသမီးလည်း ဆတ်ခနဲဖြစ်သွားကာ -

"ဟီး. . ဟီး. . ဟီး. . . ဟီး"

သူ့လက်ထဲမှာ ကိုင်ထားသော အမဲသားဟင်းနှင့်ထမင်းပန်းကန်ကို အငမ်းမရ မျက်လုံးပြူးကြီးများနှင့်စိုက်ကြည့်ကာ

"ဟီး. . ဟီး. . မီးမီး ကြိုက်ကြိုက်"

လက်တစ်ဆုပ် တစ်ဆုပ်ကို အကြီးကြီးနှိုက်၍ ပါးစပ်ထဲ ထည့်ကာ တတီးတီး ရှိုက်တော့သည်။

"ပလပ်. . . ပလပ်. . . ပလပ်. . . ပလပ်"

ပါးစပ်ကို ကျယ်ပြန့်စွာဖြဲ၍ လျှာကို အရှည်ကြီးထုတ်ကာ မျက်လုံးကြီးပြူး၍ စားနေပုံက ဖားပြုတ်မကြီး အစာနင်နေသလို။

အမှန်တော့ အဲဒီအမျိုးသမီး သရဲစီးနေမှန်း မည်သူမှသတိမထားမိခဲ့ပါချေ။

ပန်းကန်ထဲက ထမင်းတွေ ဟင်းတွေ ပြောင်သွားသည်နှင့် လူတစ်ကိုယ်လုံး ပျော့ခွေကျကာ မျက်လုံးတွေ စင်းသွားသည်။ ထို့နောက် -

"အင်း. . အင်း. . ဟင်း. . . ဟင်း"





သူ့ရှေ့မှ ပန်းကန်ကြီးကို တစ်ချက်ကြည့်ပြီး -

"ဪ. . ငါ့သမီးလေး ဗိုက်ဝသွားပြီ၊ တော်တော်ဆာနေလို့ ထင်တယ်၊ ထမင်းတစ်စေ့တောင် မကျန်ဘူး၊ သနားစရာပဲ။ အမေ ကျေနပ်ပါပြီကွယ်၊ နောက်နေ့တွေလည်း ဝတ္တရားမပျက်စေရပါဘူး"

ထို့နောက် ပန်းကန်ကိုကိုင်ကာ လေးကန်သောခြေလှမ်းများဖြင့် လှေကားထစ်အတိုင်း ဆင်းသွားလေသည်။

အချိန်က ည ၁၀း၀၀ နာရီလောက်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

(၅)

ဒေါက်. . ဒေါက်. . . ဒေါက်

"ဝင်ခဲ့လေ"

ဒေါက်. . ဒေါက်. . . ဒေါက်

"ဝင်ခဲ့ပါ"

ဒေါက်. . . ဒေါက်. . . ဒေါက်

"ဝင်ခဲ့ဆို"

ဒေါက်. . . ဒေါက်. . . ဒေါက်

ဆရာဦးအောင်ဝင်း စိတ်မရှည်တော့ဘဲ စာသင်ခန်းတံခါးပေါက်ရှိ ရာ သွားပြီး တံခါးကိုဆွဲဖွင့်လိုက်တော့

"ဟာ"

အပြင်မှာ ဘယ်သူမှရှိမနေ။

"တစ်ယောက်ယောက် နောက်ပြီး ပြေးပုန်းနေတယ်ထင်တယ်"

ပါးစပ်က တိုးတိုးလေးကြိတ်ဆဲလိုက်၏။





"မသာ။ . လက်ယားနေရင် ကိုယ့်ကိုယ် အန်စာခေါက်နေ"

ပြောပြီး မကြာပါ။ဆရာအောင်ဝင်း အထဲပြန်ဝင်ပြီး စာသင်ရန် ပို့ကပ် ဘုတ်ရှေ့ ရပ်လိုက်သည်နှင့်

"ဟာ"

ကျောင်းသားတွေပါးစပ်က ကျယ်လောင်သောအာမေဋိတ်သံကြောင့် ဘာများဖြစ်လို့ပါလိမ့်ဟု ဆရာအောင်ဝင်း နောက်လှည့်ကြည့်လိုက်ရာ

"အောင်မယ်လေး"

ကျောင်းသူတွေအားလုံး မျက်နှာကို လက်ဝါးနှင့်အုပ်၍ ခေါင်းငုံ့လိုက် သည့် ကျောင်းသားတွေက ဆရာအောင်ဝင်း ခါးအောက်ဆီကို ပါးစပ်အဟောင်း သားနှင့် လက်ညှိုးထိုးပြလိုက်တော့

"အား"

ဆရာအောင်ဝင်း ကိုယ့်အောက်ကိုပြန်ငုံ့ကြည့်ပြီး ရှက်သွေးတွေ ဖြန်း ခနဲ တက်ဆောင့်သွား၏။

ဘယ်အချိန်ကတည်းက ကျွတ်နေမှန်း မသိသည့် ပုဆိုးက ခြေမျက်စိ နားမှာ ပုံလျက်သား။

အဲဒီအချိန် ဆရာမ ရွှေစင်ကလည်း ရုံးဆင်းရန် အခန်းရှေ့မှ ဖြတ် အလျှောက်၊ အထဲမှ အသံတွေကြား၍ ပြတင်းပေါက်မှတစ်ဆင့် လှမ်းအကြည့် ဆရာသမားက ပုဆိုးကျွတ်နေတာနှင့် ကွက်တိ။

"အိုးမလေးတော့"

အသံတွေတောင် အမှားမှားအယွင်းယွင်းဖြစ်ပြီး ထဘီကိုမ.ကား အိုး ခင်းခွက်နှင်း ပြေးဆင်းလေသတည်း။

* * - *



www.burmeseclassic.com

www.burmeseclassic.com



သူဌေးခင်ဗျား-

ကျွန်တော် စာသင်လာတဲ့ ၁၀နှစ်အတွင်း ကျောင်းသားတွေရှေ့မှာ ပုဆိုးကျွတ်ကျပြီး အရှက်ကွဲတာ ဒါ ပထမဆုံးပါ။ ဘယ်လိုမှ မယုံနိုင်ပါဘူး။ ကျွန်တော်က ပုဆိုးကို ခိုင်ခိုင်ဝတ်တတ်တဲ့သူပါ။ ခုတော့ တစ်ယောက်ယောက်က ဆွဲချွတ်လိုက်လို့ကျွတ်သွားသလို ပုံလျက်သားလေးပါပဲ။ ကံကောင်းတာက နံ့ဆင်းရင် ရေသွားကူးဖို့ ရေကူးဘောင်းဘီလေး ဝတ်လာမိတာပါ။ ခါတိုင်း လိုဆို သွားပြီ။ ဒါပေမဲ့ အခုလည်း အရှက်ကွဲသွားတာပဲမို့ ဒီမျက်နှာနဲ့ဘယ်လိုမှ စာသင်လို့မရတော့ဘူး၊ သင်လည်း မသင်ရဲတော့ဘူး၊ အဲဒါကြောင့် အလုပ်ထွက်ခွင့်ပြုပါ။

ဆရာအောင်ဝင်း

သူဌေးဦးနေကမ္ဘာကျော် သူ့ရဲ့စားပွဲပေါ်က အလုပ်ထွက်စာကို စိတ်မသက်မသာကြည့်ပြီး သက်ပြင်းချလိုက်၏။

"ဟူး. . အလုပ်က စ,မယ် မကြာသေး၊ စိတ်အနှောင့်အယှက်ဖြစ်စရာက ကြုံပြီ၊ နောက်ထပ်ဆရာတစ်ယောက် အမြန်ဆုံးရှာမှရတော့မယ်"

◆ ◆ ◆



(၆)

♫ တို့မျှားတောရွာမှာကွယ်. . ချိန်ညနေစောင်းလေးဝယ် အပေါင်းအသင်းနဲ့ရေခပ်လာတယ်. . ထုံးစံပါ ကိုကိုရယ် ♫

ဆရာဦးမင်းသူ ပိုက်ဘုတ်ပေါ်မှာ စာရေးနေစဉ် အနောက်မှ ကြားလိုက်ရသောသီချင်းသံကြောင့် လှည့်ကြည့်သလို ကျောင်းသားကျောင်းသူတွေကလည်း အဆိုရှင်ကို လိုက်ရှာသည်။

"ဟေ့. . ဘယ်သူ သီချင်းဆိုနေတာလဲ၊ စာသင်ချိန်ကြီးမှာ၊ ဒါ KTV မဟုတ်ဘူး၊ တိတ်တိတ်နေ"

အသံကတော့ ခဏမျှ တိတ်သွားပါသည်။ ဒါပေမယ့် ဆရာ ပိုက်ဘုတ်ဘက် မျက်နှာပြန်လှည့်သည်နှင့်

"ဆရာကြီး သမ္မာကြီး မော်တော်ဆိုင်ကယ်စီး၊ မစီးတတ်လို့ချော်လဲ ခြောက်နှစ်လုံးကွဲ. . ဟဲ. . ဟဲ. . ဟဲ"

"ဟား. . ဟား. . ဟား. . ဟား"

ဒီတစ်ခါကြားလိုက်ရတဲ့ သီချင်းသံကတော့ ကျောင်းသားကျောင်းသူ

www.burmeseclassic.com

www.burmeseclassic.com



တွေ မရယ်ဘဲ မနေနိုင်တော့။ ဆရာဦးမင်းသူ ဒေါသထွက်ပြီး အသံရှင်ကို စစ်တော့သည်။

"ဟေ့. . . ဒီအတန်းမှာ မိန်းကလေးအားလုံး ရှစ်ယောက် ရှိတယ်။ ဘယ်သူဆိုတာလဲ မှန်မှန် ဖြေနော်၊ ငါ့ကို ပြောင်သလိုနောက်သလို မလုပ်နဲ့။ နင်တို့ရှေ့မှာရပ်နေတာ စာသင်တဲ့ဆရာ၊ ဖါချီပါချက် မဟုတ်ဘူး၊ မလေးမစား မလုပ်နဲ့"

ဆရာကြီး အဲဒီလို ကောနေတဲ့အချိန် ကျောင်းသူတစ်ယောက် ရုတ်တရက် တစ်ကိုယ်လုံးတုန်သွားကာ ဆရာကြီးကို မျက်စောင်းခဲ၍ ကြည့်သည်။ ထို့နောက် အံကိုတင်းတင်းကြိတ်လိုက်ပြီး ခြေထောက်နှစ်ချောင်းကို ချိတ်ထိုင်လိုက်သည်။

ဆရာကြီးက ထိုကျောင်းသူကို စူးစိုက်ကြည့်ကာ

"မေမျိုးသူ၊ နင် စာသင်ခန်းထဲမှာ ဘယ်လိုစတိုင် နေတာလဲ၊ ခုချက်ချင်း ပြန်ပြင်ထိုင်စမ်း"

ဆရာကြီးရဲ့အမိန့်ပေးသံ ကြားသောအခါ မေမျိုးသူဆိုသော ကျောင်းသူက ပြန်ပြင်ထိုင်လိုက်သည်။

ဆရာကြီးကို ကျောပေးလျက်၊ အနောက်ဘက်ကို မျက်နှာမူ၍။

"ဟား. . ဟား. . ဟား. . ဟား"

မေမျိုးသူ၏လုပ်ရပ်ကြောင့် ကျောင်းသူကျောင်းသားတွေ တဝါးဝါး ရယ်ကြသောအခါ ဦးမင်းသူ ဒေါသတွေ မထိန်းနိုင်တော့။

"မေ. . . မျိုး. . . သူ"

ဆရာကြီးရဲ့အော်သံအဆုံးမှာ ကျောင်းသူကျောင်းသားတွေမျက်နှာ ရုတ်ခြည်းအရောင်ပြောင်းသွားသည်။





သူတို့နှင့်မျက်နှာချင်းဆိုင်ဖြစ်နေသော မေမျိုးသူ၏မျက်နှာကိုကြည့်၍ တဖြည်းဖြည်း ကြောက်ရွံ့ထိတ်လန့်ဟန်တွေ အထင်းသားပေါ်လွင်လာပြီး အားလုံးလိုလို သံပြိုင်အော်လိုက်ကြ၏။

"အား"

ထို့နောက် ခုံပေါ်မှ ကိုယ့်လွယ်အိတ်တွေတောင် ကိုယ်မဆွဲနိုင်တော့ဘဲ ဝရုန်းသုန်းကားနှင့် စာသင်ခန်းအပြင် အလုအယက်ပြေးထွက်ပါလေတော့သတည်း။

"အီး. . ဟီး. . ဟီး"

စာသင်ခန်းထဲမှာ ဆရာကြီးနှင့်မေမျိုးသူ နှစ်ယောက်တည်း။

မျက်နှာကို တစ်ဖက်လှည့်ပြီး ခေါင်းကြီးငုံ့ထားသော သူ့ကျောင်းသူကို ဆရာကြီး အံ့ဩထိတ်လန့်ခြင်းများစွာနှင့် တစ်လုံးချင်း တိုးလျစွာခေါ်သည်။

"မေ. . မျိုး. . . သူ"

ပြန်ထူးသံ မကြား။ ထိုအချိန် ကျောင်းသားတစ်ယောက်ရဲ့အိတ်ထဲမှ ဖုန်း Ringtone အသံ ညည်လာ၏။

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ဆရာကြီး ဖုန်းသံကို ဂရုမစိုက်နိုင်သေးဘဲ မေမျိုးသူရဲ့ ပခုံးကို အနောက်မှ မရဲတရဲ တွန်းကြည့်လိုက်သည်။

"ဝုန်း"

မေမျိုးသူ ကြမ်းပြင်ပေါ် ခွေခွေကလေး လဲကျသွားတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

(၇)

"ကိုသာဖုံ၊ ဒီနေ့ည ရှင့်သမီး သင်တန်းမသွားဘဲ ဘုရားခန်းထဲမှာ ထူးထူးခြားခြား ပုတီးစိတ်နေပါလား၊ ရှင် ဘယ်လိုတရားချလိုက်တာလဲ"

"ဘာတရားမှ မချပါဘူးကွာ. . ညက ပြန်လာတော့ သူ့တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်တွေ ကျပြီး ကြောက်လန့်နေတဲ့ပုံပေါက်နေတယ်။ အဲဒါနဲ့ ဘာဖြစ်တာလဲ မေးတော့ သင်တန်းသူတစ်ယောက် သူ့ကို မျက်လုံးပြူးပြလိုက်လို့ အိတ်တောင်မယူနိုင်ဘဲ ပြေးလာတယ်ပြောတယ်"

"ပေါက်ပေါက်ရှာရှာတော်. . ကိုယ့်ကို မျက်လုံးပြူးပြတာများ မျက်စိပြန်မှိတ်ပြလိုက်ပေါ့၊ ကျွန်မလည်း အပျိုတုန်းက ရှင်မျက်လုံးပြူးပြတာကို မြန်မြန်မျက်စိမှိတ်ပြလိုက်လို့ အခုလိုညားခဲ့တာပဲ၊ ဒါများ ရေးကြီးခွင်ကျယ်လုပ်လို့"

"မဟုတ်ဘူး. . သူ ပြူးပြတဲ့မျက်လုံးက လိမ္မော်သီးလောက် ရှိတယ်ပြောတယ်၊ မျက်နှာကလည်း မျက်နှာသေကြီးနဲ့တဲ့"

"ပေါက်ပေါက်ရှာရှာတော်. . ရှင့်ကို နောက်နေတာ ဖြစ်မှာပါ. . ဒီကောင်မလေး ရှင့်ကို ဒီလိုပဲ ပျက်တီးပျက်ချော်လုပ်နေကျဆိုတာ သိရဲ့သားနဲ့"

"အဲဒါတော့ မသိဘူး. . . သေချာတာကတော့ အခု ဘုရားခန်းထဲမှာ ပုတီးတုတ်ကြီး၊ သွားမနှောင့်ယှက်နဲ့နော်၊ တော်ကြာ ဒိဋ္ဌိဖြစ်နေဦးမယ်"

* * *





"မေမျိုးသူ ဆိုတဲ့ကျောင်းသူလေး ဆေးရုံမှာ သုံးရက်တိတိ ဆေးကုသမှု ခံယူလိုက်ရ၏။

ဘာဖြစ်တာလဲ မေးကြည့်တော့ သူကိုယ်တိုင်လည်း ဘာမှမသိ။ ရုတ်တရက် ခန္ဓာကိုယ်ထဲကို တစ်ခုခုဝင်ရောက်ပူးကပ်သလို ခံစားလိုက်ရပြီး ခန္ဓာကိုယ်ရှိ သွေးသားများ ဆုတ်ယုတ်သွားသလိုဖြစ်ကာ သတိရတော့ ဆေးရုံပေါ်ရောက်နေတာပဲ သိသည်ဟု ပြောသည်။

ဆရာဝန်တွေကတော့ ဒါဟာ သွေးလေဖောက်ပြန်ပြီး ရှော့(ခ်)ရသွားတာဟု ယာယီကောက်ချက်ချလိုက်ကြ၏။

အဲဒီကစလို့ ညနေ ၅း၃၀မှ ၇း၃၀ အတန်းက ကျောင်းသားကျောင်းသူ ခြောက်ယောက်မှ သင်တန်းကို ပေါ်မလာတော့ပါ။

တစ်ပတ်လောက်ကြာတော့ အတန်းသစ်ထပ်ဖွင့်ဖို့ အစီအစဉ် ဆွဲနေတုန်း ကျောင်းပေါ်ကို အဘိုးကြီးတစ်ယောက် ရောက်ချလာ၏။

သူက သူ့မြေးနှင့်တွေ့ခွင့်တောင်းရာ သူ့မြေး အပြင်ထွက်သွား၍ မှာစရာရှိတာ မှာခဲ့ဖို့ ပြောတော့ ညနေ ၅း၀၀ နာရီ ထိုးတာနဲ့ ရုံးပိတ်ပြီး ပြန်ကြပါ။ သင်တန်း မဖွင့်ပါနဲ့ဟု ထူးဆန်းသောစကားကို ဆိုပြီး ပြန်ဆင်းသွားလေသည်။

Receptionist မလေး ညချမ်းဖြူကတော့ ကြောင်ပြီး ကျန်ရစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူ. . ဘာသဘောနှင့် ဒီလို လာပြောတာပါလဲ၊ သူများစီးပွားရေးကို
တ်နှင့်လာထိုးတာလားပေါ့။

အဲဒီကိစ္စ သူဌေးဦးနေကမ္ဘာကျော်ကို ပြန်ပြောတော့ ရယ်ပြီး ခေါင်း
နေသည်။

သူများ ပြောတိုင်း လုပ်ပေးတတ်ရင် ဒီလို ကိုယ်ပိုင်စီးပွားရေး ဘယ်
ယ်စားပါတော့မလဲ. . . သူများလက်အောက်ခံ ဝန်ထမ်းပဲ ဝင်လုပ်နေမည်
ါ။

ဘယ်ကမှန်း မသိသည့် လူတစ်ယောက်က ဘာအဓိပ္ပာယ်မှမရှိသည့်
ားကို လာပြောတာတော့ ဦးနေကမ္ဘာကျော် အဖက်လုပ်မနေ။

ထို့ကြောင့် Receptionist မလေးကိုသာ ပခုံးနှစ်ချက်ပုတ်ပြီး ကိုယ့်
လုပ် ကိုယ်ဆက်လုပ်ရန် ညွှန်ကြားထားလိုက်တော့၏။

◆ ◆ ◆



(၈)

ည ၉း၀၀ နာရီအချိန်လောက်မှာ စုံတွဲတစ်တွဲ လမ်းသွားရင်း ကျိုင်
ာက်လာသည်။

"ကောင်မ. . ငါ နင့်မိဘတွေရဲ့အခွက်လည်း မမြင်ချင်တော့ဘူး၊ နင့်
အခွက်လည်း မမြင်ချင်တော့ဘူး. . ဝေးဝေးရှောင်နေရင် ကောင်းမယ်"

"အဲလိုမလုပ်ပါနဲ့ ကိုရယ်. . မေမေတို့က ကို့ကို အလုပ်အကိုင်လေး
 မိသားဖသားပီပီ လာတောင်းရမ်းဖို့ပြောချင်တာပါ၊ ကို့ကို ၁၀၉/၁၁၀ဆိုပြီး
တာ မဟုတ်ပါဘူး"

"ဟ. . ဒါပေမယ့် ငါ့သိက္ခာထိခိုက်တယ်ကွ၊ ငါ သူများတွေလို အား
ားယားယား လက်ဖက်ရည်ဆိုင်ထိုင်ပြီး လေရိုက်နေတာမဟုတ်ဘူး၊ မသာ
 ဖဲလည်ရိုက်နေတာ၊ နိုင်တော့လည်း သူ့သမီးစားရမှာပဲ မဟုတ်လား. .
ဒါကို ငါ့ကို အလုပ်မရှိဘူးလေးဘာလေးနဲ့"

"မေမေတို့ ဖေဖေတို့ကို အထင်မလွဲပါနဲ့ ကိုရယ်. . ကို့ကို ကုမ္ပဏီ
စ်ခုမှာ အတည်တကျလေး အလုပ်လုပ်စေချင်တာပါ၊ အလုပ် ဟူသည့်
ရှိစွ ဆိုပြီး သမက်လောင်းလေးအတွက် ဂုဏ်ယူချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟ. . ငါ့ပညာအရည်အချင်းနဲ့ ဝင်လုပ်ရင် အိမ်သာဆေးတဲ့အလုပ်ပဲ ရမှာပေါ့၊ ပိုက်ဆံလေး တစ်ပဲ ခြောက်ပြားနဲ့ အိမ်သာဆေးတဲ့အလုပ် နင့်အမေပဲ လုပ်ခိုင်းလိုက်၊ ငါက သူများကျွန် မခံနိုင်လို့ ဖဲဝိုင်းမှာ ဗိုလ်လုပ်နေတာ. . ဘယ်သူမှ အမိန့်ပေးမယ့်သူ မရှိဘူး"

"ကို့ဗိုလ်က ရပ်ကွက်ထဲမှာ လူဆိုးဗိုလ်ကြီးဖြစ်နေတာ မဟုတ်လား၊ အမြင်မှန်ရပါတော့ ကိုရယ်. . မူမူ့ကိုလည်း လူတွေက မေးငေါ့ကုန်ကြပြီ"

"အေး. . မေးငေါ့ရင် အဲဒီငေါ့တဲ့ မေးတွေကို ဖြတ်ရိုက်လိုက်. . ငါ ဘယ်ကောင်မှ ဂရုမစိုက်ဘူး၊ နင်လည်း မကျေနပ်ရင် ငါနဲ့လမ်းခွဲလို့ရတယ်"

မူမူဆိုသော မိန်းကလေးက အံကြိတ်လိုက်ပြီး

"ခုတော့ ဒီလိုစကားပြောပြီပေါ့. . . အစကတော့ ဒီက ပြန်မချစ်ရင် သူပဲ ကိုယ့်ကိုယ်ကို သတ်သေတော့မလို၊ ကတုံးတုံးပြီး ဘုန်းကြီးပဲ ဝတ်တော့မလို၊ မျက်ရည်လေး စမ်းစမ်း စမ်းစမ်းနဲ့ ရှောက်သီးဆေးပြားပဲ ရောင်းတော့မလို၊ ရသမျှအခွင့်အရေး အကုန်လည်း ယူပြီးရော မျက်နှာက ဒေဝယက္ခမန်းဆေးကြော်ငြာထဲက ရုပ်နဲ့"

"အောင်မာ. . ကောင်မက ခုမှ စကားတွေ တတ်နေလိုက်တာ၊ နင်တို့ မိန်းမတွေအကြောင်း မသိရင် ခက်မယ်. . သားအမိ နှစ်ယောက်ပေါင်းပြီး စပွန်ဆာရှာနေတယ် မဟုတ်လား"

"ရှင် ဘာစကားမှ ဆက်မပြောနဲ့တော့နော်၊ စပွန်ဆာရှာရအောင် ကျွန်မတို့သားအမိက ဒုက္ခသည်တွေမဟုတ်ဘူး. . ရှင့်လိုလူမျိုး စပွန်ဆာထားလို့လည်း တစ်နေ့တစ်နေ့ စမူဆာတောင် နပ်မှန်ရင် ကံကောင်း"

"အောင်မာ. . သေချင်လို့ ငါ့မျှား ခံပက်နေတယ်၊ နောက်နေ့ကစပြီး နင်လည်း နင့်လမ်းနင်လျှောက်၊ ငါလည်း ငါ့လမ်း ငါလျှောက်မယ်"





ကောင်လေးက ပြောပြီး ရှေ့က ဦးဆောင်ထွက်သွားရာ ကောင်မလေးက နောက်က ငိုယိုပြီး လိုက်သည်။

ဖြစ်ချင်တော့. . သူတို့လျှောက်လာတဲ့နေရာက တဖြည်းဖြည်း မြေလွှာပေါ်က အမျိုးသမီး ခုန်ချ သေထားတဲ့ ကွန်ကရစ်လမ်းပေါ် ရောက်လာလေသည်။

"ကောင်မ နင်လိုက်မလာနဲ့၊ စိတ်ကုန်တယ် ဒိုးတော့"

"အဟင့်. . ဟင့်. . အဲလိုမလုပ်ပါနဲ့ ကိုရယ်၊ ကိုနဲ့ကျွန်မအကြောင်းကို အားလုံးက သိနေကြပြီ. . ဒီအချိန်မှ ကိုက ထားခဲ့ရင် ကျွန်မ လူတွေရှေ့မှာ ဘယ်လိုမျက်နှာထားရမှာလဲ၊ နှမချင်း ကိုယ်ချင်းစာပါ"

"ခုမှ မျက်နှာငယ်လေးနဲ့ အသနားခံမနေနဲ့. . နင့်အမေအဖေတွေငါ့ကို အရင်က ဘာပြောခဲ့လဲ၊ အလုပ်မရှိ အကိုင်မရှိ ကလေကချေ ဖဲသမားနဲ့ ငါ့သမီးကို သဘောမတူနိုင်ဘူးတဲ့လေ၊ အခု အဲဒီ သူတို့အထင်သေးတဲ့ ဖဲသမားက သူ့သမီးကို အပျော်ကြံသွားပြီ. . ဘာတတ်နိုင်လဲ၊ သူတို့ဖြစ်စေချင်တဲ့အတိုင်း သူတို့သမီးကို မယူပါဘူး၊ နင်လည်း သူတို့အလိုကျ ငါနဲ့ဝေးရာမှာနေခဲ့တော့"

"အဟင့်. . ဟင့်. . မိုက်ရိုင်းစုတ်ပဲ့လိုက်တာ ကိုရယ်"

ကောင်မလေးက စိတ်မထိန်းနိုင်တော့ဘဲ. . ကတ္တရာလမ်းမပေါ်မှာ ဆောင့်ကြောင့်ထိုင် ငိုတော့သည်။

ကောင်လေးက တစ်ချက်မှလှည့်မကြည့်ဘဲ ရယ်ပြုံး ရယ်ပြုံးနှင့်ထွက်ခွာသွားသည်။

ခြေလှမ်း ငါးလှမ်းလောက် လှမ်းအပြီးမှာ သူ့ပခုံးပေါ် ကျော်လာခြင်းကို ခံစားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဖယ်စမ်းပါ. . ခုမှ လွှမ်းပြမနေနဲ့"

အဲဒီလက်ကို ပုတ်ပစ်ရန် ကြိုးစားသော်လည်း လက်က မြဲမြဲလှသောကြောင့် လုံးဝမကျွာ။

"ဖယ်ဆို"

ယောကျ်ားအားနှင့် မိန်းမလက်ကို အလွယ်တကူ ဖယ်ချနိုင်ရမည်ဖြစ်သော်လည်း သိမ်ငှက်လက်သည်းတွေလို မြဲမြဲ တင်းကျပ်လှသောကြောင့် ကောင်လေး မယုံနိုင်ဖြစ်ပြီး နောက်လှည့်ကြည့်လိုက်ရာ -

"အား. . ."

သူ့ကောင်မလေးရဲ့နောက်မှ ဆံပင်ဖားလျားနှင့် မိန်းမတစ်ယောက် ရှည်လျားလှသော လက်ကြီးဖြင့် သူ့ပခုံးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလေသည်။

အဲဒီနောက်မှာတော့. . .။

◆ ◆ ◆



(၉)

"ဆရာမိုးဆွေ. . ပြတင်းပေါက်ကနေ ဘာတွေငုံ့ကြည့်နေတာလဲဗျ"

"ဩော်. . ညက ဒီလမ်းပေါ်မှာ သရဲခြောက်တယ်လို့သတင်းထွက်နေလို့ ဘာရယ်မဟုတ်ဘူး. . ငုံ့ကြည့်နေမိတာပါ"

"ဟုတ်ချင်မှလည်း ဟုတ်မှာပါ ဆရာရယ်. . တစ်ယောက်ယောက်က လုပ်ကြံဖန်တီးပြီး စလိုက်တာဖြစ်မှာပါ၊ ဆရာ ဘယ်က ကြားလာတာလဲ"

"အောက်ထပ်က ထမင်းဆိုင်မှာ ပြောနေကြတာ၊ အခြောက်ခံရတဲ့ ကောင်လေးက အရင်က ယောကျ်ား၊ အခြောက်ခံရပြီးမှ သွေးလေချောက်ချားပြီး အခြောက်စိတ်ပေါက်သွားလို့တဲ့"

"ဆရာ့ဟာ ခြောက်တောထဲကကို မထွက်ပါလား. . . သူ့ဘာသာ ခြောက်ချင်တာနဲ့ သရဲခြောက်တယ်လို့ ဇန်းပြပြီး အခြောက်မာယာ သုံးတာ ဟာ မဖြစ်နိုင်ဘူးလား"

"သူတို့ပြောတာကတော့ ကောင်လေးက အခြောက်တွေကို မုန်းလို့. . အခြောက်ကားတောင် မကြည့်တဲ့ ဗလမ်းက လူမိုက်တဲ့။ အခု ခြောက်သွားဘဲ


www.burmeseclassic.com

www.burmeseclassic.com



ုက တခြားအခြောက်တွေလို ပုန်းရာက ပွင့်သွားတာ မဟုတ်ဘဲ စိတ်ချောက်ချားပြီး ရှူးကြောင်ကြောင်ခြောက်နေတာတဲ့"

"ဟင်. . ဘယ်လိုခြောက်တာလဲ"

"တစ်ခုခုကို စိတ်ချောက်ချားပြီး ဂယောင်ချောက်ချားနဲ့ လူတွေ့တိုင်းခြောက်. . ခြောက်. . ခြောက်လို့ အော်နေတတ်တယ်ဆိုပဲ"

"ဟင်း. . ကြားရတာ ချောက်ခြားစရာကြီးပါလား ဆရာရယ်၊ အာဆွတောင် ခြောက်လာပြီ၊ ကဲ. . ကဲ. . ခြောက်နာရီတောင် ထိုးတော့မယ်. . ဆုဆင်းကြစို့"

"အဆင်သင့်ပြင်ပြီးပါပြီ ဆရာမ၊ ၂၀၁၆ Happy New Year အတွက် သူဌေးက ဒီရုံးမှာ အခြောက်တွေ ကပြီး တစ်ညလုံးဖျော်ဖြေမယ်တဲ့၊ ဆရာမအဲဒါ ပြင်ဆင်စရာရှိတာ ပြင်ဆင်ဖို့ မနက်ဖြန်မနက် ၆နာရီ အရောက်လာခဲ့ပါနော်"

"ဟုတ်ကဲ့ပါရှင်၊ သူဌေးကလည်း ဆရာတို့အတွက် ဘီယာနဲ့ ဆတ်သားခြောက်တွေလုပ်ထားမယ် ပြောပါတယ်"

"ဒါဆိုရင်တော့ ကျွန်တော်တို့ ဗိုက်ကွေ့မှာ ဖယ်ရီစီးရင်း ပြန်ဆုံကြတာပေါ့၊ ဝှတ်နိုက်"

ချောက်. . ချောက်. . ချောက်. . ချောက်. .

နာရီလက်တံကတော့ ၆နာရီအတိကို ပြနေလေပြီ။

♦ ♦ ♦



(၁၀)

မိန်းကလေးတစ်ယောက် ဖြထပ်တိုက် ဖြလွှာမှ ဝရံတာလေးမှာ စာထိုင်ဖတ်နေသည်။

သူမ ဖတ်နေတဲ့ဝတ္ထုမှာ စာရေးဆရာဟော့လိုင်း၏ ခြောက်ချက်ကနိုင်းလောက်ရှိတယ် ဆိုသော သရဲဝတ္ထုဖြစ်နေသည့်အတွက် သူမကိုယ်တိုင်က သရဲမတစ်ယောက်အနေနဲ့ အထူးနှစ်ခြိုက်လှ၏။

ဝတ္ထုရဲ့အစမှာ သရဲဘဝပြောင်းတော့မယ့် ဒေါ်သိန်းကြည် သေယံအောနဲ့မျောနေပုံက ဖတ်နေရတဲ့ သရဲမကိုယ်တိုင်ပင် ကြက်သီးထမိသည်။

"ဘုရား. . ဘုရား. . စာရေးဆရာဟော့လိုင်းရဲ့ရေးချက်က ကြောက်စရာကြီးပါလား"

* * *



www.burmeseclassic.com

www.burmeseclassic.com



"သားတို့ သမီးတို့ မြေးတို့ မြစ်တို့ ယောက်ျားတို့ သမက်တို့ ချွေး တို့ လာကြပါဦးကွယ်. . အမေ အသက်ငင်နေပြီ၊ သွားရတော့မယ်ထင်တယ် ပစ်မထားကြပါနဲ့"

ဒေါ်သိန်းကြည်ရဲ့ ခုတင်ဘေးမှာ ဆွေတော် ရှစ်သောင်း မျိုးတော် ပေါင်းက ရှိုက်ကြီးတငင် ငိုကြွေးလျက် -

"အဟင့်. . အဟင့်. . အမေ့ဘေးမှာ အားလုံးရှိနေပါတယ် အမေ အမေ စိတ်ဖြောင့်ဖြောင့်နဲ့သာ သွားပါ. . အဲလေ. . စိတ်ချလက်ချနေပါ

ဤကဲ့သို့ပြောလိုက်သူမှာ သမီးလုပ်သူဖြစ်သည်။

"အမေ စိတ်မချနိုင်ဘူးကွယ်. . ဟောဟဲ. . ဟောဟဲ. . သမီးက အသက်လေး ဆယ့်ရှစ်နှစ်ရှိသေးတာ၊ ရည်းစားက လာ. . လာချောင်းနေပြီ အမေရှိနေတဲ့အချိန်မှာတောင် အိမ်ရှေ့က တပွတ်ပွတ်နဲ့ ဖိုသံပေးနေတာ. . အမေများ သေရင်. . ငါ့သမီးလေး. . မနှုးမနပ်နဲ့ ဗိုက်ကြီးသွားမှာ စိုးတယ် ကွယ်"

"အမေရယ်. . သမီးအတွက် ဘာမှမစိုးရိမ်ပါနဲ့၊ မသကာ ဗိုက်ကြီး တယ်ထားဦး. . ကိုးလ ဆယ်လလောက်နေလို့ ကလေးမွေးပြီးသွားရင် ပြန်ချ သွားမှာပဲကို. . အမြဲတမ်း ပူနေမှာမှ မဟုတ်တာ၊ ဒီခေတ်ကြီးမှာ ဗိုက်ချော အောင်လုပ်တဲ့နည်းတွေ အများကြီးရှိပါတယ် အမေရယ်"





"ဟဲ့. . မသာမ၊ ငါ့ကို အသေမဖြောင့်အောင် လုပ်နေပြန်ပြီ၊ နင့်ကို ပေါက်လွှတ်ပဲစားတွေ လက်တည့်စမ်းသွားမှာစိုးလို့ပြောနေတာ၊ ဟောဟဲ. . ဟောဟဲ. . မိန်းကလေးဆိုတာ ကိုယ့်ကိုယ်ကို ထိန်းမှ၊ ကိုယ့်ကိုယ်ကို မထိန်း ရင် ဘယ်လင်က လာထိန်းပေးမှာလဲ၊ ငါသေရင် နင်တော့ ဒုက္ခရောက်တော့ မှာပဲ"

"နင်ကလည်းလေ အမေ အမောဆို့အောင် လုပ်နေပြန်ပြီ၊ မပြော ဘတ်ရင် ပါးစပ်ပိတ်နေ၊ ငါပြောမယ်"

ဤကဲ့သို့ ပြောလိုက်သူမှာ သားကြီးလုပ်သူဖြစ်သည်။

"အင်း. . ငါ့သားကြီးက အသက် ၄၀နားကပ်နေပြီ၊ မိန်းမ မရသေး ဘူး အမေ မရှိရင် သားကို ဘယ်သူက ပြုစုမှာလဲ၊ သားကြီးက ထမင်းချိန်ဆို လည်း အချိန်မမှန်၊ အိပ်ချိန်ဆိုလည်း အင်တာနက်သုံးနေလို့ အမြဲတမ်းနောက် ကျ၊ အဲဒါတွေကို အမြဲတမ်းသတိပေးနေဖို့ မိန်းမတစ်ယောက်တော့ မဖြစ်မနေ ယူသင့်ပြီကွယ်"

"ဟုတ်ကဲ့ပါ အမေ၊ ကျွန်တော် အမေ့ဆန္ဒအတိုင်း မိန်းမတစ်ယောက် အမြန်ဆုံးရှာလိုက်ပါ့မယ်. . အဲဒီတော့ ကိုယ်လိုချင်တဲ့မိန်းမ ခေါင်းခေါက်ယူ နိုင်အောင် အမေ သားကို အမွေများများပေးခဲ့ပါနော်"

"မသာ. . ငါကတော့ ငါ့သားကြီးက အမေ ဘာတွေလျှောက်ပြော နေတာလဲ၊ သား မိန်းမမယူချင်ဘူး၊ အမေ သားကို အရင်လိုပြုစုစောင့်ရှောက် ပေးနို့ အမေရှိမှ ဖြစ်မှာ၊ အားတင်းထားပါလို့ ပြောမယ်မှတ်ပြီး စကားစကြည့် တာ ခုတော့ ချက်ချင်းသေချင်စိတ်ပေါက်သွားတယ်"

မိခင်၏အထင်လွဲမှုကြောင့် သားကြီးသြရသက ပျာပျာသလဲရှင်းပြ သည်၊



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး အမေ၊ ကျွန်တော်က အမေ ပျော်အောင် စ,တာပါ။ အစ်မျိုးထောင်ပါနဲ့"

"ကိုကြီးကလဲ၊ အမေက အသက်ငင်နေပါတယ်ဆိုမှ ပျော်နိုင်မလား"

ညီမဖြစ်သူက နားနားကပ်ပြီး ပြောလိုက်သောကြောင့် အစ်ကိုဖြစ်သူက တိုးတိုးလေး ပြန်ရှင်းပြသည်။

"နင် ဘာသိလို့လဲ၊ အသာနေ။ အမေက ပျော်ရင် ငါတို့ကို မုန့်ဖိုးပေးမှာတဲ့တယ်ဆိုတာ သိရဲ့သားနဲ့၊ ခုက အမွေပေးမှာ၊ အမေ အရမ်းပျော်နေဖို့ လိုတယ်"

ထိုအခါမှ သဘောပေါက်ပြီး အသာငြိမ်နေလိုက်ကြ၏။

"ဟောဟဲ. . ဟောဟဲ. . သားလတ် ကိုငယ်၊ မင်းက ဆယ်တန်းကို အောင်လန်မထူနိုင်အောင် ကျနေလို့ အမေက ဂိုက်ဆရာမ ငှားပေးတာကို မင်းက အဲဒီဂိုက်ဆရာမကို ခိုးပြေးပြီး ကိုယ့်ဘဝ ကိုယ်ထူထောင်တယ်၊ အလုပ်မရှိလို့ အနေပြစ်နေတဲ့ မင်းဘဝ အမဲရိုးလောက်တော့ ကိုက်နိုင်အောင် အမေက အိမ်ခွဲပေးခဲ့ထားခဲ့တယ်၊ ခု ဆိုက်ကားနင်းတဲ့ဘဝလောက်နဲ့တော့ မင်းမိန်းမကို ပြန်ပေါင်းနိုင်ဦးမှာ မဟုတ်သေးဘူး၊ အဲဒီတော့ ယောက္ခမဘက်က ကြည်ဖြူလာအောင် နိုင်ငံခြားထွက် အလုပ်လုပ်ပါ။ အမေ မရှိရင် မင်းကို ညီအစ်ကိုမောင်နှမတွေက စောင့်ရှောက်ဖို့ မလွယ်ဘူး၊ အမေရင်မောတယ် သားရယ်"

"သား ရေခပ်ပေးပါ့မယ် အမေ၊ စိတ်မပူပါနဲ့ အမေသာ သားနိုင်ငံခြားထွက်ဖို့ လုံလောက်တဲ့အရင်းအနှီးထုတ်ပေးပါ"

"အမေ့ခေါင်းအုံးအောက်မှာ ရွှေဘီးလေးတစ်ချောင်း ရှိတယ်၊ ကာလပေါက်ဈေးနဲ့ဆို ၁၀သိန်းလောက်တန်တယ်. . အဲဒါကို ထုခွဲရောင်းချပြီး အရင်းအနှီးလုပ်ပါ သားငယ်"





"ဟုတ်ကဲ့ အမေ"

"မြေးလေးတို့ လာကြပါဦးကွယ်"

ဆယ်ကျော်သက်အရွယ် ကလေးမလေးနှစ်ယောက် ခုတင်ပေါ်မှာ ဆန့်ငင်ဆန့်ငင်ဖြစ်နေသည့် အဘွားဖြစ်သူနားကို ကပ်လာသည်။ အငယ်မလေးက မျက်ရည်ဝဲလျက်။

"ကြည့်စမ်း. . ငါ့မြေးအငယ်ဆုံးလေးက ဘွားဘွားကြီးအတွက် မျက်ရည်ကျနေတယ်. . သိတတ်လိုက်တာ ကြည့်စမ်း. . ကျန်တဲ့သူတွေနဲ့ တခြားစီပဲ ဘွားဘွားကြီး အခုနေ သေမယ်ဆိုရင်တောင် သေပျော်ပါပြီကွယ်"

ကလေးမလေးက သူ့အဘွားပြောမှ ပိုပြီး ရှိုက်ကြီးတငင်ဖြစ်လျက်-

"ဟင့်. . ဟင့်. . ဘွားဘွားကြီး. . သမီးအိုးပုတ်ကို သီတာမ ယူသွားတယ်၊ ပြန်တောင်းပေး"

"ဟမ်"

အကြီးမက မျက်စချီလျက် -

"ဟဲ့. . နင် ဘွားဘွားကြီး သေခါနီးပြီဆိုပြီး အခွင့်အရေးမယူနဲ့၊ ငါက အိုးပုတ်ပဲ ယူတာ၊ နင်တို့မိသားစုကမှ အမွေတွေ အကုန်ယူမှာလို့ ငါ့အဖေက ပြောတယ်"

မြေးနှစ်ယောက်ရဲ့ တီတီတာတာစကားကြောင့် အဘွား အမောဆို့နေပြီ။

"ဟောဟဲ. . ဟောဟဲ. . ချစ်ဖို့ကောင်းလိုက်တဲ့ ကလေးတွေ၊ ရှေ့နေခေါ်ပြီး သူတို့ကို အမွေခွဲပေးလိုက်ကြစမ်း"

ဒေါ်သိန်းကြည်ရဲ့ ခပ်ရွဲ့ရွဲ့အပြောကို ချွေးမ လုပ်သူ ခင်ခင်တင့်က အဘတ်မှတ်ပြီး ဖုန်းထုတ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ရွှေနေဦးထင်အောင်လားရှင့်၊ ဒီမှာ အမေက အမွေခွဲပေးနေတာမို့ အမြန်ဆုံးလာခဲ့ပါ၊ ဒီမှာ အမေ အသက်မပါခင်လေး"

ဤသို့ဤနှယ် အားရှိစရာအားပေးစကားများကြောင့် ဒေါ်သိန်းကြည် မရဏဇောတွေ စောလေပြီ။

"ဟဲ့ . . ဟဲ့ . . လုပ်ကြပါဦး၊ ငါ့ကို ကိုယ်ရောင်ကိုယ်ဝါ တဖျပ်ဖျပ်နဲ့ ဇာတ်အဖွဲ့က လူတွေ လာခေါ်နေကြပြီ . . ဟင့်အင်း . . ကျွန်မ မလိုက်သေးဘူး၊ အကာမတိုက်ရသေးလို့"

"အမေ . . အမေ . . သတိထားပါဦး၊ ရွှေနေ မလာသေးဘူး . . ခဏစောင့်ပါဦး"

"အမေ့အတွက် တရားခွေ ဖွင့်ပေးကြလေ"

"ဟုတ်ကဲ့ . . ဟုတ်ကဲ့"

အငယ်မလေးက အယောင်ယောင် အမှားမှားနှင့် တရားခွေအစား အိုင်ရင်းဇင်မာမြင့်အခွေ မှားထည့်သည်။

♫ ရင်မှာ ခံစားရတဲ့အဖြစ်ကို . . မင်းက နားမလည်ဘူး . . ငါ့ရဲ့ဒဏ်ရာတွေ ရင်ထဲမှာ မကျက်သေးဘူး . . ချိုသာတဲ့စကားလေးများစွာ ပြောသမျှ အဟုတ်ထင်ခဲ့ ♫

"ဟဲ့ . . ဘာတွေလျှောက်ဖွင့်နေတာလဲ၊ အမေက ထကနိုင်တာလည်း မဟုတ်ဘူး . . ပေး . . ပေး . . ငါဖွင့်မယ်"

သားကြီးလုပ်သူက မှားဖွင့်သောသီချင်းခွေ ပြန်ထုတ်ပြီး တရားခွေ ပြန်ထည့်လိုက်တော့ -





"ဟာ . . မီးပျက်သွားပြီ"

"ဒုက္ခပဲ၊ ဒေါက်ရေးထဲ မီးက လာပျက်နေတယ်၊ ကဲ . . ကဲ . . အမေ့ကို ကုသိုလ်နိမိတ်တွေ ထင်လာအောင် . . ငါပဲ ဘေးနားက ထိုင်ပွားပေးတော့မယ်"

သမက်လုပ်သူ မောင်တင့်က ယောက္ခမ၏လက်ကလေးကို ကိုင်ပြီး တရားချသည်။

ဒေါ်သိန်းကြည်ကတော့ မျက်ဖြူဆိုက်လျက် -

"အမေ . . အားတင်းထားပါဦး . . ရွှေနေကြီး လာမှ စီစဉ်စရာရှိတာ စီစဉ်ပြီး သားသမီးတွေ အမွေခွဲပေးပြီးမှ သွားစရာရှိတာသွားပါ"

"ရှင် ဘာတွေ လျှောက်ပြောနေတာလဲ . . အမေ့ကို ဘဝကူးကောင်းအောင် တရားပြမယ်ဆို"

မိန်းမလုပ်သူက လုမ်းဟန့်မှ သတိဝင်ပြီး

"ဩော် . . ဟုတ်သား . . အမေ၊ သတိထားပါဦး . . အမေလုပ်ခဲ့တဲ့ ကုသိုလ်တရားတွေ ပြန်အောက်မေ့ပါဦး"

"ငါ ဘာတွေလုပ်ခဲ့လဲဟင်"

ဒေါ်သိန်းကြည် အသက်ကို မနည်းရှူပြီး သမက်ဖြစ်သူကို မျှော်လင့်တကြီးမေး၏။

"အမေ သားတို့နဲ့အတူတူ ဖဲဝိုင်းမှာ ရှမ်းကစားစဉ်အခါက လက်ကို ညွှန်နေတာတောင် မရိုက်ခဲ့ဘူးလေ၊ အဲဒါ အမေ ပါဏာတိပါတာကံကို ဆောင့်ထိန်းခဲ့တာပေါ့"

"နောက်ကော"

"အမေ့ယောင်းမဒေါ်ဖြူဝင်းက လမ်းထိပ်က အရည်ယောင်ဆောင်း



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ဒေါ်ညိုဘာ တိတ်တိတ်ပုန်း လင်ငယ်နေ့နေပါတယ်၊ ဘယ်သူ့ကိုမှမပြောပါနဲ့လို့ မှာထားတာကို အမေက တစ်လမ်းလုံးသိအောင် လျှောက်ဖွတယ်လေ၊ အဲဒါ မုသာဝါဒကံကို စောင့်ထိန်းခဲ့တာပေါ့"

"ဒါပဲလား"

"ပြီးခဲ့တဲ့နှစ်သင်္ကြန်မှာ. . အမေ့ရဲ့အပေါင်းအဖော်တွေ မူးရူးပျော်ပါးနေပေမယ့်. . . အမေကတော့ ငါ အရည်ဝင်ရင် ထဘီတောင် နိုင်မှာမဟုတ်လို့ ဒီနှစ်တော့ မသောက်ဘူးဆိုပြီး. . ကြိုရထားတဲ့ အရက်တွေ အရက်ဆိုင်မှာ အကုန်ပြန်ရောင်းခဲ့တာလေ၊ အဲဒါ သုရာမေရယကံကို စောင့်ထိန်းတာ မဟုတ်လို့ ဘာလဲ"

"အင်း"

မောင်တင့်က ပြောလည်းပြော၊ ယောက္ခမလက်ကိုလည်း ကိုင်ထားရင်း အားပေးသလိုလိုနှင့် လက်မှလက်စွပ်ကို နှဲ့ချွတ်နေသည်။

"ဒါတင်မကသေးဘူး၊ အမျိုးတွေ အစုလိုက် နယ်ကိုခရီးထွက်တုန်းတအမေ့တူမလုပ်သူရဲ့ရည်းစား အမေ့အခန်းထဲ မှားဝင်တော့ အမေ အမှောင်ထဲမှာ အသာမှိန်းနေရင် ရရဲ့သားနဲ့ တူမအခန်းနဲ့အဒေါ်အခန်းသေချာအောင် လမ်းညွှန်ပေးလိုက်တယ်လေ၊ အဲဒါ ကာမေသုမိစ္ဆာကံကို အမေစောင့်ထိန်းခဲ့တာပဲ မဟုတ်လား"

"ဟင်း. . ဟင်း. . "

ဒေါ်သိန်းကြည် ငြိမ်းနေပြီ။

လက်စွပ်ကလည်း ကျွတ်လုကျွတ်ခင်။

"နောက်တစ်ခုက အမေ သူများပစ္စည်းကို အပ်တိုတစ်ချောင်းတောင် စိတ်က မကြံစည်ခဲ့ဘူး. . ဈေးထဲက ငါးသည်မိတုတ် အလေးခိုးတာ သိတော့





နောက်မခိုးရဲအောင်. . အမေ အလေးနဲ့ထုလိုက်လို့ သူ အမြင်မှန် ရသွားတယ်လေ. . . ဒါဟာလည်း အဒိန္နဒါနာကံကို မိမိကိုယ်တိုင်ရော. . သူတစ်ပါးပါ. . ကျူးလွန်အောင် အမေ တားဆီးလိုက်တာပဲ မဟုတ်လား. . အမေ့ရဲ့ သီလရယ်. . သမာဓိရယ်. . ပညာဂုဏ်ရယ်ကြောင့် ရှေ့နေလာတဲ့အထိ စောင့်ပါဦး အမေ"

လက်စွပ်ကတော့ ကျွတ်သွားလေပြီ။

သမက်လုပ်သူက ကျွတ်သွားတဲ့လက်စွပ်ကို သူ့ဘောင်းဘီအိတ်ထဲသို့မသာကောက်အထည့်၊ ယောက္ခမက အသက်အထွက်။

"ဂစ်"

"အမေ. . . အမေ. . . အမေ. . အမေ"

အဟင့်. . ဟင့်. . ဟင့်. . အီး. . ဟီး. . ဟီး. . အဲ. . ဟဲ. . ဟဲ. . အိုး. . ဟိုး. . ဟိုး. . အား. . ဟား. . ဟား. . အစ်. . ဟစ်. . ဟစ်

"စိတ်မကောင်းပါဘူးကွယ်၊ အန်ကယ်လည်း အရောက် မင်းတို့အမေလည်း အဆုံး၊ ကွက်တိဆိုသလိုပါပဲ"

ရှေ့နေစကားကြောင့် အားလုံး ချုံးပွဲချငိုသည်။

"အမလေး အမေရဲ့၊ အမွေလေးတောင် ခွဲမပေးသွားရှာပါလား"

ဒေါင်. . . ဒေါင်. . . ဒေါင်. . .

ည ၉း၀၀နာရီတိတိ။

* * *

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သိန်းကြည် ခုတင်ပေါ်မှာ အသက်မဲ့နေသော မိမိခန္ဓာကိုယ်ကို ကြည့်၍ တုန်လှုပ်ချောက်ချားနေ၏။

"ဘုရား . . ဘုရား . . ငါ . . ငါ . . သေသွားပါပေါ့လား၊ လက်စသတ်တော့ သေတယ်ဆိုတာ . . ကိုယ့်ရုပ်အလောင်း ကိုယ် ပြန်မြင်နေရတာကိုး . . ကြောက်စရာကောင်းလိုက်တာ"

ဒေါ်သိန်းကြည် ကိုယ့်ရုပ်ကိုယ်ကြည့်ပြီးလန့်နေ၏။ ဘေးနားမှာ ဆွေတော်ရှစ်သောင်းမျိုးတော်ပေါင်းက ဝိုင်းဝိုင်းနေပုံ မှာလည်း စိတ်မချမ်းမြေ့စရာ။

"အဟင့် . . ဟင့် . . ရွှေနေကြီးရယ် လုပ်ပါဦး၊ အမေ . . ခေါ်လို့ မရတော့ဘူး၊ သေသွားပြီလား မသိဘူး"

ရွှေနေကြီးက တရားသဘောနဲ့ဖျောင်းဖျ၏။

"မင်းတို့မိခင်ကြီး ခုတင်ပေါ်မှာ အိပ်ပျော်သွားပြီကွယ်၊ လောကမှာ လူတွေဟာ တစ်နေ့ ခွဲခွာကြရမှာပဲ၊ သိပ်လည်း မခံစားကြပါနဲ့"

"မခံစားလို့ မရဘူးဗျ၊ အဘွားကြီးက သူ့မီးခံသေတ္တာ လျှို့ဝှက်နံပါတ်ကို ပြောပြမသွားခဲ့ဘူး၊ အဲဒီကိစ္စ ဘယ်လိုရှင်းမှာလဲ"

သမက်လုပ်သူ၏စကား၊ သမီးအရင်းမှာ မခံမရပ်နိုင်ဖြစ်ပြီး -

"ဘယ်လိုရှင်းရမှာလဲ . . . မီးခံသေတ္တာကို ဖျက်ဆီးပြီး အချိုးကျ ခွဲယူရမှာပေါ့"

"အို . . အချိုးကျတော့ မရနိုင်ပါဘူး၊ သားသမီးပိုမွေးထားတဲ့သူက ပိုယူရမ[illegible] ဒါမှ လောက်ငှမှာပေါ့"

အဲလိုပြောတော့ လူပျိုအပျိုတွေက မကျေနပ်။

"ကိုယ့်ဘာသာကိုယ် အားတိုင်းယားတိုင်း ရှင်မွေးလွန်းနဲ့ မဟာဒုက္ခ ဖတ်ခင်းနေပြီးတော့မှ . . အမွေပိုပေးရမတဲ့၊ တောမှာသွားပြော"





အငယ်ဆုံးကောင်လေးက ပြန်ပက်တော့ မရီးဖြစ်သူကလည်း ခံသတ်သည်။

"ဟဲ့ . . ဒါလည်း တောပဲလေ၊ အဲဒါကြောင့်ပြောတာပေါ့"

"ကဲ . . ကဲ . . ဘာမှပြောမနေကြနဲ့တော့၊ မီးခံသေတ္တာကို ဘယ်သူစခွဲမှာလဲ၊ စခွဲမယ့်သူ ဝေစုအများဆုံးရမှာနော်"

ရွှေနေကြီးစကားအဆုံးမှာပင် အားလုံးပြိုင်တူ ဝုန်းခနဲဆိုသလို ထလိုက်ကြပြီး နီးရာ ရဲတင်း၊ တူ၊ အုတ်ခဲ၊ သံတူရွင်းများယူ၍မီးခံသေတ္တာဆီသို့

"ကျား"

အားလုံး တစ်နေရာတည်းမှာ စုပြုံပြီး ဝရုန်းသုန်းကား ဖြစ်နေသည့်အချိန် ရွှေနေကြီးကတော့ သက်သောင့်သက်သာ ဒေါ်သိန်းကြည်နားမှ စိန်နားကပ်ကို ပလာယာနှင့်လှည့်ဖြုတ်နေသည်။

အဲဒီအဖြစ်အပျက်တွေကို ကြည့်ပြီး ဒေါ်သိန်းကြည်ရင်ထဲ မချိ။

"ဩော် . . သေနာကျတွေ၊ ငါကတော့ ဒင်းတို့ကို သံယောဇဉ်ရှိလိုက်တာ . . အသေတောင် မဖြောင့်နိုင်ဘဲ သရဲဘဝရောက်သွားတယ်၊ ဒင်းတို့က [illegible]တွေးသမျှ အပင်းဆို့ပြီး ငါ့ရှာသမျှ ဖြုန်းဖို့လုပ်နေတယ်။ တစ်ချက်ကလေး[illegible]တောင် ငါ့အတွက် ဝမ်းမနည်းဘူး၊ ဟိုရွှေနေကလည်းတစ်မျိုး တွေ့ကြပြီပေါ့"

ဒေါ်သိန်းကြည် ကြုံးဝါးပြီး သူ့နားကပ်ကို ပလာယာနှင့် လှည့်ဖြုတ်[illegible]သာရွှေနေကိုယ်ထဲ ခုန်ဝင်လိုက်သည်။

"ကျား"

ထို့နောက် . . .

"မီးခံသေတ္တာ လျှို့ဝှက်နံပါတ်ကို ငါသိတယ်၊ ပြောပြမယ်"

ရွှေနေကြီးစကားကြောင့် အားလုံးပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



"မီးခံသေတ္တာကို အပင်ပန်းခံပြီး ဖျက်ဆီးမနေနဲ့. . အကောင်းစားသံမဏိနဲ့လုပ်ထားတာ၊ နံပါတ်ကို ငါရယ် မင်းတို့အမေရယ်ပဲ သိတယ်"

"ဘယ်လောက်လဲ. . ဘယ်လောက်လဲ"

အားလုံးပြိုင်တူပင် စိတ်လောကြီးစွာ မေးလိုက်ကြ၏။

"ပြောပြမယ်. . ဒါပေမဲ့ ငါ့ကို ပြောပြတဲ့အတွက် တစ်ခုပြန်လုပ်ပေးရမယ်"

"တစ်ခုပဲ လုပ်ပေးရမှာလား"

"ဆန္ဒရှိရင် နှစ်ခုလုပ်၊ အဲ့လေ. . တစ်ခုဆိုရပြီ"

"ဘာလဲပြော"

အားလုံးက ရှေ့နေကြီးကို စိတ်ဝင်တစားဝိုင်းကြည့်လိုက်ကြသည်။ ရှေ့နေကြီးက အသံအက်အက်ကြီးဖြင့် -

"ငါနဲ့ မင်းတို့အမေ အရင်က ငြိစွန်းခဲ့ဖူးတယ်၊ အဲဒါကို ငါ့မိန်းမမသိအောင် ဖုန်းထဲမှာ နှစ်ယောက်အတူရိုက်ထားတဲ့ပုံတွေ အခေါင်းထဲ ထည့်ပေးလိုက်ကြပါ"

အားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ ဒေါ်သိန်းကြည်ယောက်ျားဆို. . အသားတွေ တဆတ်ဆတ်တုန်လျက်. .

"ငါက အလုပ်မရှိလို့ မိန်းမလုပ်စာ ထိုင်စားနေပေမယ့် ချစ်လွန်းလို့သူ့အလုပ်ကို ဝင်မစွက်ဖက်တာကွ၊ ခုတော့. . ခင်းက ငါ့နောက်ကွယ်မှာ ဖြစ်ချင်တိုင်းဖြစ်နေပါလား၊ ပြောစမ်း"

"ဘာပြောရမှာလဲ၊ ဖြစ်ခဲ့တဲ့ကိစ္စ အသေးစိတ်ကိုလား"

"မဟုတ်ဘူး၊ မီးခံသေတ္တာလျှို့ဝှက်နံပါတ်ကို"

ရှေ့နေကြီးပါးစပ်မှ ဂဏန်းငါးလုံး ထွက်ကျပြီးသည်နှင့် ဒေါ်သိန်းကြည်ယောက်ျား ကိုကြည်သိန်းမှာ ဇနီးအတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်ပြုလုပ်ပေးလိုက်၏။

"ရှေ့"

"ခွပ်"

"အ"

ရှေ့နေကြီးကတော့ ဒေါ်သိန်းကြည်ခုတင်ဘေးမှာ လည်မျို လွှစိုက်ပြီး မရဏမင်းနှင့် အကတိုက်နေလေသည်။

အားလုံး ရှေ့နေကြီးပြောတဲ့ မီးခံသေတ္တာလျှို့ဝှက်နံပါတ်ကို သဲကြီးမဲကြီး ဖွဲ့ကြီးစွာ ဖွင့်ပြီးသည့်နောက် -

"ကျွီ"

"အား"

ခုတင်ပေါ်မှဒေါ်သိန်းကြည်အလောင်း မီးခံသေတ္တာထဲမှာ ငုတ်တုတ်ကြီးထိုင်လျက်။

"ဘုရား. . ဘုရား"

ဟော့လိုင်းရဲ့ဝတ္ထု တစ်ခန်းအဆုံးမှာ သရဲမကိုယ်တိုင်ပင် စီးမျောမျှော်ဝင်ပြီး ကြောက်သိန်းတွေ ထသွား၏။

"တော်ပါပြီ. . ဒီညတော့ သူများခြောက်ဖို့နေနေသာသာ ကိုယ့်ဟာကိုယ် ပြန်ကြောက်နေပြီ၊ ဂိုဒေါင်ထဲဝင်ပြီး အိပ်နေတာ ကောင်းတယ်"

♦ ♦ ♦







www.burmeseclassic.com

www.burmeseclassic.com

(၁၁)

♬ အခြောက်ဆိုသည်မှာ အုံ့ဩမှုများနဲ့ ဆန်းကြယ်သောအရာ. . . အခြောက်ဆိုသည်မှာ လူသားတိုင်းရဲ့နှလုံးသားထက်က ရှင်ဘုရင်၊ အခြောက်ဆိုသည်မှာ အိပ်မက်များနဲ့အရုဏ်ဦးအလှတရား. . တကယ်ဆိုရင် အခြောက်ဟာ ဖြေရှင်းမရတဲ့ ပုစ္ဆာ. . တကယ်ဆိုရင်. . အခြောက်ဟာ အဖြေရှာ မရတဲ့ ပြဿနာ. . ငါကိုယ်တိုင် အခြောက်ဟာ ဘာလဲ မသိတော့ပါ. . တစ်ခါတလေ အခြောက်ဆိုတဲ့အရာနဲ့ဆုံစည်းလိုက်ချင်လည်း တစ်ခါတလေတော့ အခြောက်နဲ့ဝေးချင်တယ်. . ♬

အခြောက်တွေရဲ့ ကပြဖျော်ဖြေမှုမှာ ကုမ္ပဏီဝန်ထမ်းတွေ အားလုံး ကြည်နူးမဆုံး တပြုံးပြုံး။ အားလုံးထဲမှာ အပြုံးဆုံးကတော့ သူဌေး ဦးနေကမ္ဘာကျော်။

အခြောက်တွေကို ကြည့်ပြီး အကြံတစ်ခုရကာ ဂန္ဒူးမကုမ္ပဏီအဖြစ် အသက်သွင်းဖို့ ချက်ချင်း ဆုံးဖြတ်ချက်ချလိုက်သည်။ မျက်လုံးကြီးတွေတောင် အရည်လဲ့လာပြီး. . .

* * *





"ဗျာ"

ဝန်ထမ်းတွေအားလုံး ပါးစပ်အဟောင်းသားဖြင့် ဦးနေကမ္ဘာကျော်ကို ငေးကြည့်နေကြသည်။

"ဟုတ်တယ်. . ဒီနေ့ကစပြီး ကျုပ် ခင်ဗျားတို့အားလုံးကို အလုပ်ဖြုတ်လိုက်ပြီ. . ဘာဖြစ်လို့လဲဆိုတော့. . ကျုပ်ကုမ္ပဏီမှာ အားလုံးကို အခြောက်ဝန်ထမ်းတွေ ခန့်မှာမို့လို့ပဲ"

"အကြောင်းပြချက်ကို သိပါရစေ သူဌေး"

"အကြောင်းပြချက်ကတော့ ဒီအိုဆူမို ဆိုတဲ့ နာမည်နဲ့ သင်တန်းစ. ထောင်ကတည်းက လွဲလိုက်တဲ့ အလွဲ. . စီးပွား မဖြစ်၊ အကျိုးကို မပေးဘူး. . အဲဒီတော့ ဒီHappy New Yearကစပြီး အားလုံးကိုပြောင်းလဲပစ်မယ်. . အရင်က လူသိပ်စိတ်မဝင်စားတဲ့ ဒီသင်တန်းကို သင်မယ့်ဆရာတွေက အခြောက်တွေ. . ဝန်ထမ်းတွေကလည်း အခြောက်တွေ. . ဆိုတာသာ သိရင်. . စိတ်ဝင်စားပြီး လာတက်ကြလိမ့်မယ်. . အိုဆူမိုစံ ဆိုတဲ့. . . နာမည်ကိုလည်း ဂန္ဒူးမ ချယ်နံစာသင်တန်းကျောင်း. . ဆိုပြီး ပြောင်းပစ်မယ်၊ အဲဒီတော့. . ယောက်ျားစစ်စစ်၊ မိန်းမစစ်စစ် ဝန်ထမ်းတွေ မလိုတော့တာမို့လို့ ၃လစာ ပေးပြီး ထုတ်ရတာပါ"

ရွှေဉာဏ်တော် စူးရောက်လွန်းသောသူဌေးကို ဝန်ထမ်းတွေ မဲ့ရွဲ့ပြီး ခေါင်းညိတ်လိုက်ကြသည်။

"ဒါဆိုလည်း သူဌေးပါ အခြောက်ဘဝ ပြောင်းလိုက်ရင် ပိုသဘာဝကျမယ်"

"အဲဒီစကားကို ဘယ်အပေါက်က ပြောတာလဲ"

ဆရာမိုးဆွေ ပါးစပ်ပိတ်၍ မသိချင်ယောင်ဆောင်နေသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ပြောချင်ရင် ဒဲ့ပြောနော်. . ဟိုလူ့စောင်းသလို. . ဒီလူ့ချိတ်သလိုနဲ့ မိန်းမလို မိန်းမရ မပြောနဲ့. . ပါးပိတ်ရိုက်ပြီး ဖလစာ ပေးလိုက်မှာ"

နှုတ်သီးကောင်း လျှာပါးနှင့် မိန်းမကြီးတစ်ယောက်လို. . ရန်တွေ့နေသော ဦးနေကမ္ဘာကျော်ကို အားလုံး အံ့အားသင့်လျက်

"ကဲ. . အဲဒီတော့ ဒီနေ့ကစပြီး. . ဂန်ဒူးမကုမ္ပဏီကို စတင် အသက်သွင်းဖို့အတွက် ယောကျ်ားစစ်စစ် မိန်းမစစ်စစ်ဝန်ထမ်းတွေ ပြန်နိုင်ပါပြီ"

အားလုံး မကျေမချမ်းနှင့် ပြန်ထွက်သွားသောအခါ ဦးနေကမ္ဘာကျော် ရုံးခန်းထဲမှာ တစ်ယောက်တည်း မိန့်မိန့်ကြီးပြုံးလိုက်၏။

"ဟင့်"

သူ့ရဲ့အပြုံးဟာ အပုန်းတစ်ယောက်လို နွဲ့နေမှန်း သူကိုယ်တိုင်ပင် မသိခဲ့ပါချေ။

* * *





ဂန်ဒူးမဂျပန်စာသင်ကျောင်းတွင် တာဝန်ထမ်းဆောင်ရန် အခြောက်ဝန်ထမ်းများ အလိုရှိသည်။

| | | |
|---|---|---|
| Receptionist | (၂) | လစာ (၂)သိန်း |
| ဆရာ | (၃) | လစာ (၃)သိန်း |
| office staff | (၄) | လစာ (၄)သိန်း |

ကြော်ငြာပါသည့်နေ့မှစ၍ ၂၄နာရီအတွင်း အခြောက်ကိုယ်တိုင် အခြောက်ရေးရာဇဝင်နှင့်အတူလာရောက်အင်တာဗျူးဖြေဆိုနိုင်ပါသည်။

မှတ်ချက် ။ ။ သူငယ်ခေါ် မလာရ။

* * *

လိုင်းကားတစ်စီးပေါ်မှာ အမျိုးသားတစ်ယောက် ကားတွယ်စီးရင်း နောက်နားက ရှစ်ခေါက်ချိုးနေ၏။ အမှန်တကယ်မှာ သူနှင့်ဘဝတူ ကားတွယ်စီးသူတစ်ယောက်က ခြေသန်းကို ပယ်ပယ်နယ်နယ်တက်နင်းထား၍ ဖြစ်သည်။

ကြာလာတော့ သည်းမခံနိုင်တော့ဘဲ ပြောင်ဖွင့်ဟောတော့၏။

"ဟေ့လူ. . ခင်ဗျား. . ခြေထောက်ကိုနင်းထားတယ်"

ထိုအခါ နင်းထားသောပုဂ္ဂိုလ်က သူ့ကိုလှည့်ကြည့်ပြီး

"ဟုတ်လား. . ကျုပ်ခြေထောက်ကို ဘယ်သူနင်းထားတာလဲ"

"ဘာတွေ ပြောနေတာလဲ. . . ကျုပ်ခြေထောက်ကို နင်းထားတယ် ပြောတာ"

"ဘယ်သူနင်းထားတာလဲ"

"ဟာ. . ခင်ဗျားနင်းထားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့. . ."

စကားပြောရဆိုရ လက်ပေါက်ကပ်သော ထိုလူကို သူရဇလ မကြည့်ကြည့် ကြည့်ပြီး -

"ဖယ်ပေး"

"ဖယ်ပေးလိုက်ရင် ကျုပ်ခြေထောက် ဘယ်နေရာသွားချရမလဲ"

သူပြောမှ အောက်ကိုပြန်ငုံ့ကြည့်တော့လည်း ဟုတ်သား. . ကားခြေနင်းခုံမှာ ခြေထောက်တွေ ပြွတ်သိပ်နေ၍ ရွှေ့စရာနေရာမရှိတော့။

ထို့ကြောင့် ဘာမှမပြောတော့ဘဲ အောင့်သက်သက်နှင့်ဆက်အနင်းခံနေလိုက်ရသည်။

စိတ်ထဲမှာ သိပ်တော့မကျေနပ်။

သူများခြေထောက် နင်းထားပြီး ဘုဂလန့်ပြောသော ထိုလူကို ကိုယ့်ရယ်ကွက်ထဲမှာသာဆိုလျှင် ဆွဲထိုး၏။ ခုတော့. . အများစီးသော ကားပေါ်မှာမို့ ကြိတ်မှိတ်နေလိုက်သည်။

"ဖြေကွေ့မှတ်တိုင်ပါတယ်ဟေ့"

မှတ်တိုင်ရောက်လို့ ဆင်းတော့ သူများခြေထောက် နင်းထားသောလူငယ်က အရင်ဆင်းလိုက်၏။

ဖြစ်ချင်တော့ ခြေသန်းအနင်းခံထားရသော ပုဂ္ဂိုလ်က ခြေထောက်တစ်ချက်ကြွပြီး သူ့ခြေထောက်နင်းထားသူ၏ပုဆိုးကို ပြန်နင်းမိလိုက်သည်။

အဲဒီတော့. . .

"ဟာ"

ကားမှတ်တိုင်မှာ ကားပေါ်ကအဆင်း အကျွတ်တရားရသွားသော ပုဂ္ဂိုလ်နှင့် ချွတ်လိုက်သောဆရာတို့ နောင်ကျိန်ပလေးကြတော့သည်။





"ဟေ့ကောင်. . မင်း ဘာဲဖြစ်ချင်လဲ"

"မင်းကော. . ဘာဖြစ်ချင်လဲ"

"ငါကတော့ ဆရာဝန်ကြီးဖြစ်ချင်တယ်. . မင်းကော"

"ငါကတော့ စစ်ဗိုလ်ကြီးဖြစ်ချင်တယ်"

အားလုံးဝိုင်းဆွဲမှ သူတို့နှစ်ယောက်ရန်ပွဲ တစ်ချီမပြည့်ခင် ကွဲတော့သည်။

"ရော့. . ဆရာဝန်လက်သီး"

"အီး"

"ရော့. . စစ်ဗိုလ်ခြေထောက်"

အားလုံးလည်း ဆွဲမနိုင်တော့။

"တော်ပြီကွာ. . သတ်သတ် သေသေ မင်းတို့ကိစ္စပဲ"

အဲဒီလို မဆွဲတော့မှ -

"ဟေ့ကောင်. . မင်း ဘာဖြစ်ချင်လဲ"

"မင်းကော ဘာဖြစ်ချင်လဲ"

"ငါ ဘာမှမဖြစ်ချင်ဘူး"

"ငါလည်း ဘာမှမဖြစ်ချင်တော့ဘူး"

ဆွဲမယ့်သူ မရှိတော့မှ ရန်ပွဲရပ်ပြီး ကိုယ့်လမ်း ကိုယ် ဆက်သွားကြတော့သည်။

လမ်းပေါ်က လူတွေကတော့ ပွစိပွစိနှင့်။

"အဲဒီလိုမှန်းသိ အစောကြီးကတည်းက မဆွဲပါဘူး"

နှစ်ယောက်မှာ မျက်နှာကိုကြပ်ထုပ်လေးတွေထိုးပြီး ကိုယ့်လမ်းကိုယ်သွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် တိုက်ဆိုင်ချင်တော့. . . သူ့လမ်းကြောင်းနှင့် ကိုယ့်လမ်းကြောင်း တူနေပြီး တောက်လျှောက် မကြည့်ချင်သောမျက်နှာကို ကိုယ်စီဘေးတိုက်အနေအထားကြည့်၍ ဆက်လျှောက်လာခဲ့ရ၏။

သူတို့နှစ်ယောက်ရဲ့နာမည်က သူရဇလနှင့် နေမျိုးသီဟ တဲ့။

အဲဒီကစလို့ သူရဇလနှင့် နေမျိုးသီဟဟာ အနဂ္ဂနဲ့ဘာဘူ့သီချင်းထဲကလို ပြိုင်ဘက်ဖြစ်လာတော့မယ်မှန်း ထိုစဉ်က မသိနိုင်ခဲ့။

ဘယ်လောက်များတိုက်ဆိုင်လဲဆိုတာ သူတို့သွားမယ့် ခြံအမှတ် ၂၀၈ ရှေ့ရောက်တော့လည်း တစ်ယောက်စာ ဝင်ပေါက်ကို နှစ်ယောက် လုဝင်မိ၍ ပြဿနာတက်ကြသေးသည်။

“ငါအရင်ဝင်မယ်”

“မင်းနောက်မှဝင်”

“နှစ်ယောက်လုံး ပြိုင်တူဝင်မယ်”

“အား. . ”

တံခါးဝမှာ နှစ်ယောက် ညပ်နေ၍ ခြံစောင့်ကုလားက ပြေးလာပြီး သံတံခါးကြီးကို ဆွဲဖွင့်ပေးရသည်။

“ခင်ဗျားတို့က ဘာလာလုပ်တာလဲ”

“အလုပ် လာလျှောက်တာလေ. . ဒါ. . ခြံနံပါတ် (၂၀၈) မဟုတ်ဘူးလား”

“ဟုတ်တယ်. . ဒါပေမယ့်. . တို့သူဌေးက အခြောက်တွေပဲ ရွေးခေါ်တာလေ”

“အမ်”

နှစ်ယောက်သား မျက်လုံးပြူး၍ တစ်ယောက်မျက်နှာ တစ်ယောက်





ကြည့်ကာ ကြောင်နေပြီးမှ လစာ လေးသိန်း ဆိုတာကို မျက်လုံးထဲမြင်ယောင်တာ သူရဇလက စတင်ပြီး

“ဟုတ်ပါတယ်. . တို့လည်း အခြောက်ပါပဲ၊ အပေါ်က ယောကျ်ားလို လုပ်ရှိန်အောင် ဝတ်ထားပေမယ့် အတွင်းစိတ်က မွေးကတည်းက ခြောက်နေတဲ့ အခြောက်မ သူသူပါ. . ဟင့်”

ချက်ချင်းကို ဟန်ဆောင်ပြလိုက်သော သူရဇလ၏အကြံကို ရိပ်မိသော နေမျိုးသီဟကလည်း အားကျမခံ။

“ဟုတ်တယ်. . တို့လည်း အခြောက်ပဲ၊ မယုံရင် နေလှန်းကြည့်”

ကန့်ကလျနှင့် ခြံစောင့်ကုလားကို ပွတ်သီးပွတ်သပ်လုပ်ပြလိုက်သော နေမျိုးသီဟကို သူရဇလက မကြည်ကြည့်ကြည့်ပြီး တစ်ယောက်နဲ့တစ်ယောက် မျက်စောင်းထိုးလိုက်ကြသည်။

“ကဲ. . . ကဲ. . ဟုတ်ပါပြီ. . အခြောက်တွေဆိုရင်လည်း အပေါ်ကိုလာ. . အထဲမှာ အင်တာဗျူးဖြေမယ့် အခြောက်တွေ တန်းစီစောင့်နေတယ်”

“ဟွန်း”

မြွေ မြွေချင်း ခြေမြင်သည်မို့ တစ်ယောက်ကို တစ်ယောက် ဖော်ထောင်မလုပ်ကြဘဲ အခွင့်ရလျှင် ဆော်ရန်သာ ချောင်းနေကြတော့သည်။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

ညည့်ခန်းထဲမှာ အခြောက်တွေ ဆိုဖာအပြည့် ငုတ်တုတ်ကလေးတွေ ထိုင်ရင်း အထဲဝင်လာသော နေမျိုးသီဟနှင့်သူရဇလတို့ကို ဝိုင်းကြည့်နေကြ၏။

ရုတ်တရက် စဉ်းစားချိန်မရသော အခြေအနေမှာ လစာကောင်းကောင်းရဖို့ အခြောက်ဟန်ဆောင်လိုက်ရသော်လည်း တကယ့်တကယ် ဒီလို အခြောက်အစစ်တွေနှင့် လက်တွဲ အလုပ်လုပ်ရမည် ဆိုတော့ ကြောက်တော့ ကြောက်မိသား။

ဒါပေမယ့် စင်ပေါ်ကို အရဲစွန့်တက်လိုက်ပြီဆိုတော့လည်း ကျားဖင်နှိုက်ဆိုလည်း နှိုက်ပြရတော့မည့်အခြေအနေ။

ထိုင်စရာနေရာက အခြောက်မတစ်ယောက်ရဲ့ဘေးမှာ တစ်နေရာစာသာလွတ်သည်ဆိုတော့ နေမျိုးသီဟ အရင်ဦးအောင်ပြေးထိုင်မည်ပြုရာ ထိုင်ခုံနှင့် မထိသေးခင် သူရဇလရဲ့ဆောင့်တွန်းမှုကြောင့် ဘေးနားက အခြောက်မရဲ့ပေါင်ပေါ် ဖင်ထိုင်ရက် ပစ်ကျ၏။

"အောင်မယ်လေး. . သေပါပြီတော့"

အခြောက်မက ငယ်သံပါအောင်အော်ပြီး နေမျိုးသီဟကိုဆောင့်တွန်း





သူရဇလကို ဝင်တိုက်ပြီး သူရဇလက တစ်ဖက်မှာ ထိုင်နေတဲ့ အခြောက်မနှင့်ခွင်ထဲကို ပုံလျက်သား။

"အား"

အခြောက်စစ်နှင့် အခြောက်တုတိုက်ပွဲ ဝရုန်းသုန်းကားနှင့် ပြင်းထန်နေစဉ် အပေါ်ထပ်မှ ချိုလွင်သာယာသောအသံလေးတစ်ခု ခုန်ဆင်းလာ၏၊

"ဒါက ဘယ်လိုဖြစ်နေကြတာလဲ"

အားလုံး အပေါ်ကိုမော့ကြည့်လိုက်ကြတော့ လှပလွန်းသော ပန်းနုရောင်နတ်သမီးလေးတစ်ပါး။

အခြောက် မဟုတ်တဲ့ ယောကျ်ားသား နှစ်ယောက်. . . မြင်မြင်ချင်း အသက်ရှူမှားသွားသည်။

"ဘုရား. . ဘုရား. . လှချက်က စက်စက်ယိုပါပဲလား"

သူတို့နှစ်ယောက်ရဲ့ အတွေးကို နတ်သမီးလေးက ရပ်တန့်ပေးလိုက်၏၊

"အင်တာဗျူးဖြေဖို့ တစ်ယောက်ချင်းဝင်လို့ရပြီဆိုတဲ့အကြောင်း လာပြောတာ. . နပမ်းလုံးချင်ရင် အပြင်ထွက်လုံးကြပါ"

အခြောက်မတွေ စိတ်လျှော့ပြီး ထိုင်ခုံနေရာမှာ ပြန်ထိုင်လိုက်ကြသည်။

သူရဇလနှင့် နေမျိုးသီဟကတော့ အချင်းချင်းကျွေးထားသော ဒဏ်ရာတွေပေါ်မှာ အခြောက်မတွေလက်ချက်ကြောင့် နှုတ်ခမ်းရာတွေ ရဲလို့၊

* * *



www.burmeseclassic.com

www.burmeseclassic.com



"နာမည်က"

"သီသီပါ"

"သူသူပါ"

"အင်း . . ရှေ့က ဗျူးသွားတဲ့ အခြောက်တွေကတော့ office staff က ၄သိန်းပေးမယ်ဆိုတာ လေးယောက်ပေါင်း ၄သိန်း၊ တစ်ယောက်ကို တစ်သိန်းပဲပေးမယ်ဆိုလို့ ပြန်ကုန်ကြပြီ၊ မင်းတို့နှစ်ယောက်ကရော"

တစ်ယောက်ကို တစ်သိန်းပဲ ဆို၍ အထင်နှင့်အမြင် ပါစင်အောင်လွဲပြီး အခြောက်ဖြစ်ရတာပဲ အဖတ်တင်သောကြောင့် ပြန်ရန်စဉ်းစားပြီးမှ . .

"အင်း . . ထောင်မြင်ရင် ရာစွန့်ရတယ်တဲ့၊ တစ်လ တစ်သိန်းနဲ့ ဒီသူဌေးရဲ့သမီးကို ပိုးပန်းပြီး ရအောင်ယူနိုင်ရင် မိန်းမချောချောလေးလည်းရ ဟီဟိ . ."

တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသည့်အတိုင်း ခဲတစ်လုံးနှင့်နှစ်ကောင်ပစ်ရန် သူရဇလ စဉ်းစားလိုက်စဉ်

"လုပ်ပါ့မယ်ရှင့်၊ တစ်သိန်းလည်း မနည်းပါဘူး"

အကြံတူ-ရန်သူ ဆိုသလို သူရဇလနှင့် နေမျိုးသီဟတစ်ဖြစ်လဲ သူသူနှင့် သီသီတို့အချင်းချင်း မျက်စောင်းခဲပြီး လက်မောင်းလှဲရန် မာန်စောင်လိုက်ကြသည်။





"ဂိုး"

ဦးနေကမ္ဘာကျော်ရဲ့ သမီး မေဘယာကျော်လေးကတော့ အခြောက်နှစ်ယောက်ကို ကြည့်ပြီး ပါးချိုင့်လေးပေါ်အောင်ပြုံး၍ သွားတက်လေး ပေါ်အောင် ရယ်သည်။

"လှလိုက်တာ ကလေးရယ်"

သူရဇလရဲ့အသံကို ဦးနေကမ္ဘာကျော် ကြားဖြစ်အောင် ကြားသွားသည်။

"ဟဲ့ ကောင်မ၊ နင် ဘယ်သူ့ကိုပြောတာလဲ"

"ဩော် . . ဦးကိုပြောတာပါ၊ ဝလိုက်တာ ကလေးအဖေရယ်လို့"

"ငါ့ကိုမကြံနဲ့နော် . . အခြောက်မ၊ ငါ့မှာ . . . သားကြီးမယားကြီး ရှိသယ်"

"ဟတ်ကဲ့ပါရှင့် . . တို့ကလည်း သားစိမ်းငါးစိမ်းမစားပါဘူး"

သီသီကတော့ မေဘယာကျော်လေးကို ပြုံတီတီနှင့်ကြည့်ပြီး အိစိအိလီလုပ်လိုက်သည်။

"ဟွန့် . . ချစ်ချာလေး"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

ဂန်ဒူးမဂျပန်စာသင်တန်း ဆို၍ ကျောင်းသားကျောင်းသူတွေ အထူးအဆန်းဖြစ်ကာ လာတက်ကြသည်။

အများစုကတော့ အပုန်းတွေပေါ့. . . သူတို့က အခြောက်ဆရာ သင်တယ်ဆို၍ စိတ်ဝင်စားပြီး facebook ပေါ်တင်ရန် သတင်းနှင့်ဓာတ်ပုံလာယူကြခြင်းဖြစ်သည်။

အများမျှော်လင့်စောင့်စားနေတဲ့ အခြောက်ဆရာ ရောက်လာသောအခါ အားလုံးပြိုင်တူ ပြောင်သလိုချော်သလို ရှတ်နောက်နောက် နှုတ်ဆက်လိုက်ကြ၏။

"မင်္ဂလာပါ ဆရာကြီး. . အဲလေ. . ဆရာမကြီး. . မှားလို့ အခြောက်ကြီး"

အခြောက်ဆရာက ကက်ကက်လန် ရန်တွေ့၏။

"ဟဲ့. . မသာကျောင်းသားတွေ၊ ပြန်ပြင်နှုတ်ဆက်စမ်း. . ဂျပန်လို ကိုယ်ိုတာကိုစားလို့"

ထိုအခါ မသိသောကျောင်းသားတစ်ယောက်က ပြန်မေး၏။





"ကိုယိုတာကိုစားဆိုတာ ဘာလဲ ဆရာမ"

"ကိုယိုတာကိုစားဆိုတာ ကိုယ်ယိုတဲ့ဟာ ကိုယ်ပြန်စားလို့ပြောတာဟဲ့ ရှင်းပြီလား"

"ထွီ"

ဤသို့ဤနှယ် ဆရာနှင့်တပည့်ကြား မိုက်ရိုင်းစုတ်ပဲ့စွာ နှုတ်ခွန်းဆက်ပြီးသကာလ သင်ခန်းစာများကို မကြားဝံ့မနာသာ သင်ကြားရင်း အတန်းချိန်ပြီး၍ ညစ်ညမ်းစွာနှုတ်ဆက်ကြသည်။

"ဆင်းဆေး(ဆရာမ)၊ တုန်းမရှောင်ကွေ့"

"ဟဲ့. . တရုတ်လိုနှုတ်ဆက်တာလား၊ ငါနားမလည်ဘူး"

"မဟုတ်ဘူး. . တုန်းမရှောင်ကွေ့ဆိုတာ တွေ့မရှောင်"

"သေနာ"

ကျောင်းသားရဲ့ စကားမဆုံးခင်မှာ အခြောက်ဆရာက ဘေးနားက ဘာကာပင်နှင့် ကောက်ပစ်၏။

"ဟား. . ဟား. . ဟား. . ဟား"

* * *



www.burmeseclassic.com

www.burmeseclassic.com



"သီသီနဲ့သူသူ ဒီလ ကျောင်းသားအဝင်အထွက်စာရင်းတွေ ပြပါဦး"

"ဒီမှာပါ ဦး"

ဦးနေကမ္ဘာကျော် စာရင်းစာရွက်ကြည့်ပြီး

"ဟား. . ကောင်းတယ်ဟေ့. . ကောင်းတယ်. . အရင်လကထက် အများကြီးတိုးလာတယ်. . ဒါ ငါ့ရဲ့ဗျူဟာအောင်မြင်တာပေါ့. . ခုမှ အဝမှာ ကပ်ထားတဲ့ ခေါင်းစဉ်နဲ့ကိုက်သွားပြီ၊ ဆက်လုပ်. . ဆက်လုပ်"

"ဟုတ်ကဲ့ပါရှင့်"

ဦးနေကမ္ဘာကျော် အားရဝမ်းသာစွာ ကန့်ကလျဖြင့် ရုံးခန်းထဲ ဝင်သွားသည်။

သီသီနှင့်သူသူကတော့ Reception ခုံမှာ လာဘ်ကောင်ရုပ် နှစ်ရုပ် ထောင်ထားသလို ဘယ်ညာထိုင်ပြီး အချင်းချင်းမာန်စောင်လျက်. .

* * *



(၁၄)

"သမီးရေ. . လာပါဦးကွယ်. . အမေ ထုံးစံအတိုင်း အမဲသားနဲ့ ပဲ တုလားဟင်းတွေ ယူလာတယ်. . လာစားပါဦး"

အချိန်အတော်ကြာသည်အထိ ဘာမှထူးခြားမလာသောအခါ အမျိုး သမီးကြီး သံသယဝင်လာ၏။

"သမီး. . အမေ ခရီးထွက်တာနည်းနည်းကြာသွားလို့ လာမပို့နိုင်တာ ကို စိတ်ဆိုးနေတာလား၊ လာပါကွယ်"

အခြေအနေက ငြိမ်သက်နေသောအခါ. . . အမျိုးသမီးကြီး အတွေး တစ်ခုဝင်သွားပြီး. .

"သမီးကြီးရေ. . ဘဝများ ပြောင်းသွားပြီလား၊ မပြောင်းသေးရင်. . အမေ့ကို ရှိနေသေးကြောင်း တစ်ခုလောက်အချက်ပြပါကွယ်"

မည်သို့မျှ ပြောင်းလဲမလာသောအခြေအနေကြောင့် အမျိုးသမီးကြီး မျက်ရည်တွေ ဝဲလာပြီးနောက်

"ငါ့သမီးကြီး ဒီဘဝဆိုးက လွတ်မြောက်သွားပြီထင်တယ်. . အမေနဲ့ တွေ့ရတော့လို့ ဝမ်းနည်းမိပေမယ့် သမီးအတွက် ဝမ်းသာတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မျက်ရည်တွေကို လက်ဖြင့်သုတ်ပြီး သူ ယူလာသော အမဲသားနှင့် ပဲကုလားဟင်းပန်းကန်ကို ပြန်ဖုံးကာ အောက်ထပ်သို့ ပြန်ဆင်းသွားတော့သည်။

ဤအခြေအနေကို. . တစ်နေရာမှ ချောင်းကြည့်နေသော လူတစ်ယောက်ရှိနေမှန်း သိခဲ့ပါမူ. . .

* * *





ဦးနေကမ္ဘာကျော်တစ်ယောက် မူမမှန်။ ညဖက်ကို ခဏခဏ ထပြီး မီးဖိုချောင်ဝင်သွားသဖြင့် သမီးဖြစ်သူ မေဘယာကျော် လိုက်ချောင်းတာ သုံးခေါက် ရှိပြီ။

မီးဖိုချောင်ထဲက ထမင်းပန်းကန် ဟင်းပန်းကန်တွေကိုဖွင့်ပြီး အငမ်းမရစားနေပုံက ပုံမှန်ဆာလောင်နေသောသူနှင့်မတူ။

တစ်ခုခုဝင်ကပ်ပြီး စားနေသလိုလို ကျားစီးဖားစီးနိုင်လှပုံက ကျောချမ်းစရာကောင်းလှ၏။ စားပြီးနောက် ခြေတွေလက်တွေ ဆန့်ပြီး ပြောလိုက်သည့် စကားက -

"မျိုလို့ဆို့လို့တော့ ပြောင်ပြီ. . သေဖို့ပဲ ကျန်တော့တယ်. . ဝါး. ."

မေဘယာကျော် ကြောက်လန့်ပြီး ဖခင်ဖြစ်သူ မမြင်အောင် ပုန်းနေလိုက်သည်။

ဖခင်ကတော့ ကြောက်စရာ မျက်လုံးပြူးကြီးတွေနှင့် သူ့အိပ်ရာဆီ ပြန်သည်လျက်. . .

* * *

www.burmeseclassic.com

www.burmeseclassic.com



ဂန်ဒူးမဂျပန်ဘာသာသင်တန်းကျောင်းမှာ အခြောက်တွေချည်းပဲ ခန့်ထားတယ်ဆိုတဲ့သတင်းဟာ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ပြန့်ကားပြီး မြန်မာနိုင်ငံရှိ အခြောက်အသီးသီးနား ပေါက်ကြားသွားသောအခါ သင်တန်းတစ်ခုလုံး အခြောက်တွေနဲ့ချည်း ပြည့်သွား၏။

ထိုအခါ ယောကျ်ားသားများ မနေနိုင်တော့ဘဲ ပြေးရလေသောအခါ ဂျပန်ဘာသာစကားသင်တန်းကျောင်းမှ ချော်ရကီးLanguage Center အဖြစ်အလုပ်ပါ ပြောင်းရတော့၏။

ဤသည်ကိုလည်း သူဌေးဦးနေကမ္ဘာကျော် ကျေနပ်၍မဆုံး။

အခုမှ ဝင်လာမဆုံး တရုန်းရုန်းဆိုတာ အခြောက်တွေကို ပြောတာပါလားဟု သီသီနဲ့ သူသူ နားလည်သွားကြတော့၏။

ခုဆို သူတို့နှစ်ယောက်ဟာ သူဌေးသမီးနဲ့ ရင်းနှီးပြီး တိုင်ပင်ဖော်တိုင်ပင်ဖက်တောင် ဖြစ်နေလေပြီ။

"သီသီနဲ့သူသူရေ. . ဒယ်ဒီ့ကိုကြည့်ရတာ ပုံမှန်မဟုတ်ဘူး"

"ရေချိန်မကိုက်သေးလို့နေမှာပေါ့"

သူသူ့စကားကြောင့် မေဘယာကျော်က ခေါင်းခါသည်။

"မဟုတ်ဘူး. . ပုံမှန်မဟုတ်ဘူးဆိုတာ မူပျက်နေတယ်ပြောတာ"

"မေကျော်ရေ. . အရက်သမားကတော့ အရက်သမားစကားပဲ ပြောမှာပဲ. . ဇာတိက ပြတာပေါ့"

ဟာကွက်ကို ချောင်းနေသော သီသီ့စကားကြောင့် သူသူက မြန်ပက်၏။

"အရက်သမားက ညည်းလို အိပ်ယာထဲသေးပေါက်မချရင် ပြီးတာပဲ"

"ငါပေါက်တာ ညည်းမြင်လို့လား"





"ဓာတ်တိုင် သေးပန်းနေတုန်းက မြင်လိုက်တာ"

"ဟဲ့. . နင့်မျက်ခွက်ကို မပန်းရင် ပြီးတာပဲ"

"ပန်းရဲပန်းကြည့်ပါလား. . လွှနဲ့တိုက်လိုက်မှာ"

"ကဲ. . ကဲ. . တော်ကြပါတော့၊ ဒီမှာ အကောင်းပြောမလို့ဟာ မာမီတို့က တွေ့တာနဲ့ သတ်တာပဲ"

မေဘယာကျော် လှမ်းဟန့်မှ အသံတိတ်၏။

သူတို့နှစ်ယောက်က အချင်းချင်းသာ မတည့်တာ၊ မေဘယာကျော်ရဲ့စကားကိုတော့ တစ်ခွန်းဆိုတစ်ခွန်း နားထောင်၏။

အဲဒါကြောင့်လည်း ကုမ္ပဏီမှာရှိတဲ့ အခြောက်တွေ အားလုံးထဲမှာမှဒီနှစ်ယောက်ကိုရွေးပေါင်းခြင်း ဖြစ်သည်။

"ဒယ်ဒီ ဒီကုမ္ပဏီနာမည် စပြောင်းပြီး မိန်းမလျှာတွေ ခန့်လိုက်ကတည်းက သက်မကင်းဖြစ်နေတာ. . ဘယ်လိုစိတ်ကူးနဲ့ အဲလိုလုပ်လိုက်တာလဲပေါ့. . နောက်. . လွန်ခဲ့တဲ့ သုံးရက်လောက်ကမှ စပြီး သတိထားမိတာ. . ညဖက်ဆို မီးဖိုချောင်ထဲ ထ,ထသွားပြီး ထမင်းတွေစားတာ အငမ်းမရပဲ၊ ပြီးတော့. . အရင်က ယောကျ်ားဆန်ဆန်နေတဲ့ ဒယ်ဒီဟာ ကုမ္ပဏီမှာ အခြောက်တွေ ခေါ်ကတဲ့ ပျော်ပွဲရွှင်ပွဲ ပြီးကတည်းက မိန်းမဆန်သွားသလိုပဲ. . လမ်းလျှောက်ရင် ဖင်လေး လှုပ်လှုပ် လှုပ်လှုပ်နဲ့"

သီသီက တွေးတွေးဆဆဖြင့်

"မေကျော့်ဖေဖေက ယောကျ်ားတွေမြင်ရင်ကော ဘယ်လိုမူပျက်လဲ"

"အင်း. . အဲဒီလိုတော့ မတွေ့မိဘူး၊ ထူးခြားတာက အခြောက်စိတ်ပေါက်သွားတယ်ဆိုရင်လည်း ယောကျ်ားမြင်ရင် ရှုပိုးထိုးရမယ်. . ခုတော့. . ငုံ့ဝဂရုမစိုက်ဘဲ သူတို့ကို ရှိတယ်လို့တောင် မထင်တဲ့ဟန်နဲ့"



www.burmeseclassic.com

www.burmeseclassic.com

"တော်တော်စဥ်းစားရပဲ . . မီးဖိုချောင်ထဲဝင်တဲ့ကိစ္စက သွေး[illegible] သားရိုး ဆာလို့စားတာကော မဖြစ်နိုင်ဘူးလား"

သူသူ့စကားကို မေဘယာကျော်က ခေါင်းယမ်းရင်း

"အရင်က အမဲသားမစားတဲ့ ဖေဖေက အခုနောက်ပိုင်း ဒေါ်တုတ်[illegible] ကို ဈေးသွားရင် အမဲသားနဲ့သီးစုံပဲကုလားဟင်းပဲ ဒိုင်ခံမှာနေတယ်၊ ပြီးရင် ချက်သမျှအားလုံး သူတစ်ယောက်တည်း ကုန်အောင်စားပစ်တယ်"

"မေကျော်လည်း စားချင်ရင် ပိုမှာလိုက်ပေါ့ . . ဒါမှမဟုတ် ချက်ပြီး တာနဲ့ ဒေါ်တုတ်မကို တစ်ယောက်စာ ဖယ်ထားခိုင်းလိုက်ပေါ့"

"ဩော် . . မစားရလို့ပြောနေတာ မဟုတ်ဘူး၊ ဒယ်ဒီ မူပျက်နေတယ် ပြောတာ"

မေကျော်နှင့်အပြိုင် သူသူကလည်း သီသီ့ကို ခွင်ဝင်တုန်းပြန်မှဲ့သည်။

"အရိပ်ပြလို့ အကောင်မမြင်တဲ့ နလပိန်းတုံးတွေက အဲဒီလိုပဲ . . . မေကျော်ရေ"

"အေးပေါ့ . . . ငါက ညည်းလို ငှေ့ညာဏ်တော် စူးရောက်နေတာမှ မဟုတ်ဘဲ"

"ဘာ . . ညည်းက ကျုပ်ကို စောက်ရူးလို့ပြောတာပေါ့"

"ကိုယ့်ကိုယ်ကို သိရင်ပြီးတာပဲ . . ကျုပ်က မပြောပါဘူး၊ စောက်ရူးနဲ့ နှိုင်းရင် စောက်ရူးသိက္ခာကျလို့"

"ဘာ . . ဒါဆို ကျုပ်က စောက်ရူးလောက်တောင် သိက္ခာမရှိဘူးပေါ့"

"ကဲ . . ကဲ . . တော်ကြပါတော့၊ ရှင်တို့ကိုက်တာ ဝင်ဆွဲရမှာလား . . ကျွန်မကိစ္စပြောရမှာလား"

"ဒီကောင်မကို အရင်ဆွဲ မေကျော်၊ ဒီကောင်မ အမြီးသိပ်နှံ့နေတယ်"





သူသူက ခွေးစကားပြောသောအခါ သီသီကလည်း

"ညည်းလို သွားဖြဲမပြရင် ပြီးတာပဲ"

"အေး . . ကျုပ်က သွားပဲ ဖြဲပြတာ . . ညည်းက . . "

"ဘာဖြဲပြနေလို့လဲ"

"ထထ ဟောင်နေလို့"

"ညည်းရဲ့အမဲရိုးကို မလုရင် ပြီးတာပဲ"

"လုလို့ရမလား . . ညည်းလည်ပင်းကို သံကြိုးနဲ့ခပ်ထားတာကိုး"

မေကျော် စိတ်မရှည်တော့။

"ကဲ . . နှစ်ယောက်လုံး တော်ကြမလား မတော်ကြဘူးလား . . ရေနဲ့ [illegible]တ်မှာနော်"

ထိုအခါမှ ငြိမ်ကျသွား၏။

ရေတော့ ကြောက်သား . . . ။

"အဲဒီတော့ ဖေဖေ့ရဲ့အခြေအနေကို လေ့လာအကဲခတ်ဖို့ ဆရာတစ် [illegible]ယောက်လောက် ခေါ်ရင် မကောင်းဘူးလား"

"ကျောင်းမှာ ဆရာတွေရှိနေတာပဲ"

"ဟာ . . အဲ့ဒီ စာသင်တဲ့အခြောက်ဆရာတွေကို ပြောတာမဟုတ်ဘူး၊ [illegible]ယာဂဆရာကို ပြောတာ"

"မေကျော်က ဦးနေကမ္ဘာကျော်မှာ ပယောဂကပ်နေတယ် ထင်လို့ [illegible]"

မေကျော် ခေါင်းညိတ်လိုက်၏။

သုံးယောက်သား ခေါင်းချင်းဆိုင် တိုင်ပင်ကြလေပြီ။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

သူသူ ဒီနေ့ ရုံးကို အစောကြီးရောက်နေ၏။ ရုံးသော့ကိုင်ထားသည့် သူဌေးသမီးကလေး မေဘာယာကျော် မရောက်သေး၍ အောက်မှာ ခဏထိုင်စောင့်နေစဉ် အဘိုးကြီးတစ်ဦးရောက်လာပြီး ထူးဆန်းသောစကားကိုဆိုသည်။

"ဖြွာက အလုပ်သမားလေးထင်တယ်၊ ယောကျ်ားတန်မဲ့ မိန်းမပုံစံဖြစ်နေတာ ရင်နာလိုက်တာကွယ်. . ပြောစရာရှိတယ်"

ပထမတော့ သူ့ကို ဘလိုင်းကြီးလာဖွဲ့သည့် အဘိုးအိုကို သူသူ တင်းသွားသော်လည်း ပြောစရာရှိတယ်ဆို၍ လေသံမာမာဖြင့် -

"ဘာပြောမလို့လဲ"

"စေတနာရှေ့ထားပြီး သတိပေးမှာပါ. . ဒီအလုပ်မှာ ရေရှည်မလုပ်ပါနဲ့. . တတ်နိုင်သမျှ မြန်မြန်ထွက်ပါ၊ မြန်လေ ကောင်းလေပဲ"

"ဘာဖြစ်လို့လဲ"

အဲဒီအချိန် သီသီပါ ရောက်လာသောအခါ စကားဝိုင်းလေး ပို၍စိုပြေသွားတော့သည်။ အရင် ရန်ဖြစ်နေကျ နှစ်ယောက်မှာ အဘိုးကြီးရဲ့ထူးဆန်းတဲ့စကားတွေအောက်မှာ မှိုင်းမိလျက်. .

* * *





အငုံ ဆိုသော ကောင်မလေးမှာ မိဘစကားကို မြေဝယ်မကျ ဖြစ်ခဲ့ပြောတတ်သောသူလေး ဖြစ်သည်။ အညာကတက်လာပြီး မြို့မှာ တစ်လမ်းခင်တစ်လမ်းထွက် စောင်ရောင်းနေပေမယ့် ကိုယ်ပိုင် facebookအကောင့် ဖွင့်ထားပြီး အားလပ်ချိန်မှာ အင်တာနက်သုံးလေ့ရှိသော ချေးသည်မလေးပင်။

စောင်ရောင်းလို့ရတဲ့ပိုက်ဆံတွေကို အမေကိုမအပ်ဘဲ အသစ်ပေါ်တဲ့ဖုန်းဖုန်းတွေကို ဝယ်လဲကိုင်ခြင်းကလည်း သူ့ရဲ့ဝါသနာပင်။ အဲဒါကို မိခင်က အမြင်မကြည်လင်၍ သမီးအတွက် ကရုဏာသက်စွာ ဆုံးမလေ့ ရှိသည်၊

'သေနာမ၊ စောင်ရောင်းလို့ ရတဲ့ ပိုက်ဆံ ငါ့မအပ်ဘဲ ဖုန်းအသစ်ပဲ ဝယ်ဝယ်စုတယ်၊ ဖုန်းဆိုင်ဖွင့်ထားတဲ့ ကောင်က နင့်တိတ်တိတ်ပုန်းလင်မို့လို့လား"

သမီးဖြစ်သူကလည်း အမေကို နားလည်အောင် ပြန်ရှင်းပြ၏။

"ကိုယ့်ဝါသနာနဲ့ကိုယ် ဖုန်းကိုင်တာ ဘာဖြစ်လဲ၊ မကျေနပ်ရင် ကိုယ်လည်း ဝယ်ကိုင်ပေါ့. . ဒီခေတ်ကြီးမှာ မော်ဒယ်အသစ်ထွက်လို့ မကိုင်နိုင်ရင် အောက်တယ်"

"မော်ဒယ်အသစ် ထွက်တိုင်း ကိုင်ရအောင် နင်က သူဌေးသမီးမို့လို့လား. . ကိုယ့်ကိုယ်ကို စောင်ရောင်းနေရတယ်ဆိုတာ ခေါင်းထဲ ထည့်ထားဦး၊ နင်နဲ့စကားပြောရတာ လက်ပေါက်ကပ်တယ်"

"လက်ပေါက်ကပ်ရင် မပြောနဲ့တော့"

"မပြောတော့ဘူး. . သေနာမ၊ နင်တော့ ဒုက္ခရောက်တော့မယ်"

သားအမိနှစ်ယောက် အဲဒီလို ညအိပ်ခါနီးတိုင်း ကြက်ဖ ခွပ်ကြသောလည်း အခါခါပင်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် ဈေးလည်ရောင်းရင်း တစ်နေ့မှာ ဖဲဝိဇ္ဇာအောင်ကိုဆိုသူနှင့် ဆုံသည်းကာ မေတ္တာမျှမိတော့သည်။

အောင်ကိုက သူ့အမေနှင့် ရင်းနှီးသွားအောင် အိမ်ကို စောင် လာရောင်းလှည့်ဟု ဆိုသောကြောင့် အငုံခမျာ အောင်ကို့အမေအကြိုက် စောင် အမျိုးမျိုးကို ဈေးပေါပေါနှင့် ရောင်းချပြီး ရင်းနှီးအောင် ကြိုးစားကြည့်သေးသည်။

ပထမတော့ အဘွားကြီးက ဈေးပေါပေါနှင့် ရသဖြင့် ကြည်နူးနေသော်လည်း သူ့သားရဲ့လက်ချက်မှန်း သိသွားသောအခါ ရေလည်ပေါက်ကွဲတော့သည်။

"ငါ့ကို ဈေးလျှော့ရောင်းပြီး ငါ့သားကို သွေးဆောင်သွားတဲ့ ဟာမ ငါ့သားက အညွန့်တလူလူနဲ့ဟဲ့၊ ဖဲရိုက်တဲ့နေရာမှာ ငါကတောင် သူ့ကို ဆရာပြန်တင်ရတာ၊ သူ ဒါလေးတတ်ထားလို့ ငါတို့တွေ စားပေါက်ချောင်တာ၊ ငါတို့ မိသားစုရဲ့ဂျိုကာကို ခိုးဖို့ကြံစည်တဲ့ ဘူမ၊ နောက်တစ်ခါငါ့သားနဲ့ပတ်သက်ရင် နင့်ကိုပါးဆွဲချမယ် ဒါပဲ"

ချစ်ခြင်းရင်ခုန်ယုံကြည်စွာဖြင့် ဆိုသလို သူ့အမေ အတန်တန်တားနေတဲ့ကြားက ဖဲဝိဇ္ဇာအောင်ကိုကို ခိုးပြေးမိသောအခါ လမ်းမှာ သူတို့အမျိုးတွေနှင့်တိုးပြီး အငုံ တရားစွဲခံရတော့၏။

ဖဲဝိဇ္ဇာအောင်ကိုမှာ ဆွေကြီးမျိုးကြီးအသိုင်းအဝိုင်းထဲက ဖြစ်သောကြောင့် အငုံ အမှုကို ရင်မဆိုင်နိုင်ဘဲ နောက်ဆုံးတော့ ယောက်ျားလေးတစ်ယောက်ကို အလိုမတူဘဲ ခိုးပြေးရန်ကြံစည်မှုနှင့် ထောင် နှစ်နှစ်ကျခဲ့သည်။

ချစ်သူကလည်း သူ့အမျိုးတွေရှေ့မှာ သူမက လိုက်ခဲ့ဟုဆိုကာ ညာခေါ်သွားကြောင်း ထွက်ဆိုသဖြင့် အငုံ အယူခံဝင်ခွင့်မရှိခဲ့။





ထောင်ထဲမှာမှ ထမင်းနပ်မှန်မည်ဟုတွေးကာ ဖြေသိမ့်ပြီး ကျေကျေနပ်နပ်လက်ခံခဲ့ပါသည်။

ထောင်ထဲ ရောက်တော့ အမြဲတေရှိရာ အမြဲတေလာ ဆိုသလို ပြည့်တန်ဆာမှုနှင့်ထောင်ချခံထားရသော အမျိုးသမီးတွေနှင့်ပေါင်းမိကာ ထောင်တထွက်တော့ အနှိပ်ခန်းမှာ အငုံ အလုပ်ရခဲ့သည်။

အရင်တုန်းကမရခဲ့သောပိုက်ဆံတွေ၊ အခွင့်အရေးတွေ ပိုရလာသောအခါ အငုံ သူ့ဘဝလေး သူကျေနပ်ပြီး ပျော်ရွှင်ဝမ်းမြောက်ခဲ့ရပါ၏။

လိုချင်တာကိုရဖို့ မိမိဘဝကို ညပေါင်းများစွာ လူပေါင်းစုံနှင့်စတေးခံရပေမယ့် မိမိ ရထားသော ခန္ဓာကြီးသည် မမြဲလေစွတကား၊ အကြိမ်ကြိမ် အခါခါဖျက်ဆီးခံရသောခန္ဓာကြီးသည် တစ်နေ့ မည်သူမှ မဖျက်လည်း ပျက်စီးရမည်သာ။

ထို့ကြောင့် ခန္ဓာကိုယ်ကိုအသုံးချပြီး ငွေရှာသည်ဟု မတွေးဘဲ တစ်ပါးသူ စိတ်ချမ်းသာဖို့ အဖြည့်ခံအဖြစ် ပါရမီဖြည့်ပေးသည်ဟုတွေးကာ ဥပေက္ခာတရားလက်ကိုင်ထားပြီး မိမိအလုပ်ကို ဂုဏ်ယူစွာဆက်လက်လုပ်ကိုင်ခဲ့သည်။

ဒါပေမယ့် တစ်နေ့တော့. . .

မိမိရဲ့ နှလုံးသားမပါသော ခန္ဓာကိုယ်ဟာ အချစ်ကို ရှာဖွေမတွေ့နိုင်တော့ဘူးဟုထင်ထားရာမှ လူတစ်ယောက်နှင့် အမှတ်မထင်ဆုံစည်းခဲ့ပါသည်။

ရုပ်ရှင် ဗီဒီယိုတွေထဲမှာဆိုရင်တော့ လှပတဲ့ လပ်(ဖ်)ဆင်းပေါ့။

"တွယ်တာ"

အနောက်မှခေါ်သံကြားနေသော်လည်း အငုံ လှည့်မကြည့်မိ။

မိမိနာမည် တွယ်တာမှ မဟုတ်ဘဲ။

"တွယ်. . တာ. . တွယ်. . တာ"



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ နှစ်ကြိမ် သုံးကြိမ် အခေါ်ခံနေရသောအခါ ဘာရယ်မဟုတ် လှည့်ကြည့်မိတော့ စပိုင်မင်းသားလိုလို ရုပ်ဖြောင့်ဖြောင့်လူတစ်ယောက်။

"ဩော်. . ဆောရီးနော်၊ ကျွန်တော်က အနောက်က ကြည့်ပြီး ကျွန်တော့်အသိ တွယ်တာ မှတ်လို့"

"ရပါတယ်"

"ဒါနဲ့ နာမည်က. ."

"အငုံ ပါ"

"တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့. . ကျွန်မလည်း ဒီလိုပါပဲ"

လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ၊ ခုတွေ့ ခုမိတ်ဆက် ခုရင်းနှီး။

ပထမတော့ အငုံမှာ သူနှင့်ပျော်ပါးရန် လမ်းကြောင်းလာခင်းကြီးဟု ထင်မိလိုက်သော်လည်း နောက်နေ့တွေတိုင်း သူမသွားရာ လမ်းတစ်လျှောက် တစ်နေရာမှစောင့်ပြီးကြည့်နေတတ်သောသူ့ပုံစံက မိန်းမကောင်းတစ်ယောက်ကို လူပျိုလာလှည့်ပုံနှင့်တူနေသောကြောင့် အငုံ ထူးဆန်းနေပြီ။

ဒီလူ သူ့အကြောင်း တကယ် မသိတာလား၊ ဒါမှမဟုတ် သိသိကြီးနဲ့ မိုက်ရူးရဲဆန်နေတာလား. . တစ်ပတ်လောက်အကြာမှာတော့ သူ့ထံမှ ထူးဆန်းသောစကားကို ကြားမိခဲ့ရပါသည်။

"ကျွန်တော်လေ မကို မြင်မြင်ချင်း ခင်ချင်စိတ်တွေ တားမနိုင်ဆီးမရ ဖြစ်နေလို့၊ ဘယ်ဘဝရေစက်လည်း မသိပါဘူး၊ အဲဒါ အတူတူ မုန့်စားပါရစေ"

"မင်း. . တို့အကြောင်း တကယ်မသိတာလား ကောင်လေး. . တို့က ယောက်ျားလေး တစ်ယောက်ဆီက ခင်မင်ခွင့် တောင်းခံရလောက်တဲ့အထိ တန်ဖိုးမရှိဘူး"





"တန်ဖိုးဆိုတာ ဘယ်သူက သတ်မှတ်တာလဲ မ. . တန်ဖိုးထားတယ် သူက သတ်မှတ်မှ တန်ဖိုးတက်တာပါ. . ကျွန်တော် မကို တန်ဖိုးထားတယ် ခရေပန်းလေးတွေကို အကြွေပန်းလို့သတ်မှတ်ထားကြပေမယ့် ရေဖျန်းပြီး ပန်ရင် ခရေပန်းမှာလည်း ရွှေနန်းထိုက်ခွင့်ရှိပါတယ်"

တော်ကီက နိုင်းလောက်ရှိသောကြောင့် အငုံမလေးခမျာ ဟတ်ထိသွားပြီး ပါးစပ်မပိတ်နိုင်တော့။

"ဟုတ်ပါပြီကွယ်. . မင်း အဲဒီလို အပြောကောင်းတာနဲ့ မက ဘဝင်ခိုက်ပြီး အချဉ်တိုက်ပါ့မယ်. . သံပုရာရည်တစ်ခွက်ဟေ့"

အဲဒီကစလို့ အငုံနှင့်အဖူး ချစ်သူတွေဖြစ်သွားကြသည်။ သူ့နာမည်က သော်ဇင်ဖူး. . တဲ့။

ဒီတစ်သက် ရည်းစားရမှာ မဟုတ်တော့ဘူးထင်ထားတဲ့ သူမဘဝထဲကို ဝင်လာသော ဒီကောင်လေးကို သူမ ဖူးဖူးမှုတ်မတတ် ချစ်ခဲ့ပါသည်။

ထို့ကြောင့် သူမ အလုပ်လုပ်လို့ရတဲ့ ပိုက်ဆံတွေကို ချို့တဲ့ရှာသော ကောင်လေးရဲ့ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ပေးခဲ့၏။

ကောင်လေးမှာ ဘွဲ့ရပညာတတ်ဖြစ်သော်လည်း အသက်မွေးဝမ်းကျောင်း အတတ်ပညာ မရှိ၍ သနားကရုဏာသက်စွာ စပွန်ဆာပေးထားပြီး တစ်နေ့ကျလျှင် လက်ထပ်မည်ဟု သူမ ရည်ရွယ်ထားခဲ့သည်။

ကောင်လေးရဲ့အသိုင်းအဝိုင်းက သူမလို လူမျိုးကို လက်ခံနိုင်ပါမည်လား တွေးကြောက်မိသည်။

သူတို့နှစ်ယောက် ချစ်သူအဖြစ်နှင့် တစ်နှစ်ကျော်ကြာ တွဲလာရင်း တစ်နေ့တော့ အငုံ သူ့ကို စကားစကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖူး. . အင်ုတို့ တွဲလာတာ အချိန်တွေလည်း ကြာပြီ၊ လက်ထပ်ကြရင် ကောင်းမယ်ထင်တယ်"

"လက်ထပ်ဖို့လိုလို့လား မရယ်. . မ ရှိတဲ့ခြောက်လွှာကို မောင် ညတိုင်းလာနေတာပဲ၊ အဲဒါ ညားနေပြီပဲ မဟုတ်လား"

အဖူးစကားကြောင့် အင်ု နည်းနည်းတော့ စိတ်ခုသွား၏။

"အဖူး. . ဘယ်လိုစကားမျိုး ပြောလိုက်တာလဲကွယ်. . အင်ုက လူတကာ ကန်ခွင့်ရှိတဲ့ ဘောလုံးကွင်းထဲက ဘောလုံးလိုဘဝမျိုး ရောက်နေပေမယ့် အဖူးရဲ့လက်ကလေးနဲ့ ရင်ခွင်ထဲမှာ ပိုက်ထွေးခံချင်လို့လေ. . ဒါကို နားမလည်ဘူးလား"

"အမှန်အတိုင်းပြောရရင်. . မိန်းမလည်း လိုချင်တယ်၊ အလုပ်လည်း မရှိလို့ အချောင်စားရတဲ့ အကြွေသီးကို ဗိုက်ဖြည့်မိတာပါ. . အပင်ပေါ် တက်ခူးစားနိုင်တဲ့အစွမ်းအစရှိလာတဲ့အခါ လတ်လတ်ဆတ်ဆတ်အသီးပဲ စားတော့မှာပေါ့ မရယ်"

"ဖြော်"

အင်ု သူ့ကို ပါးရိုက်လိုက်ခြင်းမဟုတ်ပါ။

ဒေါသထွက်ပြီး တစ်ခုခုပြောရန် ပြင်လိုက်စဉ် ထိုင်ခုံအဆွေးက ကျိုးကျပြီး ကြမ်းပြင်ပေါ် ပက်လက်လန်သွားခြင်းဖြစ်ပါ၏။

"အမလေး. . သေပါပြီတော့"

အင်ု မျက်ရည်စက်လက်နှင့်. .

"မင်းပြောတော့ ခရေပန်းလေးတွေဟာလည်း ရေဖျန်းလိုက်ရင်. . မွှေးနန်းနဲ့ ထိုက်ခွင့်ရှိတယ်ဆို. . ငါ အဲဒီစကားကြောင့် နင့်ကိုယုံကြည်ပြီး ပုံအပ်မိတာ အကောင်ရဲ့"





အဖူးက ခပ်အေးအေးပင်။

"ဟုတ်ပါတယ်. . ခရေပန်းလေးတွေဟာ ရေဖျန်းပြီး ပန်ရင် မွှေးနန်းထိုက်ခွင့်ရှိပေမယ့် မ့လို အကြွေပန်းကြီးကတော့ ကျွန်တော်နဲ့ မထိုက်တော့တာမို့ တော့တာပဲဗျို့"

အသစ်တစ်ယောက် တွေ့ပြီမို့. . သူ့ကို မညှာမတာပြောပြီး ထွက်သွားသောအဖူးရဲ့ကျောပြင်ကိုကြည့်ကာ အင်ု အံကို တင်းတင်းကြိတ်လိုက်၏။ ခန္ဓာကိုယ်ပျက်စီးနေပေမယ့် ရင်ခုန်သံအလတ်ကြီးရှိသေးသော သူမနှလုံးသားကို ခုတုံးလုပ် ပန်ဆင်သွားတဲ့သူ။

ရောက်ရာအရပ်မှာ မြန်မြန်သေပါစေတော်။

အင်ု ဆုမွန်ကောင်းတောင်းပေးပြီးသကာလ ထိုင်ရာမှထကာ ဝရန်တာရှေ့ ထွက်ရပ်လိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"သေချင်းဆိုးတွေ. . ကောင်းကို မကောင်းဘူး၊ ဒင်းတို့ ဗိုက်မကြီးကိုင်း သူများသားသမီးကိုစော်ကားတဲ့ မသာတွေ. . တာဝန်ယူဖို့ကျတော့ နွားကို ဟမ်ဘာဂါကျွေးသလို မသိချင်ယောင်ဆောင်နေတယ်၊ဘဝဆက်တိုင်း ဒင်းတို့ကို သင်းကွပ်ခွင့်ရတဲ့ ယိုးဒယားဒေါက်တာဖြစ်ပါစေသား"

လိုရာဆုကို တောင်းပြီးသကာလ ပဝါစကို မျက်လုံးမှာစည်းပြီး ပကာသနတွေမပါဘဲ သဘာဝကျစွာ ခုန်ဆင်းလိုက်၏။

"ယား"

ယားခနဲ. . အော်ပြီး ကားခနဲ. . ခုန်ချလိုက်ရာ အောက်ရောက်တော့ အားခနဲ. . "အား"

မြေကြီးနှင့်ခန္ဓာကိုယ် မိတ်ဆက်မိတော့ အိပ်ရက်မရှိတဲ့ညတွေ နိဂုံးချုပ်သွားသည်။

ကတ္တရာလမ်းမပေါ်မှာ သွေးသံရဲရဲဖြင့်. . . .။

♦ ♦ ♦



(၁၆)

အဘိုးကြီးရဲ့ပုံပြင်အဆုံးမှာ သီသီနှင့်သူသူ သက်ပြင်းမောကြီးချလိုက်ကြသည်။

"ပုံပြင်လေးက ကောင်မလေးအတွက် သနားစရာပါပဲ၊ နေပါဦး. . အဲဒီပုံပြင်က တို့နဲ့ဘယ်လိုပတ်သက်လို့လဲ"

"ဘယ်လိုမှတော့ မပတ်သက်ပါဘူး. . ဒါပေမယ့်. . အဲဒီသေသွားတဲ့ အမျိုးသမီးနေခဲ့တဲ့ ခြောက်လွှာဟာ မင်းတို့ အခုအလုပ်လုပ်နေတဲ့တိုက် ဖြစ်နေတယ်"

"ဗျာ"

သူသူက ယောင်ပြီး ဗျာ. . ဟု ထွက်သွားသဖြင့် သီသီက လှမ်းပုတ်သည်။

"အဲလေ. . ရှင်!"

"ရှင်. . ရှင်. . နောက်နေတာတော့ မဟုတ်ပါဘူးနော်. ."

သီသီရဲ့အမေးကြောင့် အဘိုးကြီးက ပြုံးစစဖြင့်

"နောက်လို့ ကျုပ်အတွက် ဘာအကျိုးရှိမှာလဲ၊ အပြစ်မရှိတဲ့သူတွေ



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်မှာစိုးလို့ ကျုပ်က စေတနာနဲ့သတိပေးတာ၊ အဲဒီသရဲမက မသေခ မှာ ယောကျ်ားတွေကို မုန်းတဲ့စိတ်နဲ့ သေသွားတာမို့လို့ သူ့တိုက်ပေါ်တက်လာ တဲ့ ယောကျ်ားတွေမှန်သမျှကို ဒုက္ခပေးတယ်၊ မင်းတို့တောင် အခြောက်ဖြစ်နေ လို့ ကံကောင်းတာ"

"အ. . အဘက ဒါတွေ ဘယ်လိုသိတာလဲ"

သူသူ ကြောက်လန့်ပြီး အသံတွေတောင် ထစ်ငေါ့ကုန်ပြီ။

"ငါက အရင်က သေသွားတဲ့ အငုံ ဆိုတဲ့ကောင်မလေးနဲ့ သူနဲ့ပျော် ပါးချင်တဲ့ ယောကျ်ားတွေကို ချိတ်ဆက်ပေးရတဲ့ ပွဲစားဖိုးကျော်ပါပဲ၊ သူ သေ သွားတာ အနှစ်နှစ်ဆယ်ရှိပြီ၊ ဒါပေမယ့် အခုထိ မကျွတ်သေးဘူး"

အရင်က တံစောင်းစေးနဲ့ မျက်ချေးဖြစ်ခဲ့သော သီသီနဲ့သူသူမှာ တစ် ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ပြီး အဖော်ပြုနေကြပေပြီ။

တကယ်လို့များ သူတို့နှစ်ယောက် ယောကျ်ားတွေဖြစ်တာကို ဒီသရဲမ သာ သိသွားခဲ့လျှင်. . .

* * *





သီသီနဲ့သူသူ့စကားကို နားထောင်ပြီး မေဘယာကျော်လေးပါ ကြောက် တွေ ချမ်းလာသည်။

"ဘုရား. . ဘုရား. . ဒီကိစ္စသာ တကယ်ကြီးဆိုရင်တော့ ဒုက္ခပါပဲ. . ဒီနေရာမှာတောင် မနေရဲတော့ဘူး"

"သိပ်လည်း မကြောက်ပါနဲ့ မေကျော်ရယ်. . နေ့ခင်းကြောင်တောင် ကြီးပါ၊ ဒီကိစ္စ တကယ်ဖြစ်သည်ထားဦး. . သရဲဆိုတာ ညမှခြောက်တာပါ"

"ညဘက်ဆိုလည်း အိမ်မှာ ဒယ်ဒီက ပုံမှန် မဟုတ်ဘူး. . မနေ့ညက လည်း မေကျော် အပေါ့အပါးသွားဖို့ထလာရင်း ဒယ်ဒီ့ကိုတွေ့တယ်. . ဒူးကြီး ထောက်ပြီး လမ်းလျှောက်နေတယ်၊ မျက်နှာကြီးကလည်း ကြောက်စရာကြီး ကြောက်လိုက်တာ အရမ်းပဲ. . ယောင်နေတာလားတော့ မသိဘူး၊ အိမ်မှာက အိမ်ဖော်အဒေါ်ကြီးတစ်ယောက်တည်းရှိတော့ မနေရဲဘူး. . သူသူနဲ့သီသီ. . နောက်နေ့ညတွေ မေကျော်တို့အိမ်မှာ လာအိပ်ပေးပါလား. . မာမီတို့ရှိတော့ အားရှိတာပေါ့"

နှစ်ကောင်သား ပျားရည်အိုးထဲပြုတ်ကျသလို မျက်နှာတွေ ဝင်းပသွား ကြသည်။

"အိပ်ပေးမယ်. . အိပ်ပေးမယ်. . တကယ်နော် မေကျော်. . ပြောပြီး သားစကား အတည်ပဲ၊ ပြန်ပြင်လို့မရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မ. . ကန္တေ့ရရနေစမ်း၊ တကတည်း ကြည့်လို့ကိုမရဘူး၊ သူ့အိမ်မှာ ခအာလေးလိုက်အိပ်ခိုင်းတာတောင် ဒီလောက်ပျော်နေရင် အခေါင်းထဲမှာ တစ်သက်လုံးများအိပ်ရရင် ဘယ်လိုနေမလဲ မသိဘူး"

သီသီ့စကားကြောင့် သူသူက ပြန်ရန်တွေ့၏။

"ကောင်မ. . အခေါင်းထဲမှာ နင်ပဲ အိပ်. . ငါက မေကျော်နဲ့ အတူအိပ်မှာ"

အဲဒီစကားကြောင့် သီသီ အူနုကျွဲခတ်သွားသည်။

"ဟဲ့. . နင့်ကို မေကျော်နဲ့တော့ ပေးမအိပ်ဘူး၊ သူ့အိမ်မှာ မွေးထားတဲ့ ခွေးဘီလူးကြီးနဲ့ ပေးအိပ်မှာ. . မေကျော်လေး အစစအရာရာ အဆင်ပြေဖို့အတွက် ငါ သူနဲ့ အတူအိပ်ပေးမှဖြစ်မှာ"

သူသူက ဆတ်ဆတ်ခါအောင် ငြင်းသည်။

"အို. . မအိပ်ရပါဘူး. . တို့ပဲ အိပ်မှာ. . တို့ပဲ အိပ်မှာ"

"ဟင့်အင်း. . များပဲ အိပ်မှာ. . များပဲ အိပ်မှာ"

သူတို့၏ရန်ပွဲကို မေကျော်ကပင် ဖြေရှင်းပေးလိုက်၏။

"ကဲ. . ကဲ. . လုမနေကြနဲ့၊ နှစ်ယောက်လုံး အောက်ထပ်က ဂိုဒေါင်ထဲမှာ အိပ်ရမှာ"

'အမ်. .'

♦ ♦ ♦



(၁၇)

ဦးနေကမ္ဘာကျော် ရုံးခန်းထဲမှာ ထိုင်ပြီး တစ်ယောက်တည်း အလုပ်တွေ ရှုပ်နေသည်။

ကွန်ပျူတာတစ်လုံးနှင့် စာရွက်စာတမ်းကိစ္စတွေကို လုပ်နေခြင်းမဟုတ်။

ပေါင်ဒါဗူးနှင့်မှန်ကြည့်ပြီး မိတ်ကပ်ရိုက်နေခြင်းဖြစ်သည်။

ပြီးတော့. . နှုတ်ခမ်းနီအရောင်ဖျော့ဖျော့ကို စိတ်ကြိုက်ဆိုးကာ တစ်ချက်ပြုံးလိုက်ပြီး -

"မီတင်ရှိတယ်ဟေ့"

ရုံးခန်းအပြင်ကို ထွက်ပြီး အသံပြကြီးနှင့် အော်လိုက်ရာ. . ရှိရှိသမျှအခြောက်ဝန်ထမ်းတွေအားလုံး ပြေးလာကြသည်။

ရုံးခန်းထဲရောက်သောအခါ ဦးနေကမ္ဘာကျော်ရဲ့မျက်နှာကို ကြည့်ပြီးအားလုံး မရယ်ဘဲ မနေနိုင်တော့။

"ဟယ်တော့. . သူ့ဌေးက တို့ကိုအားကျလို့ ပုံစံပြောင်းတော့မယ်ထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်. . ကောင်းတယ်. . ကောင်းတယ်. . အခြောက်ဟူသမျှ ဂုဏ်ရှိစွတဲ့. . လုပ်ထား"

"ဒါမှ တစ်ရုံးလို့ ဖက်ဆိုက်ဖြစ်သွားတာပေါ့၊ သူဌေးအစ ခွေးအဆုံး အဲလေ. . ဝန်ထမ်းအဆုံး. . အားလုံး ကျော်ရကီးတွေချည်းပဲ"

မိတ်ကပ်အဖွေးသားနှင့် ထိုင်ခုံမှာ ခန့်ခန့်ကြီးထိုင်ပြီး မီတင်လုပ်နေသော သူဌေးဦးနေကမ္ဘာကျော်ကို မေဘယာကျော်က ရှက်ရွံ့စိတ်မသက်သာစွာကြည့်လိုက်ပြီး သူသူနှင့်သီသီတို့ဘက်လှည့်ကာ မျက်ရိပ်ပြလိုက်တော့ နှစ်ယောက်သား ခေါင်းညိတ်လိုက်ကြသည်။

ဒါဟာ ပုံမှန်မဟုတ်ဘူးဆိုတဲ့သဘော။

ပြောတဲ့ မီတင်စကားကိုလည်း ကြည့်။

"ကဲ. . မိန်းမလျာအပေါင်း ဖင်ပောင်းလောင်းတို့ရေ. . ဒီနေ့ အနေကြီးမီတင်ခေါ်လိုက်ရတဲ့ အကြောင်းကတော့ တခြားမဟုတ်ပါဘူး. . ပြောချင်တာက ရုံးကိုစရောက်ပြီဆိုတာနဲ့ အရင်ဦးဆုံး အဝမှာ ဖိနပ်ချွတ်ဖို့ရယ်၊ အိမ်သာတက်ရင် ဘိုထိုင်မှာ ဆောင့်ကြောင့်ထိုင်ပြီး မတက်ဖို့ရယ်၊ ထမင်းစားချိန်မှာ ရေသောက်ဖို့ရယ်နဲ့ ပြန်ခါနီးမှာ တံခါးသော့ခတ်ပြီးမှပြန်ဖို့ရယ်ပါပဲ။ အမိကအချက်ကတော့ ပိတ်ရက်မှာ ရုံးကိုမလာဖို့ မှာချင်တယ်၊ လစာထုတ်ခါနီးကျရင်တော့ ပေးတဲ့လစာကို လက်နဲ့ယူဖို့လည်း ထပ်လောင်းမှာကြားချင်တယ်၊ ကဲ. . ဘာပြောစရာရှိသေးလဲ"

"ဟယ်. . မှတ်သားလောက်တဲ့ စကားတွေပဲတော့. . ပြည့်စုံသွားပါပြီ၊ ဘာမှပြောစရာမရှိတော့ဘူး"

"မရှိရင်. . ကိုယ့်နေရာကိုယ်ပြန်ပြီး ပေါင်ဒါရိုက်လို့ရပါပြီ"

"ဟေး"





အလုပ်က အလုပ်နှင့် မတူ၊ ပေါက်လွှတ်ပဲစားနှင့် ဖြစ်ချင်တိုင်းဖြစ်နေပုံကို မေဘယာကျော် စိတ်မသက်မသာ ကြည့်ရင်း. . သက်ပြင်းချလိုက်သည်။

သူသူနှင့်သီသီကတော့ ခေါင်းကိုလက်ညှိုးထိုးပြပြီး ဦးနေကမ္ဘာကျော်အဖြစ်ကို သုံးသပ်လိုက်ကြ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဦးနေကမ္ဘာကျော်ရဲ့အိပ်ခန်းထဲက ငိုယိုပြီးထွက်လာသော စိတ်ရောဂါအထူးကုဆရာဝန်ရဲ့အဖြစ်ကိုကြည့်ကာ မေဘာယာကျော်တို့သုံးယောက် မျက်လုံးပြူးသွားသည်။

"ဒေါက်တာ. . ဘယ်. . ဘယ်လိုဖြစ်လာတာလဲ၊ မျက်နှာတစ်ခုလုံးလည်း ရဲပတောင်းခတ်နေပါလား. . အဖေ ထိုးလွှတ်လိုက်တာလား"

ဒေါက်တာက ငိုသံပါကြီးနဲ့

"အဟင့်ဟင့်. . ထိုးတာဆိုရင် သူထိုးကိုယ်ထိုး ပြန်ထိုးလို့ ရပါတယ်၊ ကျုပ်လည်း ငယ်ငယ်က boxing ကစားဖူးတာပဲ၊ ခုဟာက ဆံပင်ဆွဲပြီး ပါးရိုက်လိုက်တာ၊ သန်လိုက်တဲ့လက်တွေ ဘယ်လိုမှရုန်းမရဘူး"

"အို. . ကျွတ်ကျွတ်"

သီသီက ဆရာဝန်ရဲ့အဖြစ်ကို ကရုဏာသက်စွာ စုတ်ထိုး၏။

"ပြီးတော့ ပိုဆိုးတာက အဲဒီလိုရိုက်နေရင်းနဲ့ ချက်ချင်း မိန်းမအသံပြောင်းသွားပြီး. . နင်တို့ယောက်ျားတွေကို အဲသလို ပါး ဘယ်ပြန်ညာပြန်ရိုက်ပြီးဆုံးမမှ နေသာထိုင်သာရှိတာဟဲ့ ဆိုပြီး ကြောက်စရာအသံကြီးနဲ့ပြောတယ်"

"ဘုရား. . ဘုရား"

မေကျော် ဘုရားတ,နေပြီ။

"ဒါ. . ဒါဆို ဦးနေကမ္ဘာကျော်က စိတ်ဖောက်ပြန်နေတာမှ ဟုတ်ရဲ့လား"

သူသူရဲ့အမေးကို ဆရာဝန်ကြီးက ခေါင်းယမ်းပြီး

"မဟုတ်နိုင်ဘူး. . ဒါ အကောင်တစ်ကောင်ကောင် ဝင်စီးခံနေရတဲ့ပုံစံမျိုး"

ပြောပြီး ဆရာဝန်ကြီးက နောက်ကျောမလုံသည့်ပုံစံမျိုးဖြင့် အိမ်ထဲမှ ပြေးထွက်သွားရာ မေဘာယာကျော် ကြက်သီးတွေထပြီး အင်အခြောက်နှင့်ကောင်နား ပြေးကပ်သည်။





"သမီး. . ကြောက်တယ် မာမီ"

"အို. . ကြောက်ရင် မာမီ့ကိုဖက်ထား"

ပြောပြီး သူသူက မေဘာယာကျော်လေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်ရာ သီသီ ကြိတ်မနိုင်ခဲမရဖြစ်ပြီး ကြံရာမရဖြစ်ကာ အနောက်ကိုသွား၍ ဖင်ကို ဒူးနှင့်ဖြတ်တိုက်သည်။

"အွန့်"

သူသူ ဝမ်းချုပ်ချင်သလို ဖြစ်သွားပြီး ဒေါသ ထောင်းခနဲထွက်ကာ သီသီရဲ့နံကြားကို လက်သီးနှင့် ဖြတ်တီးလိုက်၏။

"ဘုတ်"

အဲဒီလိုကြိတ်ပြီးတိုက်ပွဲဖြစ်နေသည်ကို မေဘာယာကျော်လေးကတော့ မသိရှာ။ ကြောက်စိတ်ဖြင့် အခြောက်ဟန်ဆောင်ထားသော သူသူတစ်ဖြစ်လဲသူရဗလရဲ့ရင်ခွင်ထဲမှာ ကွန်းခိုလျက်. .

ဂါဝန်စကပ်နှင့် ရင်ဖုံးအကျႌဝတ်ထားသော ယောက်ျားစစ်စစ်ကြီးရဲ့အသည်းနှလုံးတွေတော့ တလှပ်လှပ်တုန်ရီလျက်. .

သီသီကတော့ လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး မသိလို့က်ထားသော မေကျော်လေးအနားမှာ ရစ်သီရစ်သီ မျက်နှာတွေနီလျက်. .

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

မိန်းမပျိုလေးတစ်ယောက် ရေပန်းဖြင့် ရေချိုးနေစဉ် ရုတ်တရက်ရေပန်းမှရေတို့ ရပ်တန့်သွားသည်။

"ဟယ်တော့. . ရေကုန်သွားပြီ၊ တော်ပါသေးရဲ့ ဆပ်ပြာတိုက်ပြီးလို့"

အပြင်ထွက်ရန် လက်က ပဝါစကို လှမ်းလိုက်စဉ်. .

"ဟယ်. . ဒုက္ခပဲ. . တဘက်မေ့ကျန်ပြီး ယူမလာခဲ့မိဘူး"

မေဘယာကျော် ကြံရာမရဖြစ်ပြီး တစ်ယောက်ယောက်ကို အော်ဟစ်အကူအညီ တောင်းရန် စဉ်းစားမိတော့ အိမ်ဖော်ဒေါ်တုတ်မှာ ဈေးသွားနေသဖြင့် ရှိတဲ့အခြောက်နှစ်ကောင်ကို လှမ်းအော်သည်။

"သူသူနဲ့သီသီရေ. . တစ်ယောက်ယောက် မေကျော်ရဲ့တဘက် ရေချိုးခန်းထဲ ယူလာပေးပါ. . မေ့ကျန်ခဲ့လို့"

အဲဒီအသံကြားသည်နှင့် အောက်ထပ်မှာ ဝတ္ထုဖတ်နေသော သီသီက ဝတ္ထုစာအုပ်ချကာ၊ တီဗီကြည့်နေသော သူသူက ရီမုတ်ချကာ တန်းပေါ်တင်ထားသည့် တစ်ခုတည်းသောတဘက်ကို ပြေးဆွဲသည်။

နှစ်ကောင်သား ဘယ်တစ်ဘက် ညာတစ်ဘက် ဆွဲမိသောအခါ သူ့





ဘက် ကိုယ့်ဘက် လွန်ဆွဲရင်း တဘက်က အလယ်မှ ထက်ခြမ်းပြဲသွားတော့သည်။

"ဗြဲ"

တစ်ယောက်တစ်ပိုင်း ကိုင်ရင်း ရေချိုးခန်းကိုပြေးတော့လည်း လမ်းမှာ တစ်ယောက်နှင့်တစ်ယောက် တွန်းထိုးနေ၍ ဝရုန်းသုန်းကား. .

အဲဒီလို လမ်းတစ်လျှောက် တိုက်ပွဲပြင်းထန်ရင်း ရေချိုးခန်းရှေ့ကိုရောက်သောအခါ -

"မေကျော်ရေ. . တို့လာပြီဟေ့"

"မလာနဲ့. . မလာနဲ့၊ မေကျော် တံခါးနည်းနည်း ဟ,ပြီး လက်ထုတ်လိုက်မယ်. . လက်ထဲ ထည့်ပေး"

မေကျော်. . တံခါးကြားမှ လက်ကလေး ထွက်လာသည်နှင့် သူသူက သူ့လက်ထဲက တဘက်အပိုင်းလေးကို အမိအရထည့်ပေးမည်ပြုရာ သီသီက သူသူ ဟန်ချက်ပျက်သွားစေရန် ပခုံးနှင့် ဆောင့်တိုက်ချလိုက်၏။

ဖြစ်ချင်တော့ အနည်းငယ် ဟ,ထားသော ရေချိုးခန်းတံခါးမှာ သူသူ၏ကိုယ်လုံးကြီး ယိုင်လဲလာမှုကြောင့် ဟာလာဟင်းလင်းပွင့်ထွက်သွားပြီး သူသူ ရေချိုးခန်းထဲရောက်သွားလေသည်။

"ဝုန်း"

ရုတ်တရက် နှုတ်ခမ်းတွေ ဆွံ့အ,သွားပြီး အသက်ရှူတွေ ရပ်တန့်သွားသည်။ သူသူ လဲနေရာမှ မော့အကြည့် ရေချိုးခန်းရဲ့ပုဏ္ဏားကွယ်လေးမှာ ကပ်နေသော မေကျော်. . သူ့ကို ကြောင်ပြီးကြည့်နေတာနှင့် ကွက်တိ။

လှပတဲ့ အချိုးအဆစ်၊ ပြေပြစ်တဲ့ အသားအရေနှင့် သဘာဝအလှများတို့ကြောင့် သူသူ လောကကြီးနှင့် အဆက်အသွယ်ပြတ်ကာ တင်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လုံးရှိ သွေးကြောတွေ ခဏမျှရပ်ဆိုင်းသွားပြီဟု ထင်လိုက်သည်။ မကျော်က လည်း ပထမကြောင်သွားပေမယ့် နောက်မှ သူမအဖြစ် သူမ သတိရကာ ရှိ သမျှအသံနှင့် ကုန်းအော်သည်။

"အား"

သူသူ. . မမှိတ်မသုံ စိုက်ကြည့်နေရာမှ သတိပြန်ဝင်ပြီး လက်ထဲက တဘက်ကို သူမလက်ထဲ အမြန်ထိုးထည့်ပေးကာ ရေချိုးခန်းအပြင်ပြေးထွက် ၍ တံခါးကို ပိတ်ပေးလိုက်သည်။ သီသီ့ကိုလည်း အရှက်ပြေမာန်မဲလျက်. .

"နင်လုပ်တာနဲ့ အားလုံးရှုပ်ကုန်ပြီ. . လာ. . သွားမယ်"

သီသီကတော့ အားမလိုအားမရဖြင့် သူသူ့အနားကပ်ပြီး

"ဘာ. . ဘာတွေရှုပ်သွားလို့လဲဟင်"

"မမေးနဲ့. . လာ. . လက်ဖက်ရည်ဆိုင် သွားမယ်"

"တောက်. . ဒီလိုမှန်းသိ သူ့ မတွန်းဘဲ ငါ့ဘာသာငါ လာ်ကျပါတယ်"

မဘေယာကျော်လေးကတော့ သူသူ ထည့်ပေးသွားတဲ့ တဘက်အပြ လေးကို ကိုင်ပြီး ရင်တွေတလှပ်လှပ်တုန်လျက်. .

"ဘုရား. . ဘုရား. . ရှက်လိုက်တာ၊ မျက်နှာ ဘယ်သွားထားရမှန်း မသိဘူး၊ တော်သေးတာပေါ့. . သူတို့က အခြောက်တွေဖြစ်နေလို့၊ ယောကျ်ား စစ်စစ်ကြီးတွေသာဆို ငါတော့ ဒီနေရာမှာတင် လဲပြီးသေနိုင်တယ်"

ထိုနောက် တဘက်ကို ခါးမှာ စည်းရန် ကြည့်လိုက်ရာ ပြနေသဖြင့် တိုတိုလေးသာ ကျန်တော့သည်။

"ဟင်. . တဘက်က ဘယ်လိုဖြစ်လို့ ပြဲပြီး တစ်ပိုင်းဖြစ်နေတာလဲ. . မထူးပါဘူး. . ဒါပဲ ပတ်ထားလိုက်မယ်. . လုံရင် ပြီးတာပဲ"

* * *





သူသူ တစ်ဖြစ်လဲ သူရဇလကတော့ မဘေယာကျော်လေးကို ဆွေးဆွေး ဆွေးစွဲလမ်းသွားလေပြီ။

အဲဒီအချိန်ကစလို့ အိပ်လည်း ဒီစိတ်၊ စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်၊ ဒီစိတ်တွေနှင့် အချိန်တိုင်းပြည့်ကျပ်နေတော့၏။

"မကျော်လေးရယ်. . ဘာကြောင့်များ ဒီလောက်လှနေရတာလဲ. . ဓမ္မာဒန္တီ၊ ပပဝတီ၊ ကလီယိုပတ်ထရာ၊ မိုနာလီဇာ. . ဒါတွေအားလုံးကို မေ့ ပိုက်လို့ရပြီ. . မင်းရဲ့အလှကမှ အရှိကိုအရှိအတိုင်း သဘာဝအလှ. . ငါတော့ မူးရပါပြီကွယ်"

အရူးကို အမဲသားကျွေးမိသလို သူသူတစ်ယောက် အခြောက်ဘဝ မြင်း အစစ်မကို တသသဖြစ်နေရတော့သည်။

သီသီကလည်း မဘေယာကျော်လေးကို ကြဲနေပေမယ့် အခြောက် ဘဝနဲ့လှုပ်ရှားနေရသည်မို့ ထင်တိုင်းမပေါက်ခဲ့။

ပြီးတော့ ဘေးနားမှာ ပြိုင်ဘက်တစ်ယောက်ရှိနေသည်မို့ အခါအခွင့် သင့်လျှင် အဲဒီ အင်အခြောက်မကို အခြောက်မအစစ် ဖြစ်သွားအောင် ဘဝ ပြောင်းပေးမည်ဟု သက်သက်ညှာညှာစဉ်းစားထားပါ၏။

အဲဒီနှစ်ယောက်ထဲမှာ ဘယ်သူက မဘေယာကျော်လေးနှင့် ပိုရင်း နှီးခွင့်ရပြီး ဘယ်သူက မဘေယာကျော်လေးရဲ့အချစ်ကို ပိုင်ဆိုင်ရမလဲ. .

ဘယ်သူက မဘေယာကျော်လေးနှင့်ညားပြီး ဘယ်သူက လမ်းဘေး ဘယာကြော်သာ ဝယ်စားပြီး ဖြေသိမ့်ရမလဲ ငွေရောင်စာမျက်နှာပေါ်မှာ ဆက်လက်ရှုစားပါရန်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

ဦးနေကမ္ဘာကျော်ရဲ့အခြေအနေကို ကုသဖို့အတွက် ရွာက ပယော ဆရာတစ်ယောက်ကို ခက်ခက်ခဲခဲပင့်ကာ အခန်းထဲထည့်ပေးလိုက်သည်။

အခြေအနေကို မေကျော်နှင့် အခြောက်မနှစ်ယောက် စေ့ရုံစေ့ထား သောတံခါးမှ ချောင်းကြည့်ပြီး ရင်ခုန်နေကြ၏။

အချိန်ကလည်း ည ၉း၀၀ နာရီလောက်။

ပယောဂဆရာက လက်ထဲမှာ ကြိမ်တစ်လုံးကိုင်ထားပြီး

"မှန်မှန်ပြောစမ်း အစိမ်းမ. . နင် တစ်ပါးသူရဲ့ခန္ဓာကိုယ်ကို ဝင်ကပ် ပြီး ဒုက္ခပေးနေတာ မဟုတ်လား"

ဦးနေကမ္ဘာကျော်ခန္ဓာကိုယ်ကြီး တဆတ်ဆတ် တုန်ရီကာ ဟီလာ တိုက်လျက် -

"ဟား. . ဟား. . ဟား. . ဟီး. . ဟီး. . ဟီး. . ဟိုး. . ဟိုး. . ဟိုး ဟဲ. . ဟဲ. . ဟဲ"

"ဟဲ့. . အစိမ်းမ၊ နင့်ကို ရယ်နည်းတွေ မေးနေတာမဟုတ်ဘူး. . ငါ မေးတာဖြေ၊ နင် သူများခန္ဓာကိုယ်ထဲ ဝင်ကပ်ထားတာ မဟုတ်လား"





ဦးနေကမ္ဘာကျော် မိန်းမအသံကြီးနှင့်

"ဟုတ်တယ်. . ယောကျ်ားတွေကို မုန်းလို့. . ငါ့နေရာကိုရောက်လာ တဲ့ ယောကျ်ားမှန်သမျှ အကုန်ဒုက္ခပေးမှာ. . နင်လည်း ပါတယ်"

"အောင်မာ. . ယောကျ်ားတွေကိုမုန်းရအောင် ယောကျ်ားတွေက နင့် ကို အတ္တာပြုနေလို့လား"

"ဟုတ်တယ်. . ငါ့ကို အတ္တာပြုနေလို့. . နင်က ငါ့ကို အတ္တာပြုဖို့လာ တာ မဟုတ်လား. . နင် မပြုခင် ငါပြုပြမယ်"

"အနားမကပ်နဲ့နော်. . သရဲမ၊ အနားကပ်ရင် ဒုက္ခရောက်သွားမယ်။ ပယောဂဆရာ သံကွန်ချာတဲ့. . အဲဒီလို အစိမ်းပူးခံရတဲ့မိန်းကလေးတွေ ရွာ မှာ ငါကုပေးလိုက်လို့. . "

"ဗိုက်ကြီးသွားတယ် မဟုတ်လား"

"ဟဲ့. . စကားဖြတ်မပြောနဲ့. . ဗိုက်ကြီးတာ သူ့ဘာသာသူ တခြား ကောင်နဲ့ရတာ. . ငါနဲ့မဆိုင်ဘူး"

"တော်စမ်း. . နင်တို့ ပယောဂဆရာတွေ. . မသိရင် ခက်မယ်. . . မိန်းကလေးတွေ သူ့ဘာသာသူ နေမကောင်းလို့ မှိုင်တွေနေရင် ပယောဂကပ် တယ်ပြော၊ ပြီးရင်. . မိဘတွေကို အခန်းအပြင်ထုတ်ပြီး အထဲမှာ နှစ်ယောက် တည်း မတရားကြံ၊ ဒါ. . နင်တို့ရဲ့လုပ်ကွက်တွေ"

ပယောဂဆရာ မျက်လုံးပြူးသွား၏။

"ဟင်. . နင်. . ဒါတွေ ဘယ်လိုသိလဲ"

"သိတာပေါ့. . တလောက ငါ ဝင်ပူးကပ်ထားတဲ့ မိန်းကလေးတစ် ယောက်ကို ပယောဂဆရာက မသိဘဲ အိပ်ဆေးတိုက်ပြီးကြံတာ. . တစ်သေ လေးက ဘာမှမသိဘဲ ငါ ခံလိုက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရင်လည်း နင် . . အဲဒီ မိန်းကလေးခန္ဓာကိုယ်က ခွာလိုက်ပါတော့လား . . ဘာလို့ငြိမ်နေတာလဲ"

"မခွာချင်ပါဘူး . . အဲလေ . . လျှာမရှည်နဲ့ ခွာခွာ မခွာခွာ နင့်အလုပ်မဟုတ်ဘူး . . ဒီညတော့ နင့်ကိုနွာမယ်"

"နွာရအောင် ငါက ငှက်ပျောသီးအခွံမှမဟုတ်တာ"

"နင်က ငါ့ကိုနောက်တယ်ပေါ့"

သရဲပူးခံထားရသော ဦးနေကမ္ဘာကျော်နှင့် ပယောဂဆရာ လုံးထွေးသတ်ပုတ်နေသည်ကို တံခါးအပြင်မှချောင်းကြည့်နေသော မေကျော်တို့ သုံးယောက်သား ရင်တွေ ခုန်နေကြပါသည်။

မေဘယာကျော်က အဖေရင်းပေမယ့် ဒီတိုက်ပွဲမှာတော့ ဦးနေကမ္ဘာကျော်ကို ရှုံးစေချင်တာ အမှန်။ ဒါမှလည်း သူမအဖေ သရဲစီးခံထားရတဲ့ဘေးက လွတ်မှာကိုး။

သီသီက အကြံတစ်ခုရပြီး -

"သူတို့နှစ်ယောက် ခုလို လုံးထွေး သတ်ပုတ်နေတုန်း ဘုရားစင်ပေါ်က ရေမန်းနဲ့ဖျန်းလိုက်ရင် ကောင်းမယ် . . ဒါဆို ထွက်သွားမလား မသိဘူး"

"ဟာ . . ကောင်းတယ်၊ သီသီ . . အဲဒါဆို ဘုရားခန်းထဲမှာ သွားယူလိုက်ပါလား"

"ဟင့်အင်း . . တစ်ယောက်တည်း မသွားရဲပါဘူး . . မေကျော်လေးပါလိုက်ခဲ့"

"အင်း . . အဲဒါဆိုလည်း ပြီးရောလေ"

"အို . . တို့က တစ်ယောက်တည်းကျန်ခဲ့ရမှာလား . . မနေရဲပါဘူး"

"ကဲ . . အဲဒါဆိုလည်း သုံးယောက်လုံးသွားကြတာပေါ့"





"အင်း . . ကောင်းတယ်"

သူတို့သုံးယောက် ဘုရားစင်ပေါ်က ရေမန်းသွားယူပြီး ပြန်အလာ-

"အမေရေ . . ကြောက်တယ်ဗျ . . သားသားကို မျက်လုံးကြီး ပြူးပြ
လိုက်တာ အကြီးကြီးပဲ . . လိမ္မော်သီးလောက်ရှိတယ် . . နိုင်ဘူး . . နိုင်ဘူး . .
အဲဒီလောက်အကောင်ဆို သားသားလည်း နိုင်ဘူး"

လန့်ကြောင်ကြောင်သွားသော ပယောဂဆရာရဲ့အဖြစ်ကိုကြည့်ကာ မေကျော် လက်ထဲက ရေမန်းခွက်ကို လွတ်မကျအောင် မနည်းထိန်းထားလိုက်ရသည်။

ပုဆိုးကို ခါးတောင်းကျိုက်ကာ မျက်စိပျက်မျက်နှာပျက်နှင့် အခန်းထဲက ပြေးထွက်လာသော ပယောဂဆရာ ဘယ်သူ့ကိုမှ နှုတ်မဆက်နိုင်တော့ဘဲ အပြင်ကို တန်းပြေးလေပြီ။

မေကျော်တို့သုံးယောက် ပိတ်ထားသောတံခါးကို လက်နှင့် အနည်း
ငယ် တွန်းဟပြီး အထဲကိုကြည့်တော့ . . ဦးနေကမ္ဘာကျော်မှာ ဘာမှ မဖြစ်ခဲ့
သလို ခုတင်ပေါ်တွင် တစောင်းလေး အိပ်မောကျလျက်။

သူ့ခုတင်ခြေရင်းဘက်က အခန်းထောင့်လေးမှာ ဆံပင်ဖားလျားနှင့်
မိန်းမတစ်ယောက် မေကျော်တို့သုံးယောက်ကို စိုက်ကြည့်နေသည်ကိုတော့
ဘယ်သူမှသတိမထားမိပါချေ။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

မျက်နှာငယ်လေးနှင့်မှိုင်တွေနေသော မေကျော့ကိုကြည့်ကာ သူသူနှင့်သီသီ စိတ်မကောင်း။

"အန်ကယ့်ကိုယ်မှာ ဝင်စီးထားတဲ့ မကောင်းဆိုးဝါးကို နှိမ်နင်းဖို့အတွက် နည်းလမ်းတစ်ခုတော့ပေါ်လာမှာပါ မေကျော့ရယ်၊ သိပ်လည်း စိတ်ထဲမှာ အပင်ပန်းမခံပါနဲ့"

"အခုဟာက ဘုန်းကြီးတွေပင့်ပြီး ထုတ်တာတောင် ရမှမရတဲ့ဟာ မေကျော့ စိတ်ပေါ့ပေါ့ပါးပါးနေနိုင်ပါ့မလား သူသူရယ် . . ရုံးက ဝန်ထမ်းတွေအားလုံးကတော့ ဖေဖေ့ကို သရဲပူးနေမှန်း မသိဘူး . . အရူးအပေါကြီး ဆိုပြီး အကုန်လုံးက ဟာသလုပ်နေကြတယ် . . မေကျော့လည်း စိတ်ညစ်ပါတယ်၊ ဘေးဘယာတွေ ကျော်လွှားနိုင်အောင်လို့ မေဘယာကျော်လို့ သမီးနာမည်ကို မှည့်ပေးထားတဲ့ အဖေ၊ ခုတော့ ဘေးအန္တရာယ်နဲ့တွေ့နေပြီ . . သမီး မကယ်နိုင်ဘူး . . စိတ်ညစ်တယ် ဖေဖေရယ်"

"သီသီ အကြံတစ်ခုရတယ် သိလား"

"အဲဒီအကျန်ကို စားလိုက်ပြီလား"





"ခွေးကျွေးလိုက်ပြီ . . အဲလေ . . ဟဲ့ကောင်မ မဖောက်နဲ့၊ ဒီမှာ စကာ
အကောင်းပြောမလို့"

"အင်းလေ . . သူသူကလည်း ဒီမှာ စိတ်ညစ်နေရတဲ့အထဲ . . သီသ
ဘာပြောမှာလဲ . . ပြော"

"ဒီလို . . မေကျော့ရဲ့၊ တို့တောက ရွာတစ်ရွာမှာ သရဲနိုင်တဲ့ ဆရ
တစ်ယောက်ရှိတယ်၊ သူ့နာမည်က ဗေဗေ . . တဲ့၊ သူ့မှာ အပါယ်လေးဘုံအ
မြင်နိုင်တဲ့ ထူးခြားတဲ့အစွမ်းရှိပြီး ပရလောကနဲ့လည်း အဆက်အသွယ်ရှိတယ
ရွာမှာ သရဲဝင်စီးခံရတဲ့သူတွေ၊ သရဲသောင်းကျန်းတဲ့အိမ်တွေ သူ နှိမ်နင်းလို
ငြိမ်သွားတာ"

မေကျော့မျက်နှာ အရောင်လက်သွားသည်။

"ဟယ် . . အဲလိုလူမျိုး တကယ်ရှိတယ် . ."

"ရှိတာပေါ့၊ သူ့အသက်က ခုမှသုံးဆယ်ကျော်ပဲရှိသေးတာ . . လူငယ
တစ်ယောက်ပဲ"

"မေကျော့ . . အဲဒီ . . ဗေဗေဆိုတဲ့သူနဲ့ တွေ့ချင်တယ်"

"တို့လည်း အဲဒါကို စဉ်းစားမိတယ်၊ ဒါပေမယ့် ကိုယ့်ဘာသာ ကိုယ
သွားပြီး ကိုယ့်ဘာသာကိုယ်ပြန်လာရင် ဒီမှာကျန်ခဲ့မယ့် မေကျော့ဖေဖေ တစ
ခုခုဖြစ်သွားမှာ စိုးရိမ်ရတယ် . . ရွာကလည်း ဝေးတော့ သူ့ပါ တစ်ခါတည
ခေါ်သွားပြီးပြတာ အကောင်းဆုံးပဲ"

"ဒါပေမယ့် ဖေဖေ့ကိုခေါ်လို့ ဘယ်လိုလုပ်ရမှာလဲ၊ သူက သရဲဝင်
ခံထားရတဲ့ဟာ . . ကြည်ကြည်ဖြူဖြူလိုက်ပါ့မလား"

သူသူက တစ်ခုစဉ်းစားမိပြီး -

"တကယ်လို့ လိုက်ခဲ့သည်ထားဦး၊ တို့သုံးယောက်တည်းဆို လ



www.burmeseclassic.com

www.burmeseclassic.com



မေကျော့်ဖေဖေ တစ်ခုခုလုပ်မှာ စိုးရိမ်ရတယ်၊ အဲဒီတော့. . မေကျော့်ဖေဖေ လက်ရှိဖြစ်ပျက်နေတဲ့အဖြစ်အပျက်ကို ရုံးက အခြောက်တွေသိအောင် ပွင့်ပွင့်လင်းလင်းပြောပြီး သူတို့အကူအညီနဲ့ ချုပ်ခေါ် သွားမယ်. . အဲဒီလောက်အင်အားနဲ့ဆို ဘာမှကြောက်စရာမလိုတော့ဘူး"

သူသူ့အကြံကို သီသီကလည်း အားရဝမ်းသာထောက်ခံသည်။

"ဟုတ်တယ်. . ဟုတ်တယ်. . တစ်ရုံးလုံး အလုပ်ခဏနားပြီး ရွာကို ပျော်ပွဲစားထွက်ကြမယ်ဆိုတဲ့သဘောမျိုးနဲ့ခေါ်ရင် အားလုံးကလည်း လိုက်ကြမှာ သေချာတယ်"

မေကျော့်က တွေးတွေးဆဆဖြင့်

"အင်း. . တစ်ရုံးလုံးဆိုတော့ ခရီးဝေး Express ကားကြီးကို စီးလုံးငှားရမှာပဲ"

◆ ◆ ◆



(၂၁)

♫ ငါထားခဲ့ပြီ မဟုတ်လား. . နင် မေ့လိုက်ပါတော့ကွာ၊ သတိရတဲ့ အကြောင်းတွေကို နင်ပြန်မတွေးနဲ့. . အရင်အတိုင်းပဲလား. . မမေ့သေးဘူးလား. . ကြာရင် မင်းတစ်ယောက် မေ့နိုင်သွားမှာ ♫

ကားပေါ်မှာ ပိုပိုရဲ့သီချင်းလေးကို ဖွင့်ပြီး ပျော်မြူးနေကြသော. . အခြောက်အဖွဲ့ကြီးမှာ ပျော်ပွဲစားထွက်လာသည့်အတိုင်းပင်။

အမှန်တော့ မောင်းတဲ့ ဒရိုင်ဘာမှာ အရင်က ယောကျ်ားဖြစ်သော်လည်း ယောကျ်ားတွေကိုမုန်းတီးနေသော သရဲမက ခြောက်လှန့်လိုက်သောကြောင့် မနေနိုင်ဘဲ ဆင်းပြေးရကာ ကားမောင်းတတ်သောအခြောက်မ သီသီက ဝင်မောင်းနေရခြင်းဖြစ်သည်။

တစ်စီးလုံးမှာ သူတစ်ယောက်တည်း ကားမောင်းတတ်တဲ့. . အကျိုးကျေးဇူးကြောင့် သူသူမှာ ကားပေါ်၌ မေကျော့်လေးဘေးနား အနီးကပ်ပိုနေခွင့်ရပြီး အနှောင့်အယှက်ကင်းကင်းဖြင့် လွတ်လပ်နေတော့သည်။

www.burmeseclassic.com



သီသီကတော့ မမောင်းချင် မောင်းချင်နှင့် မျက်နှာကြီးရှုံ့မဲ့လျက်။

သရဲမအင်္ငံ ဝင်ပူးခံထားရသော ဦးနေကမ္ဘာကျော်မှာ အခြောက်တွေနှင့်ရောကပြီး အကြောထနေလေသည်။

ယောက်ျားတွေကို စိတ်နာလို့ ကိုယ့်ကိုယ်ကို သတ်သေပြီးနောက်ပိုင်း မိန်းမအစစ်တွေနှင့် အခြောက်တွေကိုသာ အနားမှာရှိစေချင်သော သူမဆန္ဒလေး ခုတော့ ပြည့်ဝခဲ့ပါပြီ။

ထို့ကြောင့် တီးလုံးနှင့်အပြိုင် ကကြိုးဆင်လျက် ထထိုးချင်စရာ အရူးအရာကို ပြသနေ၏။

♫ အိုပါး. . ဂန်းနားစတိုင် ♫

သူသူကတော့ မေကျော်လေးဘေးနားမှာကပ်ပြီး ကြုံ့နေသည်။

"မေကျော် ဒီခရီးစဉ်သာ အန်ကယ့်ကို ဆေးကုဖို့ခေါ်လာတာမဟုတ်ဘဲ ပျော်ပွဲစားထွက်လာတာဆို. . ဘယ်လောက်ပျော်ဖို့ကောင်းလိုက်မလဲနော်"

မေကျော်လေးကလည်း အပြင်က ညနေစောင်းရှုခင်းကို ကြည့်ပြီး ကြည်နူးလျက်. . .

"မေကျော်တို့ချည်းပဲဆို သိပ်ပျော်ဖို့ကောင်းမှာ မဟုတ်ဘူးနော်. . ခု မာမီတို့ တစ်ရုံးလုံးပါတော့ ဒယ်ဒီ သရဲဝင်ပူးနေလို့ကြောက်တာကိုမေ့ပြီး ပျော်တောင် ပျော်လာသလိုပဲ"

ရုံးက မာမီတွေကလည်း ကားပေါ်မှာ ဆူညံစွာ အော်ဟစ်သောင်းကျန်းလျက် သရဲပူးခံထားရသော ဦးနေကမ္ဘာကျော်နှင့် တွဲကနေသည်။ ဦးနေကမ္ဘာကျော်မှာ ပုံမှန်အသိစိတ် ပျောက်ပြီး သရဲမ ပူးကပ်ထားသည် ဖြစ်၍ အခြောက်တွေနှင့်တွဲကရတာကို အသားကုန်ပျော်နေ၏။

"မာမီရယ်. . ရှာပေးကွယ်. . ဆီးပြားလိုချင်တယ်. . ဟီဟိ"





သူတို့တွေ အဲဒီလိုဗရုတ်ကျနေစဉ် ကားရှေ့မှာ လူတစ်ယောက် လက်လှမ်းတားနေ၏။

"ဘယ်သူပါလိမ့်"

သီသီက ကားကို အရှိန်လျှော့ပြီးရပ်ပေးလိုက်ရာ. . . အမျိုးသားတစ်ယောက် မောကြီးပမ်းကြီး ကားပေါ်ပြေးတက်လာသည်။

"ဘယ်သူလဲ. . ဘာဖြစ်လာတာလဲ"

ကားပေါ်ကအခြောက်တွေအားလုံး ထိုအမျိုးသားကို ဝိုင်းကြည့်လိုက်ကြသည်။

"ဟယ်. . သူငယ်လေးလည်း မဟုတ်ဘူး၊ သူငယ်ကြီးပါလား"

၎င်းအမျိုးသားမှာ ကားပေါ်ရောက်ရောက်ချင်းမှာပင် တုန်ရီနေသော အသံဖြင့် -

"သ. . . သရဲခြောက်ခံရလို့"

* * *



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ဟိုင်းဝေးကားကြီး လမ်းမှာ ထမင်းဆိုင် ဝင်စားကြတယ်. . ကားပေါ်မှာပါလာတဲ့ အမျိုးသမီးတစ်ယောက်က အဲဒီထမင်းဆိုင်မှာ ထမင်းဝင်စားရင်း သူ့ဟန်းဖုန်း မေ့ကျန်ခဲ့တာကို အတော်ဝေးဝေး ရောက်မှ သတိရတယ်. . အဲဒါနဲ့ ကားဒရိုင်ဘာကိုပြောတော့ ဒရိုင်ဘာက ကားကို ခဏရပ်ပြီး စပယ်ယာကို ဆိုင်ကယ်ကယ်ရီနဲ့ အဲဒီထမင်းဆိုင် ပြန်သွားယူပေးဖို့ပြောတယ်. . စပယ်ယာလည်း သွားယူတာ လမ်းမှာ နာရီဝက်လောက် ကြာသွားတယ်. . အဲဒါနဲ့ ဒရိုင်ဘာက စိတ်မရှည်တော့ဘဲ စပယ်ယာဆီ ဖုန်းဆက်တော့ လူတစ်ယောက်ကိုင်တယ်၊ ဒီဖုန်းပိုင်ရှင်ဟာ ဟိုင်းဝေးလမ်းမကြီးပေါ်မှာ ဆိုင်ကယ်စလစ်ဖြစ်လို့ မှောက်ပြီး ပွဲချင်းပြီး ဆုံးသွားပါတယ်တဲ့"

"အို. ."

"ဖြစ်မှဖြစ်ရလေ"

"သနားပါတယ်"

"ဖုန်းမေ့ကျန်ခဲ့တဲ့ အမျိုးသမီးကြီးကတော့ တော်တော်စိတ်ထိခိုက်နေမှာပဲ၊ သူ့ပယောဂမကင်းဘူးဆိုပြီး"

အားလုံးက ခရီးသွားလုလင် ပြောပြတဲ့ ဇာတ်လမ်းလေးကို နားဆင်ကာ ကရုဏာသက်နေကြသည်။ တစ်စီးလုံးက အာရုံတွေ သူ့ဆီမှာစုပြုံလျက်။

"အဲဒါနဲ့ ကျွန်တော်တို့ကားကြီး လိုရာခရီးကိုဆက်သွားကြတော့ လမ်းတစ်လျှောက်မှာ သေသွားတဲ့ ကားစပယ်ယာက တစ်လမ်းလုံး အဲဒီကားကြီးရှေ့မှာ ကြိုကြိုရောက်နေပြီး လှမ်းလှမ်းတားတယ်"

"ဟယ်"

အားလုံး ကြက်သီးမွေးညင်းတွေ ထသွားကြ၏။

"ဒရိုင်ဘာရော. . ခရီးသည်တွေရော ကြောက်လန့်ပြီး ဘုရား တရား





တ,ကြတာပေါ့. . ဒရိုင်ဘာကလည်း ကားကို လုံးဝရပ်မပေးဘူး၊ သေသွားတဲ့ စပယ်ယာကလည်း သူ့ကို မရပ်ပေးမချင်း တောက်လျှောက်ရှေ့ကနေ ကြိုကြိုရောက်နေပြီး တားတယ်၊ တစ်ခါတားလို့ မရပ်ပေးဘဲ ကျော်သွားလိုက်၊ တစ်ခါတားလို့ မရပ်ပေးဘဲ ကျော်သွားလိုက်နဲ့ နောက်ဆုံး အဲဒီကားကို သွားမယ့်ခရီးစဉ် မမောင်းတော့ဘဲ အနီးဆုံးရွာတစ်ရွာက ဘုန်းကြီးကျောင်းကို ပရိတ်ရွတ်ပေးဖို့ မောင်းပြေးတော့တယ်"

"ဒါနဲ့. . ရှင်ကရော အဲဒီကားပေါ်မှာပါလာတဲ့ ခရီးသည်ပဲ မဟုတ်လား. . ဘာလို့ အဲဒီကားနဲ့လိုက်မသွားဘဲ ဒီကားပေါ် ပြေးတက်လာရတာလဲ၊ ဒီကားက ယောက်ျားလေးတွေ တင်လို့ မရဘူးရှင့်. . တင်ရင် တစ်ခုခုဖြစ်လို့ တို့လို ဂျော်ရကီးတွေချည်းပဲ စီးတဲ့ကား"

ခရီးသည်က ထိုအခြောက်မမျက်နှာကို တင်းတင်းကြည့်ပြီး

"ကျုပ်က အဲဒီကားပေါ်မှာပါလာတဲ့ ခရီးသည် မဟုတ်ဘူး၊ အဲဒီကားပေါ်က သေသွားတဲ့ စပယ်ယာ. . သူတို့ကား ကျုပ်ကိုရပ်မပေးလို့ ခင်ဗျားတို့ကားပေါ်တက်လာတာ"

"ရှင်"

အခြောက်မ ဘာပြန်ပြောရမှန်း မသိတော့ဘဲ ထိုအစိမ်းသေ စပယ်ယာမျက်နှာကိုကြည့်ကာ ငုတ်တုတ်မေ့သွားတော့သည်။

"ဂစ်"

ကျန်တဲ့အခြောက်မတွေအားလုံးလည်း ကြက်သေသေလျက်. .

"သူငယ်ကြီး မဟုတ်ဘူးတော့. . သရဲကြီး"

မေဘယာကျော်လေးဆိုလျှင်. . ကြောက်ပြီး သူ့သူ့ရဲ့လက်မောင်းကို အားကိုးတကြီး ဖက်တွယ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်အရမ်းချစ်ရတဲ့ မိန်းကလေးက ခုလိုကိုယ့်ရင်ခွင်ထဲရောက်လာပြီဆိုလျှင် ဘာလုပ်မည်နည်း။ ပြောစရာမလို. . စိတ်မထိန်းနိုင်ဘဲ ပါးလေးကို ရှုတ်ခနဲ နမ်းလိုက် ၏။

အဲဒီအချိန်မှာ အစိမ်းသေစပယ်ယာရှိရာသို့ တန်းတန်းမတ်မတ်ကြီး လျှောက်လာသူက ဦးနေကမ္ဘာကျော်။

သူက သရဲမ ဝင်ပူးခံထားရသည်မို့ သရဲထီးနှင့်သရဲမ ထိပ်တိုက်တွေ့ကြပြီ။

ဦးနေကမ္ဘာကျော် မိန်းမအသံကြီးနှင့် စပယ်ယာကိုပြုံးကြည့်ပြီး -

"ယောက်ျားဆိုရင် လူပဲ ဖြစ်ဖြစ်၊ သရဲပဲ ဖြစ်ဖြစ် ကြည့်လို့ မရဘူး၊ ငါ့ဘေးနားမှာ မိန်းမနဲ့ အခြောက်တွေပဲ လက်ခံတယ်. . ခုချက်ချင်း ကားပေါ်က ဆင်း"

"မဆင်းဘူး၊ နင်ဆင်းနိုင်းတိုင်း ဆင်းရအောင် ငါက နင့်လင် မဟုတ်ဘူး. . အိမ်လခမပေးနိုင်လို့ နှင်ချတဲ့ပုံစံမျိုး လာမလုပ်နဲ့"

"မိုက်ရိုင်းလိုက်တဲ့ကောင်. . ကဲဟယ်. . "

သရဲမက စပယ်ယာသရဲကို ဆံပင်ဆွဲပြီးပါးရိုက်ချရာ ကားပေါ်မှပြုတ်ကျသွား၏။

"ဟား. . ဟား. . ဟား. . . ဟား"

သရဲမကျေးဇူးကြောင့် ကားတစ်စီးလုံး ခုမှအကြောက်ပြေကာ ရယ်မောနိုင်ကြတော့သည်။

ဒီလိုကျတော့လည်း အားကိုးရသား။

♦ ♦ ♦



(၂၂)

အပယ်ရှင်းရွာ. . တဲ့။

အဲဒီရွာလေးမှာရှိတဲ့ နာနာဘာဝတွေဟာ လူထူးလူဆန်း ဗေဗေ ဆို သူကို ကြောက်သဖြင့် မနေရဲကြ။

ကြောက်မှာပေါ့. . ဗေဗေ ဆိုသူရဲ့ရုပ်က တာတေလန်အောင် ဆို သဖြင့် သရဲကတောင် ပြန်ကြောက်ရခြင်းပင်။

အဲဒီ ဗေဗေက ဦးနေကမ္ဘာကျော်ကို ကြည့်ပြီး ခေါင်းတဆတ်ဆတ် လုပ်နေရာ အထဲမှသရဲမက ထ,ရယ်သည်။

"ဟဲ့. . ဘာရယ်တာလဲ"

"ဩော်. . မဟုတ်ပါဘူး၊ ယောက်ျားတွေကိုကြည့်မရလို့ ယောက်ျာ မှုန်ရင် ပါးဆွဲရိုက်ဖို့စဉ်းစားထားတာ. . နင့်ရုပ်ကြည့်ပြီး မရိုက်ရက်တော့လို့"

"ဘာလဲ ရုပ်ကလေးက သနားကမားလေးမို့လို့လား"

"ဟုတ်တယ်. . သနားစရာအခွက်လေး. . ဆိုးလိုက်တာ လွန်ပါရော နင့်ကိုကြည့်ပြီး ရယ်ချင်တယ်. . ငါက ရုပ်ချောတဲ့ယောက်ျားတွေဆို သိပ်ကြည့် ရဘူး. . စားပြီးနားမလည် လုပ်တတ်လွန်းလို့၊ နင့်ရုပ်မျိုးဆိုရင်တော့ ရည်းစား တောင် မနည်းရှာပေးရမှာမို့ သနားတယ်"



www.burmeseclassic.com

www.burmeseclassic.com



သရဲနိုင်ဗေဗေ ဒေါသထွက်သွား၏။

"အောင်မာ. . သရဲမက လူပါး၀လို့၊ အဲလေ. . သရဲပါး၀လို့"

ဗေဗေ ဆေးကြိမ်တုတ်ကို ထုတ်လိုက်ရာ

"ဘာတုတ်လဲ"

"နင်တို့သရဲတွေကို ရိုက်ထုတ်မယ့် ဆေးကြိမ်တုတ်"

"ဒါလေးလောက်တော့ သနားတယ်ဟေ့"

♪ ပျင်းတောင်ပျင်းသေးတယ်ဟေ့၊ ပျင်းတောင် ပျင်းသေးတယ် ♪

သရဲနိုင်ဗေဗေ ရုတ်တရက် သီချင်းထဆိုရာ အငုံက မှတ်ချက်ချလိုက်၏။

"တော်တော်ပေါ်တာပဲ"

"တိတ်စမ်း. . သရဲမ. . ငါသီချင်းဆိုပြတယ်ဆိုပြီး မထီမဲ့မြင်မလုပ်နဲ့ နင့်လောက်ကတော့ ပျင်းသေးတယ်လို့ပြောတာ၊ နင် ဘာရည်ရွယ်ချက်နဲ့ ဒီခန္ဓာကို ၀င်ပူးထားတာလဲ"

"ပူးချင်လို့ ပူးတာ နင့်အပူလား"

"ဟာ. . ဒီသရဲမ ကြာကြာပြောရင် ငါတော့ ရှုံးတော့မှာပဲ"

သရဲနိုင်ဗေဗေက မေဘယာကျော်တို့ဘက်လှည့်ပြီး

"သရဲမက အကောင်နည်းနည်းကြီးတယ် သမီး၊ အဲဒီတော့ အချိန်ယူရမယ်. . သမီးတို့ ဒီမှာတည်းဖို့ ဘယ်နှရက်လောက် အချိန်ရလဲ"

"ရပါတယ်. . ဒယ်ဒီ့ကိုသာ အရှင်းပျောက်သွားအောင် ကုပေးပါ. . ကုန်ကျစရိတ် သမီးတာ၀န်ယူပါတယ်"





"ဟုတ်ပြီလေ. . ဒါဆို အန်ကယ့်ကိုယ်မှာကပ်နေတဲ့ သရဲမ တစ်ပတ်အတွင်းထွက်သွားအောင် လုပ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

မေဘယာကျော် မျှော်လင့်ချက်မျက်၀န်းကလေးတွေဖြင့် သူသူနှင့်သီသီကို လှည့်ကြည့်ပြီး ပြုံးလိုက်သည်။

သူတို့နှစ်ယောက်ကလည်း မေကျော်လေးကိုကြည့်ပြီး ပြုံးလိုက်၏၊ ပြီးနောက် အချင်းချင်းပြန်ကြည့်မိပြီး မာန်စောင်လိုက်ကြ၏။

"ဟွန်း"

* * *



www.burmeseclassic.com

www.burmeseclassic.com



မကျော် အိမ်ရှေ့ကွပ်ပျစ်လေးပေါ်မှာ ထိုင်ရင်း လသာတဲ့အရသာကို ခံစားနေခိုက် သီသီ အနားရောက်လာ၏။

"မကျော်. . တို့ရွာလေးက ဘယ်လိုလဲ၊ သာယာတယ်မဟုတ်လား"

"အင်း. . သာယာပါတယ်"

"တို့အမျိုးတွေ နေတဲ့ ဒီအိမ်မှာ တည်းရတာကော. . . အဆင်ပြေရဲ့လား"

"ပြေပါတယ် အိမ်ကြီးကလည်း အကျယ်ကြီးပဲ၊ အနောက်မှာလည်း စပါးခင်းကြီးရှိတော့ ရှုခင်းကောင်းတယ်"

"မကျော် အခုလို. . တို့ရွာရဲ့ရှုခင်းလေးကို သဘောကျတာ အရမ်းဝမ်းသာတာပဲ၊ အနကယ်လည်း အဆင်ပြေမှာပါ. . သူ့ကို သရဲနိုင်ဗေဗေရဲ့အိမ်မှာ ထားထားတာဆိုတော့. . တခြားသူတွေအတွက်လည်း အန္တရာယ်မရှိတော့ဘူးပေါ့"

"အင်း. . ဒယ်ဒီ့ရဲ့ကိုယ်မှာ ကပ်နေတဲ့ သရဲမ မြန်မြန်ထွက်သွားရင်ကောင်းမယ်နော်၊ အဲဒါမှစိတ်လွတ်လက်လွတ်ပိုပျော်လို့ရမှာ၊ ခုတော့ ကိုယ့်ရွာလေးရဲ့အလှအပကိုလည်း တစ်ဖက်က ခံစားရင်း ကြည်နူး၊ ဒယ်ဒီ့အတွက်လည်း စိတ်မအေးနိုင်လို့ တစ်ဘက်က ပူနဲ့ ရင်ထဲမှာ ပူလိုက်အေးလိုက်ပါပဲ"

"အဲဒီအတွက် ပေါ့ပေါ့ပါးပါးထားပါ မကျော်ရယ်. . သရဲနိုင်ဗေဗေနဲ့တွေ့ရင် မကျွတ်တဲ့သရဲဆိုတာ မရှိပါဘူး၊ သူက ဟိုဘက်မှာ ဆေးကု၊ တို့က ဒီဘက်မှာပျော်၊ မကောင်းဘူးလား"

"ဟင်း. . ဟင်း"

မကျော်က သွားတက်လေးပေါ်အောင် ရယ်လိုက်၏။ အဲဒီရယ်တာလေးကို ကြည့်ရင်း သီသီ ဖက်နမ်းချင်စိတ်တွေ ဖွားခနဲ ဖွားခနဲ။





အဲဒီလို သူတို့နှစ်ယောက် ထိုင်ခုံမှာ အတူထိုင်ရင်း စကားပြောနေကြသည်ကို သွားရင်းလာရင်း တွေ့သွားသော သူသူ့ရင်ထဲမှာ ဗလောင်ဆူနေပါသည်။

"ခွေးကောင်. . တော်တော် လူလည်လုပ်နေပါလား. . သွား နေဦး ......ာက်ဦးမှ"

"ဝုတ်. . ဝုတ်. . ဝုတ်"

"ဟင်. . ခွေးဟောင်သံပါလား၊ ဒီမှာ ခွေးရှိလားဟင်"

"မရှိပါဘူး မကျော်ရဲ့၊ ဘယ်က ခွေးပါလိမ့်"

"ညောင်"

"ဟင်. . ကြောင်အော်သံ၊ ကြောင်ကော မွေးထားလားဟင်"

"မမွေးထားပါဘူး"

"ဥသြ. . ဥသြ. . ဥသြ"

"ဟင်. . ဥသြက ညကြီးအချိန်မတော်၊ အချိန်အခါမဟုတ် ဘယ်က ......ာ်နေပါလိမ့်"

"သိဘူး"

"ဟီး. . ဟီး. . ဟီး"

"ဟင်. . မြင်းဟီသံ၊ မြင်းရှိလား"

"မရှိဘူး"

"ဘွတ်အဲ"

"ဟင်. . နွားအော်သံ၊ ဘယ်နားကလဲ"

"မသိဘူး"

"သ. . သရဲခြောက်တာထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ သရဲမရှိပါဘူး"

"တော်ပြီ၊ မနေရဲတော့ဘူး၊ အိမ်ထဲဝင်တော့မယ်"

မေဘယာကျော် ပြောပြီးထထွက်သွားရာ သူသူ ထိုင်ခုံမှာ ဟတ်ကော့ကြီး ကျန်ခဲ့တော့သည်။

"တောက်. . ခုချိန်ကျမှ ဘယ်က ေ--ာက်သံတွေ ထွက်လာတာလဲ . . . တိရစ္ဆာန်ပေါင်းကို စုံနေတာပဲ. . . ရည်းစားစကားတောင် မပြောလိုက်ရဘူး"

သူသူကတော့ ကြိတ်ရယ်လျက်။

သူ့ရဲ့အသံတုပညာက ဒီနေရာမှာတော့ အသုံးဝင်သွားလေပြီ။

♦ ♦ ♦



(၂၃)

ပေပေနှင့်အငုံ အခန်းတစ်ခန်းထဲမှာ နှစ်ယောက်တည်း ထိပ်တိုက်တွေ့နေလေပြီ။

"ကဲ. . ပြောစမ်း သရဲမ၊ နင့်ရဲ့ဘဝဇာတ်ကြောင်းအစုံနဲ့ ဘာလို့ သူများခန္ဓာကိုယ် ဝင်ပူးထားရသလဲဆိုတာ. . နောက်သလိုပြောင်သလိုနဲ့လုပ်မယ်တော့ မကြံနဲ့နော်၊ ပေကြီးက သဘောကောင်းတယ်၊ လက်သီးပြင်းတယ်"

"အို. . ကြောက်စရာကြီးပါလား. . ပြောပါ့မယ်ရှင့်၊ ဒီလိုပါ. . ဟိုး ရှေးရှေးတုန်းကပေါ့နော်"

ဘယ်ယောကျ်ားနှင့်မှ အကြောမတည့်ခဲ့သော သရဲမ အငုံမှာ ဆွဲဆောင် မှုကောင်းသော ပေပေနှင့်အတွေ့မှာတော့. . .

* * *



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . နင့်ရဲ့ဇာတ်ကြောင်းကို နားထောင်ရတာတော့ သနားစရာပါပဲ၊ ဒါပေမဲ့ ဦးနေကမ္ဘာကျော် ဆိုတာ နင်နဲ့မသိတဲ့ ယောက်ျားတစ်ယောက်၊ နင့်ကို စေနယ်လူးသွားတဲ့ယောက်ျားတွေထဲမှာ မပါဘူး၊ ဘာလို့ ဒုက္ခပေးရတာလဲ၊ ပြန်ခွာပေးလိုက်ပါ"

"အို. . ဘာလို့ခွာပေးရမှာလဲ၊ ငါ့ပိုင်နက်နယ်ထဲ ကျူးကျူးကျော်ကျော် ကုမ္ပဏီလာဖွင့်တဲ့ဟာကို ဒီလောက်တော့ ပညာပြရမှာပေါ့. . ယောက်ျားဆိုကြည့်မရလို့ ဘေးနားမှာ အခြောက်တွေချည်းပဲ ခေါ်ထားလိုက်တာ"

"ဟဲ့. . . နင့်ပိုင်နက်နယ်မြေလို့ ပြောရအောင် ဘယ်သူက အပိုင်စားပေးထားလို့လဲ. . စည်ပင်ပိုင်မြေ၊ နိုင်ငံပိုင်မြေ၊ အဲဒါတွေအပြင်. . သရဲပိုင်မြေဆိုတာပါ သတ်မှတ်ပေးလိုက်ရင် ငါတို့လူတွေ ဘယ်နေရာ သွားနေရတော့မလဲ"

"သစ်ပင်ပေါ်မှာ လင့်စင်ထိုးပြီးနေပေါ့"

"ဟဲ့. . စကားကို ကပ်သတ်မပြောနဲ့"

ဒီလိုနှင့် ပေပေနှင့်အငုံ အချိန်အတော်ကြာ ဆွေးနွေးကြလေသည်၊ တစ်ဘက်မှာလည်း အခြောက်မအဖွဲ့က ရွာထဲက သူငယ်တွေကို လိုက်ဆွဲနေသောကြောင့် သူတို့ကို လက်ခံထားသော သီသီရဲ့ဦးလေးဦးဝင်းနိုင် လာအတိုင်ခံရလေပြီ။

"ရှင်တို့ အခြောက်မတွေကို ကြည့်ထိန်းပါ ဦးဝင်းနိုင်၊ ကျွန်မသားလူပျို နုနုထွတ်ထွတ်လေး မိန်းမပိုးဖို့ ရွာရိုးကိုးပေါက်လှည့်နေတာကို လမ်းမှာဆွဲလားရမ်းလားလုပ်နေလို့၊ နောက်တစ်ခါဆို ရွာလူကြီးခေါ်ပြီး ထိပ်တုံးခတ်ခိုင်းမယ်၊ အဲဒါမှ အခြောက်နဲ့ထိပ်တုံး လိုက်သွားမှာ"

"ဟုတ်တယ်ရှင့်. . ကျွန်မမောင်ကိုလည်း ရည်းစားစကား ပြောလိုက်





လို့ ဟိုက ရှက်ပြီး အိမ်ထဲက အိမ်ပြင် မထွက်ရဲဘူး၊ အဲဒါ. . ခေါ်ယူရိုက်ပုတ်ဆုံးမပေးပါ ထုထောင်း ကန်ကျောက် ဆုံးမပေးပါ"

"ကျွန်မသားကိုလည်း ဝင်ရောပြီး. . ဟိုပွတ်ဒီပွတ် လုပ်လို့. . သားက ကြောက်နေပြီ. . မတော်တဆ ကျွန်မသားလေး ပန်းကောင်းအညွန့်ကျိုး မြ သွားလို့ကတော့ ရှင်တို့အခြောက်မတွေအားလုံးကို မြင်းတင်းကုပ်ထဲထည့်ပြီး မြင်းစာကျွေးပစ်မှာ"

ဦးဝင်းနိုင် အားလုံးကိုတောင်းပန်ရလေပြီ။

"ကဲပါဗျာ အားလုံးကိုတောင်းပန်ပါတယ်၊ ကျွန်တော် အဲဒီကောင် တွေကို. . အဲလေ. . အခြောက်မတွေကို ပါးပိတ်ရိုက်ပြီး ဖင်ဆောင့်ကန်ပေး မယ်. . အဲလောက်ဆို ကျေနပ်ပြီလား"

"ဟင့်အင်း. . မကျေနပ်သေးဘူး. . ကြောင်လေးတွေကို အိမ်ပေါ် အိးပါရင် ပြာပုံပေါ်မှာ ဖင်ဆောင့်သလို ဆောင့်ပေးစေချင်ပါတယ်"

"ကဲ. . ကဲ. . ဆောင့်ပေးပါ့မယ်"

"ဟွန်း. . ဒါဆိုလည်း ပြီးရော"

ဦးဝင်းနိုင် စိတ်ညစ်သွား၏။ ဒီအခြောက်မတွေကို ကောင်းကောင်း ကိုင်မှရတော့မည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

(၂၄)

သီသီ ရင်ထဲမှာ မမျိုသိပ်နိုင်တော့ဘဲ. . . မေကျော်ကို ဖွင့်ပြောလိုက်လေပြီ။

မေကျော် အံ့ဩတဲ့မျက်ဝန်းတွေနှင့် ကြောင်ကြည့်လျက်. .

"တကယ်တော့. . ကိုယ်တို့ နှစ်ယောက်ဟာ ရုတ်တရက်ဖြစ်ပေါ်လာတဲ့ အခြေအနေတစ်ခုကြောင့် အခြောက်ဟန်ဆောင်လိုက်ရတာပါ မေကျော် ကိုယ် အခု မင်းကို ရိုးရိုးသားသား ဝန်ခံလိုက်ပြီမို့ ကြိုက်တဲ့အပြစ်ပေးပါ"

သီသီ တစ်ဖြစ်လဲ နေမျိုးသီဟက မေကျော့်ရှေ့မှာ ဒူးထောက်လိုက်လေပြီ။

"မင်း ကိုယ့်ထက်ပိုပြီး သူ့သူ့ဟန်ဆောင်ထားတဲ့ သူ့ရဇလကို တွယ်တာသွားမယ့်အခြေအနေကို ကိုယ်မလိုလားဘူး၊ မင်းကတော့ အခြောက်ထင်ပြီး လက်ပွန်းတတီးနေပေမယ့် ဟိုကောင်ကတော့ စိတ်ထဲမှာချိုကြွနေမှာ ကိုယ် မြွေမြွေချင်း ခြေမြင်တယ် မေကျော်၊ ပြီးတော့ ဒီကောင့်မှာ ကိုယ့်လို အမှန်ကို ဝန်ခံရဲတဲ့သတ္တိ မရှိဘူး. . ဘာကြောင့်လဲဆိုရင် သူ့ယောကျာ်းမှန်းသိသွားတဲ့နေ့ဟာ မင်းရဲ့အနားက ခွာထုတ်ခံရမယ့်နေ့မို့လို့ပဲ. . အခြောက်ဘဝနဲ့မှ မင်းကို ဟန်ဆောင်လိမ်ညာပြီး အသားယူလို့ရမှာ"





မေဘယာကျော် အသားတွေ တဆတ်ဆတ်တုန်လျက်

"ကိုယ်ကတော့ ခုချိန်မှာ ဆက်ပြီး ဟန်မဆောင်ချင်တော့ဘူး မေကျော်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကို လိမ်ညာနေရတာ ကိုယ့်ကိုယ်ကို လိပ်ပြာမလုံလို့ပဲ၊ အဲဒါကြောင့် ရိုးရိုးသားသားဝန်ခံပြီး အပြစ်တွေခံယူလိုက်တာပါ မင်း. . ဟိုကောင်နဲ့အတူ ပျော်နေတာမြင်ရင် ကိုယ့်စိတ်တွေ နာကျင်ရတယ်၊ ဆက်ပြီး မခံစားနိုင်တော့ဘူး၊ ကိုယ်. . မင်းကို ချစ်မိသွားတဲ့အတွက် ကိုယ့်ကို ခွင့်လွှတ်ပါ"

မေဘယာကျော် ရှက်စိတ်၊ ဒေါသစိတ်၊ နာကျင်စိတ်တွေ ပေါင်းဆုံပြီး ငိုယိုထွက်ပြေးသွား၏။

သူ့ရှေ့မှာ အမှန်ကိုဝန်ခံလိုက်တဲ့ သီသီတစ်ဖြစ်လဲ နေမျိုးသီဟထက် ဒေါသထွက်တာ ဟိုကောင်။

သူ့သူ့တစ်ဖြစ်လဲ သူ့ရဇလ။

ဒင်းက သူမကို ရေချိုးခန်းထဲ တဘက်မေ့ခဲ့လို့လာပေးခဲ့စဉ်က မြင်ပြီးသွားပြီ။ ရှက်လိုက်တဲ့ ဖြစ်ခြင်း။

ပြီးတော့ ကားပေါ်မှာတုန်းကလည်း သရဲ တက်လာတာကို အခွင့်ကောင်းယူပြီး နမ်းလိုက်သေး၏။

အဲဒီကတည်းက သက်ာမကင်းဖြစ်နေတာ။ ခုတော့ ဘွင်းဘွင်းကြီး ပေါ်ပြီ။

ဒင်းက နှမချင်းမစာနာ။ သူ့ကို အသားယူနေတာကိုး။

တွေ့ကြပြီပေါ့။

"ဖြန်း"

"လူယုတ်မာ၊ နှမချင်းမစာနာတဲ့ကောင်၊ လူလိမ်၊ ရှင့်ကိုမုန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေ. . မေကျော်၊ ကိုယ် ရှင်းပြပါရစေ"

"ရှင်. . ဘာထပ်လိမ်ဦးမလို့လဲ"

"ကိုယ် လိမ်တာ မဟုတ်ပါဘူး"

"လိမ်တာမဟုတ်ရင် ညာတာပေါ့၊ ဆင်အကောင်လိုက်မြင်နေတာတောင် ကြောင်လိမ်ကြောင်စားလုပ်ချင်တယ်၊ တော်သေးတာပေါ့. . ကိုနေမျိုးသီဟသာ ရှင်းမပြခဲ့ရင် ကျွန်မကို ဘယ်အချိန်အထိ ဆက်အသားယူနေမလဲ မသိဘူး"

"ကိုယ်. . ကိုယ် အသားယူတာ မဟုတ်ပါဘူး မေကျော်"

"အဲဒါဆို အသားယူတာမဟုတ်ရင် ဘာလဲ. . နှာဘူးထတာလား. . ကျွန်မကို ကားပေါ်မှာ နမ်းလိုက်ကတည်းက မသင်္ကာဖြစ်နေတာ"

"ကိုယ့်စိတ်တွေ ထိန်းချုပ်ဖို့ခက်သွားလို့ပါ မေကျော်ရယ်"

"ဆိတ်တွေ ထိန်းချုပ်ဖို့ခက်သွားရင် စားကျက်ထဲသွားပြီး ကျောင်းနေလိုက်၊ ဒီနေ့ကစပြီး ရှင့်မျက်နှာ ကျွန်မမမြင်ချင်တော့ဘူး"

"အဲ. . အဲလို မလုပ်ပါနဲ့ မေကျော်ရယ်. . မင်းကျေနပ်အောင် ကိုယ် ဘာလုပ်ပေးရမလဲ"

"အခြောက်အစစ်ဖြစ်သွားအောင် ယိုးဒယားသွား ဖြတ်ဖောက်ချုပ်လုပ်လိုက်၊ အဲလိုမလုပ်နိုင်ရင် ပြန်မလာနဲ့"

မေကျော် အပြတ်ပြောပြီး လှည့်ထွက်သွားလေသည်။ သူသူ တစ်ဖြစ်လဲ သူရဝလကတော့ မျက်ရည်ဝဲလျက်။

"ရက်စက်လိုက်တာ မေကျော်ရယ်၊ မင်းက အခြောက်မှလက်ခံမတဲ့လား. . အခြောက်ဘဝနဲ့ဆို မင်းကို ယူလို့မှမရတာ၊ ကိုယ်မလုပ်နိုင်ဘူး၊ အထုပ်ဆွဲပြီး အိမ်ပြန်ပါတော့မယ်"





နေမျိုးသီဟက သူသူရှိရာ ပြေးလာပြီး အားရဝမ်းသာဖြင့် -

"အခုလိုလုပ်လိုက်တာ ကောင်းတယ် မေကျော်၊ ဒါမှ သူ့အမှား သူနောင်တရမှာ"

"ကောင်းတယ် မလုပ်နဲ့၊ အထုပ်ဆွဲပြီး အိမ်ပြန်ရမယ့်အထဲမှာ ရှင်လည်း ပါတယ်"

"အမ်"

◆ ◆ ◆

www.burmeseclassic.com

## (၂၅)

"တောက်. . ခွေးသူတောင်းစား၊ မင်းလုပ်လို့ နှစ်ကောင်လုံး စားခွက်

ပျောက်ကုန်ပြီ၊ မင်းက မစားရတဲ့အမဲ သဲနဲ့ပက်တဲ့ခွေးပဲ"

"အေး. . ဒါကတော့ မင်းက မေကျော်လေးအပေါ်မှာ ခွေးကလေး

အရောဝင် ပါးလျက်နားလျက်လုပ်ချင်တဲ့အတွက် ငါ ပညာပေးလိုက်တာကွ"

"ဟေ့ကောင်. . ဒါကတော့ အမဲရိုးမကြိုက်တဲ့ခွေး မရှိဘူး၊ မင်းသာ

ခွေးကျင့်ခွေးကြံ မကြံမိစေနဲ့"

"အောင်မာ. . ခွေးသူခိုးက လူပါးဝလို့၊ သားရေပေါ် အိပ် သားရေနား

စားဆိုတာ မင်းလိုကောင်မျိုးကို ပြောတာ"

"ဟေ့ကောင်. . ခွေးပါးစပ်က နတ်စကား မထွက်နဲ့၊ မင်း ဘယ်လို

ပြောပြော ခွေးလှေးခုန်လို့ ဖုန်ထမှာ မဟုတ်ဘူး"

"အဲဒါပေါ့. . အိမ်ခေါင် ခွေးတက်ဆိုတာ"

"အိမ်ခေါင်ခွေးတက်ရအောင် ငါက မင်းလိုကောက်ရိုးပုံစောင့်တဲ့ခွေး

မှ မဟုတ်တာ"

"ကောက်ရိုးပုံစောင့်တဲ့ခွေးက ဘယ်သူလဲ၊ ပြန်စဉ်းစားပါဦး"





"အေး. . စဉ်းစားရင် မင်းက ဟောင်လွန်းတဲ့ခွေးပဲ"

"မင်းသာ သွားရင်းလာရင်း ချေးပုံမနမ်းမိစေနဲ့"

"ဟာ. . ခွေးသူတောင်းစား. . ကဲကွာ"

"ဟာ. . ခွေးသူခိုး. . ကဲကွာ"

တစ်ယောက်နှင့်တစ်ယောက် ခွေးနှင့်နှိုင်းကြရာမှ အားမရတော့

သူနိုင်ကိုယ်နိုင် အပြိုင်ဖက်ကိုက်ကြတော့သည်။

"ဖုန်း"

"ခွပ်"

"ဒုတ်"

"အား"

"အိုး"

"အင့်"

နောက်ဆုံးတော့ နှစ်ကောင်လုံး ခြေကုန်လက်ပန်းကျပြီး ပက်လက်

လန်လျက်

"ဟေ့ကောင်. . တော်ပြီကွ၊ မောတယ်"

"အေး. . ငါလည်း မောပြီ၊ ခဏနားကြစို့"

* * *



www.burmeseclassic.com

www.burmeseclassic.com



အငုံနှင့်ပေပေမှာ အခန်းထဲမှာ တစ်ယောက်နှင့်တစ်ယောက် အကျေ
အလည်ဆွေးနွေးရင်း ပြေလည်တဲ့အဆင့်သို့ရောက်သွားလေသည်။

"အငုံ"

"ရှင်"

"ဗေ့ကို သိပ်ချစ်တာပဲလား"

"ချစ်တာပေါ့ရှင်၊ ယောကျ်ားတွေကို မုန်းတဲ့စိတ်ကနေ ပေနဲ့အဆုံမှာတော့ အမုန်းကနေ အချစ်ဖြစ်သွားပြီ၊ အငုံ့အပေါ်မှာတော့ အရင်လူတွေလို စားပြီးနားမလည် မလုပ်ရဘူးနော်"

"လုပ်စရာလား အငုံရယ်. . အငုံ့ကိုထားသွားပြီး နောက်တစ်ယောက်ရှာဖို့ ဗေ့မှာ စပယ်ယာပတ်မှမရှိတာ. . အငုံသာ ဗေ့ကို မလှည့်စားသွားရဘူးနော်"

"လှည့်စားစရာလား ပေရယ်၊ ဗေ့ရဲ့ရုပ်ကလေးကိုမြင်တော့ သနားရာကနေ ချစ်မိသွားတာ၊ တို့ရဲ့အချစ်က သနားချစ်ရှင့်၊ အချစ်တွေအားလုံးထက် နိုင်မြဲတယ် သိလား"

"ပေလည်း အငုံ့လိုပါပဲ အငုံရယ်. . အငုံ့ရုပ်ကို မမြင်ဖူးပေမယ့် အသံလေးကြားရုံနဲ့တင် သနားမိပြီး ကရုဏာချစ်နဲ့ တွယ်တာမိသွားတာပါ၊ ဗေ့ကို ပစ်မပြေးရဘူးနော်"

"ပစ်ပြေးရအောင် ပေက ပေါ့သေးသေးမှ မဟုတ်ဘဲကွယ်"

ဤကဲ့သို့ ဦးနေကမ္ဘာကျော်နှင့် သရဲနိုင်ပေပေ တူနှစ်ဖြာ ဂဟေဆက်ပြီး အမူအရာတွေ ပျက်နေသည်ကို အခြောက်မတွေ မြင်သွားသောအခါ. . .

◆ ◆ ◆



(၂၆)

မေဘယာကျော် အိပ်ယာထဲမှာ ပက်လက်လှန်ရင်း စဉ်းစားခန်းထဲ
နေ၏။

သူ့ကို တစ်ချိန်လုံး အနီးကပ်စောင့်ရှောက်ခဲ့သူ အခြောက်တွေအ
သူ့ကိုကြိုက်နေတဲ့ ယောကျ်ားစစ်စစ်တွေ တဲ့။ တော်သေးတာပေါ့၊ အိပ်ရာထဲ
ခေါ်မသိပ်မိလို့ပဲ သက်ပြင်းချမိသော်လည်း ရေချိုးခန်းထဲမှာ သူမရဲ့ခန္ဓာကိုယ်
အစိတ်အပိုင်းအားလုံးကို မြင်တွေ့သွားခဲ့သော သူသူတစ်ဖြစ်လဲ သူရဲလက်
တော့ မျက်နှာမပြဝံ့။

ငနဲက အဲဒီအချိန်ကစပြီး မျက်ဝန်းထဲမှာ သူမပုံရိပ်ကို ပြန်ပြန် မြင်
ယောင်နေမည်မှာ အသေအချာပင်။

တွေးလေ ရှက်လေ၊ ရှက်လေ တွေးလေ၊ တွေးလေရှက်လေ ရှက်
တွေး တွေးရှက်ကြီးဖြစ်နေတော့သည်။

သီသီတစ်ဖြစ်လဲ နေမျိုးသီဟကိုလည်း သူ့ဦးလေးအိမ်
သူ့ကိုနှင့်ချမိတာ ငါ့အဖြစ်က အိမ်ဦးခန်း ငုတ်တုတ်
ခုလောက်ဆို နှစ်ကောင်သား သောင်ပြင်လွှတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သွားအိပ်နေလောက်ပါလိမ့်. . သူမအဖေကလည်း သရဲနိုင်ဗေဗေနှင့် လိုင်တူချင်း ညိနေသည်ဟု သတင်းထွက်နေသဖြင့် ရှက်ပြီး အပြင်မထွက်ရဲ။ သို့သော် သူမအဖေကို ဝင်ပူးထားသော သရဲမနှင့် ညိနေတာ ဖြစ်သောကြောင့် သရဲနိုင်ဗေဗေ အရှေ့လုပ်နေတာလဲဟု စိတ်ရှုပ်မိပြန်သေးသည်။

နောက်ဆုံးတော့ ဘာမှမစဉ်းစားချင်တော့ဘဲ မျက်လုံးမှိတ် အိပ်ပစ်လိုက်ရာ အိပ်မက်ထဲမှာ သူသူနှင့်သီသီ အခြောက်ဒီဇိုင်းဖြင့် သူမကို ဘယ်တစ်ဘက် ညာတစ်ဘက် လွန်ဆွဲနေပုံအား မြင်ယောင်မိပြန်သေးသည်။

အပြင်မှာတော့. .

"ငါတော့ မေကျော်လေးကို တစ်ယောက်တည်းထားပြီး ထွက်သွားရမှာ စိတ်မချဘူး၊ အဲဒီတော့ ဒီရွာလေးမှာပဲ ဦးနေကမ္ဘာကျော် အခြေအနေပြန်ကောင်းလာတဲ့အထိ နေမယ်လို့ စဉ်းစားမိတယ်"

"ငါလည်း ဒီလိုပါပဲ၊ ဒါနဲ့ မင်းက ဘယ်မှာနေမယ်စိတ်ကူးလဲ"

"ကြုံတဲ့နေရာမှာပဲ ကြုံသလိုအိပ်၊ ကြုံသလိုစားရမှာပေါ့ကွာ၊ မင်းကရော. . ဘယ်မှာနေမှာလဲ"

"ဒီရွာရဲ့ထိပ်က သင်္ချိုင်းနားမှာ ဇရပ်ပျက်ကလေးတစ်ခုရှိတယ်။ ငါက အဲဒီနေရာမှာ နေမယ်၊ မင်းနေရဲရင်တော့ လိုက်နေပေါ့ကွာ"

"ဘာလို့မနေရဲရမှာလဲ. . မင်းနဲ့ငါက အခုအချိန်မှာ ဘဝတူတွေပဲ၊ သင်္ချိုင်းကုန်းအပြင်က ဇရပ်စုတ်မကလို့ အုတ်ဂူပေါ်မှာ အိပ်ရမယ်ဆိုရင်လည်း ရှေ့နေလို့မရဘူးလေ. . မေကျော်လေးအတွက်ပဲ"

"မင်းက မေကျော်လေးအတွက် အုတ်ဂူပေါ်မှာ အိပ်ရဲရင် ငါက အခေါင်းထဲထိ အိပ်ရဲတယ်ကွ၊ မင်းထက် ပိုသတ္တိရှိတယ်"

"မင်းက အခေါင်းထဲပဲ အိပ်ရဲတာ၊ ငါက မြေပါအမြှုပ်ခံရဲတယ်ကွ"





"မင်းက အဲလောက်ပဲ၊ ငါက မီးသင်္ဂြိုဟ်ပါခံရဲတာ"

"ငါက သပိတ်သွတ်ပါ. . တော်ပြီကွာ၊ မပြောတော့ဘူး မင်းနဲ့ပြိုင်ရတာ ကျက်သရေမရှိတဲ့စကားတွေပဲ ထွက်လာလိမ့်မယ်"

"အေး. . သိရင် ပြီးတာပဲ၊ ဆက်ပြောရင် ငါတို့နှစ်ယောက် ဘဝပါ ကူးသွားလိမ့်မယ်"

ပြောပြီး နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဟက်ဟက်ပက်ပက်ရယ်မောလိုက်ကြသည်။

"ဟက်. . ဟက်"

သူသူ၏ရယ်သံ။

"ပက်. . ပက်"

သီသီ၏ရယ်သံ။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ငုံ. . ကိုယ်တို့နှစ်ယောက် အတူနေချင်ပြီ"

"နေလေ ဝေရယ်. . နေလို့ရတာပဲ"

"မဟုတ်ဘူးလေ. . အငုံ ခုဝင်ထားတဲ့ခန္ဓာကိုယ်က ယောကျ်ားခန္ဓာကိုယ်ကြီး၊ ဘယ်လိုနေလို့ရမှာလဲ၊ ကိုယ်တို့နှစ်ယောက်အတူနေဖို့အတွက် အငုံ မိန်းမခန္ဓာကိုယ်ထဲ ပြောင်းဝင်မှရမှာ"

"အဲဒီလို ခန္ဓာပြောင်းဖို့ဆိုတာ မလွယ်ဘူး ဝေရဲ့၊ ကိုယ်ဝင်မယ့်ခန္ဓာပိုင်ရှင်ဟာ ကံနိမ့်နေတဲ့သူ ဖြစ်ရမယ်၊ ဒါမှမဟုတ် သေနေတဲ့ခန္ဓာ ဖြစ်ရမယ်၊ အငုံ ခုဝင်ထားတဲ့ခန္ဓာကိုယ်ဟာ ဖလွှာက အခြောက်တွေ ကပွဲမှာကတည်းက ဦးနှောက်ကြောပြတ်သေထားတဲ့သူမို့ ရတာ"

"ဟင်. . ဒါဆို ဦးနေကမ္ဘာကျော်က သေပြီပေါ့"

"ဟုတ်တယ်၊ အဲဒီကတည်းက သေနေတာ၊ သူ့ပုံစံကြည့်ရတာ သွေးတိုးပြီး မူးနေပုံပဲ၊ အဲဒီအချိန်မှာ အခြောက်မတွေရဲ့တီးလုံးသံကြီး ဆောင့်ထွက်လာတာနဲ့တစ်ပြိုင်နက် ဦးနှောက်သွေးကြောပြတ်တော့တာပဲ. . . အငုံက အဲဒီအချိန်ကိုကိုက်ပြီး ဝင်လိုက်တာ"

"ဒါဆိုလည်း သူ့ခန္ဓာကိုယ်ထဲက ထွက်ပေးလိုက်ပါတော့ အငုံရယ်၊ ကျန်ခဲ့တဲ့မိသားစုတွေလည်း ကောင်းကောင်းမွန်မွန်သင်္ဂြိုဟ်ပေးလို့ရတာပေါ့၊ ပြီးတော့ အငုံဝင်မယ့် ခန္ဓာအသစ်မှာ အခြေချပြီး တို့နှစ်ယောက် အတူပေါင်းကြမယ်လေ"





"အငုံမှာ ဝင်စရာ ခန္ဓာ လောလောဆယ် အဆင်သင့် မရှိသေးဘူး ဝေရဲ့"

"ဒီအတွက် မပူပါနဲ့၊ ရွာထိပ်သင်္ချိုင်းမှာ သေတာမကြာသေးတဲ့ မိန်းမအလောင်းတစ်လောင်းရှိတယ်။ သူ့နာမည်က မိနီတဲ့။ အဲဒီမိန်းမခန္ဓာထဲ အငုံဝင်နိုင်အောင် ဝေ ကူညီပေးမယ်လေ"

"အဲဒီမိနီက ချောလား ဝေ"

"ရွာက ကွမ်းတောင်ကိုင်မလေးလေ၊ A ကိုက်ပြီး ဆုံးသွားတာ"

"ဒါဆို အငုံခန္ဓာအသစ်ရတော့မှာပေါ့နော်"

"ခန္ဓာသစ်တင် မဟုတ်ဘူး၊ ချစ်သူသစ်ပါ ရတော့မှာပေါ့၊ အဲဒီ. . မိနီခန္ဓာကိုယ်လေးကို ဝင်ကစွပ်လုပ်ပြီး တို့နှစ်ယောက်လက်ထပ်ကြမယ်"

"ဝမ်းသာလိုက်တာ ကိုကိုရယ်"

အငုံ သရဲနိုင်ဝေဝေရဲ့အကွက်ထဲကို တန်းတန်းမတ်မတ်ကြီး ဝင်သွားလေပြီ။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

# (၂၇)

"ဟင့်. . ဟင့်. . . ဟင့်"

"မငိုပါနဲ့ သမီးလေး ဘယာကျော်ရယ်. . သမီးဖေဖေက ခုမှဆုံးတာမှ မဟုတ်ဘဲ"

ဦးဝင်းနိုင် နှစ်သိမ့်နေပေမယ့် မေဘယာကျော် ဖြေမဆည်နိုင်ခဲ့။

"ဒါပေမယ့်. . မေကျော် ခုမှ သိရတာလေ. . ကိုယ့်အဖေဆုံးတာကို အချိန်တော်တော်ကြာတောင်မသိဘဲ သိတဲ့အချိန်မှာ အလောင်းကြီးပဲ မြင်ရတဲ့အဖြစ်"

ဦးနေကမ္ဘာကျော်ရဲ့ အလောင်းက ရှာပြင်ဇရပ်ပေါ်မှာ ဆန့်ဆန့်ကြီးလဲလျောင်းနေပြီဖြစ်သည်။ ဘေးပတ်ချာလည်မှာလည်း ဘုန်းကြီးတွေ၊ ရွာသားတွေ၊ အခြောက်တွေ ဝိုင်းရံလျက်။

အဲဒီထဲမှာ နေမျိုးသီဟနဲ့ သူရဇလတို့ကလည်း မေဘယာကျော်လေးရဲ့ ဘယ်တစ်ဘက် ညာတစ်ဘက်မှာ ရေစက်ချရန် ခွက်ကို အဆင်သင့်ကိုင်လျက်. .။ ဦးနေကမ္ဘာကျော် ဆုံးပြီဆိုသောသတင်းကို ကြားသောအခါ ချက်ချင်းပြေးလာပြီး မေဘယာကျော်လေးနား ရောက်လာခဲ့ခြင်းဖြစ်သည်။





သူမကလည်း ဒီအချိန်မှာ အားကိုးမဲ့နေပြီဖြစ်သောကြောင့် ဘာမှမပြောတော့ဘဲ သူတို့နှစ်ယောက်ရဲ့အားပေးမှုကို ကြည်ဖြူစွာဖြင့်၊

"ဘုန်းကြီးတွေတောင် ရောက်နေပြီ၊ အမျှဝေဖို့အတွက် သရဲနိုင်ပေပေလည်း ရောက်မလာသေးပါလား"

"ဟုတ်ပ. . ကြာလိုက်တာ"

သူတို့အားလုံး ဒီအချိန်မှာစောင့်မျှော်နေသည်က သရဲနိုင်ပေပေ ခေါ်လာမည့် သရဲမဝိညာဉ် ဖြစ်သည်။ ဦးနေကမ္ဘာကျော်အတွက် ရေစက်ချပြီးပြီမို့ သရဲမကို ပရိတ်ရွတ်ပေးရန် စောင့်နေကြခြင်းဖြစ်သည်။

မကြာပါ။ သရဲမကို မမြင်ရသော်လည်း သရဲနိုင်ပေပေ ကိုရီးယားကားထဲကလို ကုန်းပိုးလာဟန်ကို အဝေးက လှမ်းမြင်လိုက်ရပါသည်။ အငုံမှာ ပေပေ၏ကျောပေါ်မှာ ခွစီးရင်း ပျော်မြူးစွာလိုက်ပါလာ၏။

"အရမ်းစီးလို့ကောင်းတာပဲ ပေပေရယ်၊ ပေပေက လူကြည့်တော့သာ ခွေးပစ်တဲ့တုတ်လောက်ရှိတယ်၊ အားတော့ သန်သားပဲ"

"အရိုးအဆစ်သန်မာ ကယ်ဆမ်ကွေကာသောက်ထားတယ်လေ အငုံရဲ့. . ဟားဟား"

သရဲမ ဟီလာထ,နေရင်းမှ ဇရပ်ပေါ်မှလူအုပ်ကြီးကိုတွေ့သွားလေပြီ။

"ဟင်. . ဟိုမှာ ဘုန်းကြီးတွေနဲ့လူတွေအများကြီး ဘာလုပ်နေကြတာလဲ. . ပေ"

"ဪ. . ချစ်လေး ခွာသွားတဲ့ ခန္ဓာကိုယ်အလောင်းကြီးကို အမျှဝေနေကြတာလေ. . ဂရုမစိုက်ပါနဲ့၊ ကိုယ့်ကိစ္စ မဟုတ်ဘူး. . အရေးကြီးတာက ချစ်လေး ခန္ဓာသစ်မြန်မြန်ရဖို့ပဲ လာ. . လာ. ."

"အင်း. . ဟုတ်တယ်"

ဆောင်းညဖြာသိုစာပေ

www.burmeseclassic.com



သရဲနိုင်ဗေဗေက သရဲမကို ကျင်းတူးပြီး ဖော်ထားသော အခေါင်း တစ်ခုရှေ့ ချပေးလိုက်ပြီး

"ဒီအခေါင်းထဲမှာ မိနီအလောင်းရှိတယ် အင့်၊ဗေက တစ်-နှစ်-သုံး လို့ ခေါ်ပြီး အခေါင်းဖွင့်တာနဲ့ တစ်ပြိုင်နက် ခုန်ဝင်လိုက်တော့နော်၊ နောက် ကျလို့မရဘူး. . နောက်ကျရင် အားလုံးလွဲကုန်လိမ့်မယ်"

"ကောင်းပါပြီ ချစ်ဗေ၊ တစ်သက်တာနီးရဖို့အတွက် တခဏခေါ်မယ့် တစ်နှစ်သုံးကို အချိန်မဖြုန်းဘဲ ဂိတ်ဆုံးဝင်လိုက်တော့မယ်"

"ဒါဆို ခေါ်ပြီ၊ တစ်-နှစ်-သုံး"

ဗေဗေက သုံးပြည့်သည်နှင့် အခေါင်းကို ဆတ်ခနဲ ဆွဲဖွင့်လိုက်ရာ အင့်ကလည်း ဒိုင်ဗင်ပစ်ဝင်လိုက်၏။

"ယား"

ခဏအကြာမှာ သရဲမအင့် ချွေးသံတရွှဲရွှဲ ကို့ယို့ကားယားပုံစံဖြင့် အခေါင်းထဲမှ ဝုန်းခနဲထထွက်လာပြီး

"အယုတ်တမာကောင်. . ဘယ်လိုလုပ်ချလိုက်တာလဲ၊ အထဲမှာ ခွေး သေကောင်ပုပ်ကြီး၊ နင်လုပ်လို့ ကဲတွေနိမ့်ပြီး ပါဝါတွေ ကျကုန်ပြီ၊ ငါ့ရဲ့မလှ ပတဲ့အဆင်းကို လူတွေမြင်ကုန်ပြီဟဲ့"

မှန်ပါသည်။ ရွာသူရွာသားတွေအားလုံး သရဲမအင့်ရဲ့ပုံဆိုးပန်းဆိုး ပုံစံကြီးကို ထင်းထင်းကြီးမြင်နေရပြီဖြစ်သည်။

ဗေဗေက အင့်ကို လက်ညှိုးထိုးပြီး

"ဟဲ့. . သရဲမ၊ ဘယ်မှ ပြေးမယ်မစဉ်းစားနဲ့၊ နင့်ရဲ့ဘေးပတ်ချာလည် ကို ပရိတ်ကြိုးတွေ အထပ်ထပ်စည်းချထားပြီးသွားပြီ၊ အေးအေးဆေးဆေးငြိမ် နေလိုက်တော့"





သရဲမ ဗေဗေ့ကို နာကြည်းစွာ ကြည့်ပြီး

"ငါ နင့်ကိုချစ်မိတာ သိပ်မှားသွားပြီ၊ ရုပ်ကလေးကြည့်တော့ စရာကောင်းအောင် ဆိုးသလောက် တော်တော်အကြံပက်စက်တာပဲ လူပဲ စိတ်ကောင်းမရှိဘူးမှတ်တာ၊ ဆိုးတဲ့ကောင်မှ ပိုဆိုးနေတယ်"

"ဒါကတော့ နင့်ဘာသာ အမှတ်မရှိတာပဲ. . ငါက နင့်လို သရဲမ ချစ်မလားဟဲ့. . စဉ်းစဉ်းစားစားလည်း လုပ်ပါဦး၊ ဟိုမင်းသမီးလေး လက ပေါ်ရောက်သွားလို့ ကြေကွဲနေရတဲ့အချိန် နင့်ကို အပျင်းပြေကစားတာဟဲ့. . ရှင်းပြီလား"

"နောက်ဆုံးတော့ နင်တို့ယောကျ်ားတွေဟာ ဒီပုပ်ထဲက ဒီပဲပါပဲ. . တော်ပြီ ဒီဘဝတော့ ဒီမျှနဲ့ပဲ"

"အေး. . ငါကလည်း နင့်ကို ဒီဘဝမှာ ဒီမျှပဲ၊ အခု နင့်ကို အမျှ ပေးမယ်. . သာဓုလိုက်ခေါ်"

"မခေါ်ဘူး. . ရေစက်လည်း မချနဲ့. . ရေဘုံဘိုင်လည်း မချနဲ့၊ အပို အလုပ်တွေ"

"အပိုအလုပ်မဟုတ်ပါဘူး ဒကာမကြီး၊ ဒကာမကြီး ဘဝကူးကောင်း အောင် လုပ်ပေးဖို့ပါ၊ ဒီဘဝကြီးကို ဘာလို့တွယ်တာနေရတာလဲ"

ဘုန်းကြီးငါးပါးက သူမရဲ့ဘေးပတ်ချာလည် ပရိတ်ကြိုးစည်းဝိုင်း အပြင်မှာ တစ်ဘက်တစ်ချက်စီ ဝိုင်းရံထားပြီးဖြစ်သည်။

"ဘဝကူးကောင်းဖို့ မလိုပါဘူး၊ ငါကြိုက်တဲ့ အမဲသားနဲ့ပဲဟင်း ဝ ရဖို့ပဲ လိုတယ်. . ငါ့အတွက် အဲဒါရှာပေး. . ဗိုက်ဆာလှပြီ၊ မနက်က ဟိုအယုတ်တမာကောင်ရဲ့ကျောပေါ် အပင်ပန်းခံပြီး လိုက်လာ . . စားရသေးဘူး"

www.burmeseclassic.com



"စားရမှာပါ ဒကာမကြီး. . ဒကာမကြီးအတွက် အမဲသားဟင်းနဲ့ ပဲကုလားဟင်း ဇလုံအပြည့်ထည့်လာပါတယ်၊ အရင်သုံးဆောင်လိုက်ပါဦး"

ရွာသားတစ်ယောက်က ထမင်းဇလုံကို စည်းဝိုင်းအပြင်မှနေပြီး သရဲနိုင်ဗေဇေကို ကမ်းပေးသည်။

သရဲနိုင်ဗေဇေမှတစ်ဆင့် သရဲမဆီသို့

"ရော့. . အဲဒီမှာ မျိုဆို့"

သရဲမက မကျေမချမ်းနှင့်လှမ်းယူပြီး

"ဟွန်း. . အစကတော့ ချစ်လေး ဘာစားပြီးပြီလဲ၊ ဆာရင်ပြောနော်၊ အဆာမခံနဲ့၊ ကိုယ် ဘာဝယ်ကျွေးရမလဲတဲ့၊ ခုကျတော့ မျိုဆို့တဲ့. . လေသံက အစ ပြောင်းသွားတယ်"

ခွေးတွေကလည်း အူလိုက်သည်းလိုက်အူလျက်. .

"အူး. . . ဝူး. . . ဝူး. . . "

သရဲမ ငုတ်တုတ်ထိုင်ပြီး အမဲသားနှင့်ပဲကုလားဟင်း ဆမ်းထားသော ထမင်းပန်းကန်ကြီးကို မြိန်ယှက်စွာစားနေခိုက် ဘုန်းကြီးငါးပါးလည်း ပရိတ်စရွတ်တော့သည်။

ပရိတ်ရွတ်သံကြားသောအခါ သရဲမ မနေနိုင်တော့။ စားနေတဲ့ ပန်းကန်ကို ပစ်ချပြီး နားနှစ်ဘက်ကို လက်နှင့်ပိတ်ထားသည်။

"အား. . မရွတ်ပါနဲ့၊ ကြားရတာ ဘယ်လိုကြီးမှန်း မသိဘူး၊ တစ်ခုခုကို ဝမ်းနည်းလာသလိုပဲ"

ဘုန်းကြီးငါးပါးထဲမှ ဆရာတော်ကြီးက သရဲမကို လက်ညှိုးထိုးပြီး

"နင် လက်ရှိဘဝကို ခွဲခွာရတော့မယ် သရဲမ၊ ကျွတ်ချိန်တန်ပြီ၊ အဲဒါကြောင့် စိတ်ထဲမှာ ဝမ်းနည်းသလိုခံစားလာရတာ"





"အို. . မလုပ်နဲ့. . မလုပ်နဲ့၊ ကျွန်မက အသည်းနုတယ်၊ ဘယ်သူနဲ့မှ ခွဲချင်ဘူး"

"မခွဲချင်လို့မရဘူး၊ အချိန်တန်ရင် အရာအားလုံးက ခွဲရမှာပဲ၊ ချစ်ခင်တာတွေ စွဲလမ်းတာတွေဟာ နောက်ဆုံးတစ်နေ့ ထားခဲ့ရမှာချည်းပဲ"

"အို. . အဲဒီစကား မပြောပါနဲ့ရှင်. . အဲဒီစကားက ကျွန်မရင်ကိုနာကျင်စေလို့ပါ. . ဟုတ်ပါတယ်၊ နောက်ဆုံးမှာ အရာအားလုံး ထားခဲ့ရမှာပဲ. . ဒါပေမဲ့ ကျွန်မ မထားခဲ့ချင်ဘူး. . လက်ရှိ ဘဝလေးကို ဆက်လိုချင်နေသေးတယ်"

"နင့်ဘဝက ဘာမက်စရာရှိလို့လဲ. . အဆင်း မလှ၊ သူများခန္ဓာကိုယ်အငှား ဝင်ရ. . အစာရေစာ ရှားပါးလှတဲ့ စက်ဆုပ် ရွံရှာစရာ ခန္ဓာကိုယ်ကြီးတို့. . ."

"အိုရှင်. . လူလည်း လူခန္ဓာ၊ ကြောင်လည်း ကြောင်ခန္ဓာ၊ သရဲလည်း သရဲခန္ဓာ. . အားလုံးဟာ ကိုယ့်ဘဝလေးကို တွယ်တာနေကြတာချည်းပါပဲ၊ ဘယ်ခွဲရက်ပါ့မလဲ"

"အဲဒါဟာ အစွဲအလမ်းပဲ သရဲမ၊ အဲဒီအစွဲအလမ်းမပြတ်သရွေ့ နင်ဒီလိုဘဝမျိုးက လွတ်နိုင်မှာ မဟုတ်ဘူး၊ ဒီစွဲလမ်းမှုကြောင့်ပဲ၊ နင်ပူလောင်နေရတာ. . သေနေတဲ့လူတစ်ယောက်ကို ကြည့်လိုက်စမ်း၊ သူ့မှာ ဘာပူလောင်စရာမှမရှိသလို ဘာစွဲလမ်းစရာမှလည်း မရှိဘူး၊ ဘာမှလည်း မသိဘူး၊ အဲဒီလို အေးချမ်းတဲ့ဘဝမျိုးလေး နင်မလိုချင်ဘူးလား"

"အဲဒီလိုဘဝရှိလို့လား. . အားလုံးဟာ သေပြီးနောက် [illegible] သည်ရှင်သန်မွေးဖွားရတာပဲလေ. . ကျွန်မလည်း အရင်ဘဝက [illegible] လက်ရှိဘဝကြီးရနေတာ၊ အေးချမ်းမှုဆိုတာ ဘယ်ရှိနိုင်ပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါပြီကော သရဲမရယ်. . ရုပ်ခန္ဓာရော စိတ်ဝိညာဉ်ပါ ချုပ်ငြိမ်းလို့ တစ်ဖန်ပြန်လည်မရှင်သန်တော့မယ့်နေရာ ရှိတယ်"

"အဲဒါ ဘယ်နေရာလဲ"

"နိဗ္ဗာန်ပဲ"

"နိဗ္ဗာန်"

"ဟုတ်တယ်၊ နိဗ္ဗာန်ဆိုတာ ဘုံတစ်ခု မဟုတ်ဘူး. . . အရာအားလုံး ချုပ်ငြိမ်းပျောက်ကွယ်ပြီး ပြန်လည်မွေးဖွားခြင်း၊ သေဆုံးခြင်းတွေ မရှိတဲ့ တစ်ခုတည်းသောအရပ်ပဲ၊ အဲဒါကိုရဖို့အတွက် ဒီဘဝမှာ နှင်နေလို့မရဘူး၊ ကောင်းမှုကုသိုလ်ပြုနိုင်တဲ့ လူ့ဘဝရောက်မှသာ ပါရမီဖြည့်လို့ရတယ်၊ အဲဒါကြောင့် ငါတို့အမျှဝေတဲ့အချိန် နင် သာဓုသုံးခါလိုက်ခေါ်ပါ၊ ဒီလိုမှမဟုတ်ရင် နောင်တအကြီးအကျယ်ရလိမ့်မယ်"

သရဲမ ကျုံ့ကျုံ့လေးထိုင်ပြီး လက်အုပ်ချီလိုက်သည်။

"လွန်ခဲ့တဲ့နှစ်နှစ်ဆယ်လောက်က သေဆုံးသွားသော မအင်ုံ၊ အမျှ. . အမျှ. . အမျှ"

သာဓု သုံးကြိမ်ခေါ်ပြီးသောအခါ အားလုံးမြင်နေရသော သရဲမ၏ ခန္ဓာကိုယ်ထင်းထင်းကြီး တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားကာ သူမ၏ အဝတ်အစားလေးသာ နေရာမှာ ပုံလျက်သားကျန်ခဲ့တော့သည်။

ဤကဲ့သို့သော ကြက်သီးထဖွယ်ရာအဖြစ်အပျက်တွေကိုကြည့်ပြီး မေဘယာကျော် အနီးနားမှ နေမျိုးသီဟနှင့် သူရဇလလက်ကို အားကိုးတကြီးဆုပ်ကိုင်ထားမိသည်။

စိတ်ထဲမှာ ကြောက်လည်း ကြောက်မိ. . . သံဝေဂလည်း ရမိသဖြင့် ခေါင်းကို ငုံ့ထားလိုက်၏။





သရဲနိုင်ဝေဝေက မေဘယာကျော်တို့ဘက် လှည့်ပြီး

"ကဲ. . အခုအချိန်ကစပြီး သရဲမ ကျွတ်တမ်းဝင်သွားပြီမို့ အားလုံး ကိုယ့်အိမ်ကိုယ် ပြန်နိုင်ကြပါပြီ"

"ဝေး"

အခြောက်မတွေအားလုံး ပျော်ရွှင်မြူးတူးစွာ ကခုန်လိုက်ကြပြီး တစ်ယောက်နဲ့တစ်ယောက် လက်ဝါးချင်းရိုက်လိုက်ကြ၏။

ဗီလ္လာမှာ ခြောက်နေတဲ့ သရဲမဇာတ်လမ်းကတော့ နိဂုံးချုပ်သွားလေပြီ။

နိဂုံးမချုပ်သေးသည်က . . .

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

# (၂၈)

"မေကျော့. . အခုဆို ဦးနေကမ္မာကျော်ကိုလည်း သင်္ဂြိုဟ်ပြီးသွားပြီ ကိုယ်တို့နှစ်ယောက်လည်း ဘဝမှန် ပြန်ရောက်သွားပြီ၊ အခြောက်တွေလည်း ဒီရွာလေးမှာ အခြေချပြီး အလုပြင်ဆိုင်ဖွင့်စားဖို့လုပ်နေပြီဆိုတော့ မေကျော့ ဘာလုပ်မယ် စိတ်ကူးလဲဟင်"

"အဖေ့ရဲ့တိုက်ခန်းကို ပြန်ရောင်းပြီး မေကျော့ အဒေါ်တို့ရှိတဲ့ဂျပန် မှာ သွားနေမယ်လို့ စိတ်ကူးထားတယ်"

မေကျော့စကားကြောင့် နှစ်ယောက်စလုံး တစ်ခုခုကိုဆုံးရှုံးသွားသလို ခံစားလိုက်ရ၏။

"မေကျော့. . တကယ်ပဲ သွားတော့မှာလား"

"အင်း"

"ကိုယ့်ကို ခွဲသွားတော့မှာလား မေကျော့ရယ်၊ တစ်ခုခု ပြောမသွား တော့ဘူးလား"

"ဘာပြောရမှာလဲ"

"ကိုယ် မေကျော့ကိုချစ်တယ်လို့ ပြောထားတယ်လေ၊ မေကျော့ရဲ့တုံ့ ပြန်လာမယ့်အဖြေကို စောင့်မျှော်နေတယ်"





နေမျိုးသီဟက သူ့ထက် ခြေလှမ်းသွက်နေသဖြင့် သူရဇလ ရ အခွင့်အရေးကို လက်လွှတ်မခံဘဲ -

"မေကျော့. . စဉ်းစားပေးမယ်ဆို သူ့တစ်ယောက်တည်း မဟုတ်ဘူး ကိုယ်လည်း မေကျော့ကိုချစ်တယ်၊ ကိုယ့်ကိုပါ စဉ်းစားပေးပါ"

မေကျော့ နှစ်ယောက်လုံးကို ဒေါသမျက်ဝန်းများဖြင့် စိုက်ကြည့်ပြီး

"ရှင်တို့နှစ်ယောက် ဘယ်လိုဖြစ်နေတာလဲ၊ အခုအချိန်မှာ ဆွေမျိုး မျိုးမရှိ တစ်ကောင်ကြွက်ဖြစ်နေတယ် ဆိုပြီး အထင်သေးတာလား. . တန်ဖိုး မထား လက်လွှတ်စပယ်လုပ်နေကြတာလား"

"မ. . မဟုတ်ရပါဘူး မေကျော့ရယ်၊ ကိုယ် နောက်ကျသွားမှာစိုးလို့ အလျင်စလိုပြောလိုက်မိတာပါ"

သူရဇလ အလျင်စလိုရှင်းပြလိုက်၏။

"ကဲ. . တော်ပြီ၊ ဘာမှမပြောနဲ့တော့. . အခု ကျွန်မ ရန်ကုန်ပြန်မှာ လိုက်ပို့ချင်သေးတယ်ဆိုရင် ပါးစပ်ပိတ်ပြီးနေကြ"

ရန်ကုန်ပြန်လိုက်ပို့ခွင့် အခွင့်အရေးလေးတောင် မရလိုက်မှာစိုး၍ နှစ်ယောက်လုံး ပါးစပ်ပိတ်ပြီး နေလိုက်ကြသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



၆ နှစ်ခန့်ကြာသော် . . .

"သမီး မေကျော်. . သမီးလေးကို အမေပြောစရာရှိတယ်"

"ဟုတ်ကဲ့ အမေ"

"ခုဆို သမီးက ဆာကူရာတက္ကသိုလ်က ဘွဲ့လည်းရပြီးပြီ၊ အသက်က လည်း ၂၅နှစ်ရှိပြီ၊ အိမ်ထောင်ပြုဖို့ အချိန်တန်ပြီကွဲ့"

"သမီးမှာ ချစ်သူမရှိသေးပါဘူး အမေ၊ ပြီးတော့ အိမ်ထောင်ပြုခဲ့ရင် တောင် ကိုယ့်မြန်မာလူမျိုးအချင်းချင်းပဲ ယူမှာ"

"အခု သမီးကိုကမ်းလှမ်းထားတဲ့နှစ်ယောက်လည်း မြန်မာလူမျိုးပါပဲ"

"ဟင်. . နှစ်ယောက်တောင်"

"ဟုတ်တယ် သမီး၊ နှစ်ယောက်လုံးက သမီးကိုပဲ မေတ္တာရှိလို့ လက် ထပ်ချင်ပါတယ် တဲ့၊ သူတို့နှစ်ယောက်ထဲက တစ်ယောက်က ကိုရီးယားမှာ အလုပ်လုပ်ပြီး ပြန်လာတဲ့သူဌေး၊ တစ်ယောက်က မြန်မာနိုင်ငံမှာ စာအုပ်တိုက် ဖွင့်ထားတဲ့ တိုက်ပိုင်ရှင်၊ သမီး ဘယ်သူ့ကိုရွေးချင်လဲ၊ အသက်အရွယ်နဲ့ရုပ် ရည်ကတော့ နှစ်ယောက်လုံး သူမသာကိုယ်မသာတွေပါပဲ"

"သမီးက ကိုယ်တစ်ခါမှမမြင်ဖူးတဲ့လူတွေကို ဘယ်လိုရွေးချယ်တတ် မှာလဲ အမေရယ်၊ ကိုယ်နဲ့တစ်ဘဝလုံးပေါင်းရမယ့်ယောကျ်ား. . အကြောင်း မသိဘဲယူမိရင် အမှားတစ်ချက်တွေ့တာနဲ့ ဒုက္ခရောက်မှာ"

"သမီး မြန်မာပြည်ကိုပြန်ဖို့ တစ်ပတ်လောက်ပဲ လိုတော့တာပဲ၊ အဲဒီ ကျရင် ကြည့်ပေါ့. . သူတို့နှစ်ယောက်ကတော့ ပြောတယ်. . မိတ်ဟောင်းဆွေ ဟောင်းတွေပါတဲ့"

"ဟင်"

♦ ♦ ♦



(၂၉)

ကန်တော်ကြီးအနားက ရေပြင်ကျယ်နံဘေးမှာ ကားသုံးစီး ထိုးရပ် ထား၏။

တစ်စီးက မေဘယာကျော်ကား။ နှစ်စီးကတော့. . .

"ကိုယ်တို့အသက်တွေလည်း မငယ်ကြတော့ဘူး မေကျော်၊ ဦးနှောက် နဲ့ စဉ်းစားဆုံးဖြတ်ချိန် ရောက်ပြီ. . အချစ်ဆိုတာ ဈေးမှာ ပစ္စည်းဝယ်သလို ကြိုက်ရာရွေးယူရတာမျိုး မဟုတ်ပေမယ့် ဘဝအတွက် အိမ်ထောင်ဘက်ရွေး ချယ်တဲ့အခါမှာတော့ ကိုယ်နဲ့ အသင့်တော်ဆုံးဖြစ်မယ့်သူကို နှလုံးသားတစ် ဝက် ဦးနှောက်တစ်ဝက် Balance မျှအောင် ရွေးရပါတယ်"

"ဟုတ်တယ် မေကျော်. . အခု မင်း ဘယ်သူ့ကို ရွေးရွေး. . ကိုယ်တို့ အဲဒီရွေးချယ်မှုကို လက်ခံဖို့ စောင့်မျှော်နေခဲ့တာပါ၊ မင်းကို တကယ်ချစ်ခဲ့လို့ လည်း ခုအချိန်ထိ အလုပ်ကြိုးစားပြီး စောင့်နေခဲ့တာပေါ့"

မေကျော်က သေချာစဉ်းစားလိုက်ပြီး

"အရင်ဆုံး ကိုနေမျိုးသီဟကို မေးမယ်နော်၊ ဘာကြောင့် ကို[illegible] မှာ အလုပ်သွားလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေးစရာလိုသေးလား မေကျော်ရယ်၊ အဲဒါမှ ကိုယ်ချမ်းသာမှာပေါ့၊ ချမ်းသာမှ မေကျော်နဲ့အဆင့်အတန်းချင်းတူနိုင်မယ်၊ အဆင့်အတန်းချင်းတူနိုင်မှ ပိုနီးစပ်မယ်လေ"

မေကျော်က သူရဇလဘက်လှည့်ပြီး

"ဟုတ်ပြီ၊ ကိုသူရဇလကရော"

"ကိုယ်ကတော့ ပထမ စလုံးသွားမလို့ပါ။ ဒါပေမယ့် ကိုယ်ချစ်တဲ့သူကလည်း တခြားနိုင်ငံမှာ၊ ကိုယ်ကလည်း တခြားနိုင်ငံမှာဆိုရင် တစ်ယောက်နဲ့တစ်ယောက် ပြန်ဆုံဖို့ မလွယ်တော့ဘူး၊ ပြီးတော့ မေကျော်က မြန်မာမိန်းကလေးလေ၊ နိုင်ငံခြားမှာ ဘယ်လောက်အနေကြာကြာ ကိုယ့်လူမျိုး ကိုယ့်တိုင်းပြည်ကိုတော့ လွမ်းပြီးပြန်လာဦးမှာပဲဆိုတာ ကိုယ်ယုံကြည်တယ်၊ အဲဒါကြောင့် မေကျော်ပြန်အလာကိုစောင့်ရင်းနဲ့ ဒီမှာပဲ စီးပွားရေးလုပ်နေတာပေါ့"

"ဟုတ်ပြီလေ. . နှစ်ယောက်လုံးရဲ့အဖြေကို ကြားပြီးပြီဆိုတော့ မေကျော် စမ်းသပ်ချက်တစ်ခုလုပ်မယ်၊ အဲဒီစမ်းသပ်ချက်က မေကျော့်အပေါ်မှာ တကယ်ချစ်နိုင်တဲ့သူမျိုးကိုပဲ တစ်ဘဝလုံးစာရွေးမှာမို့လို့ စမ်းသပ်မယ့် စမ်းသပ်ချက်ပါ"

* * *





သံလမ်းလေးရဲ့ ဘေးဘယ်တစ်ဘက်ညာတစ်ဘက်မှာနေ ဖိုးသီဟနဲ့ သူရဇလ ရပ်နေသည်။

မေကျော်က သံလမ်းပေါ်မှာ။ အဝေးတစ်နေရာမှနေပြီး

"သိပ်မကြာခင် ရထားလာတော့မယ်၊ မေကျော် ရှင်တို့ဆီကို တန်းတန်းမတ်မတ်လျှောက်လာမယ်၊ ရထားနီးလာတဲ့အချိန် ကျွန်မ ခုန်ကူးလိုက်မယ့်ဘက်က မေကျော်ရွေးချယ်တဲ့သူပဲနော်"

"မေကျော်. . ဖြစ်. . ဖြစ်ပါ့မလား. . အဲဒီလို လုပ်တာ အန္တရာယ်များတယ်နော်"

"ဖြစ်ပါတယ်. . ရထားဆိုတာ ရှေ့မှာလူမြင်တာနဲ့ ဥသြဆွဲမှာပဲ၊ မေကျော် အမြန်ကူးလာမှာပါ"

"မေကျော် ဒီနေရာက ဘူတာမဟုတ်ဘူးနော်၊ ရထားက အရှိန်လျှော့ပေးမှာ မဟုတ်ဘူး"

"မေကျော် သိပါတယ်၊ ဂျပန်က ကျည်ဆန်ရထားလောက် မြန်နိုင်ပါ့မလား. . ပြောတဲ့အတိုင်းသာ လုပ်ကြပါ"

မကြာပါ. .

"ဘော်. . ဘူး. . . ပေါ်"

ဂျုံး. . ဂျုံး. . ဂျက်. . ဂျက်. . ဂျုံး. . ဂျုံး. . ဂျက်. . . ဂျက်

ရထား လာပါပြီ။

မေကျော်ကလည်း သူတို့နှစ်ယောက်ရှိရာကို ဖြည်းဖြည်းချင်းလျှောက်လာ၏။

"မေကျော် ရှိတဲ့နေရာကို ပြေးမလာကြနဲ့နော်. . ပြေးလာတဲ့သူအရှုံးပဲ. . မေကျော် လာခဲ့မယ်"

www.burmeseclassic.com



"ပူ . . ပူ . . ပူ . . ပူ"

ရထားက နီးလာပြီမို့ အချက်ပြ၏။ မေကျော်က သံလမ်းပေါ် မှမဆင်းသေး။ စက်ခေါင်းမောင်းတဲ့သူက အသံနက်ကြီးဖြင့် -

"ဟေ့ . . ကလေးမ၊ သေချင်လို့လား . . ဆင်း"

မေကျော် ဂရုမစိုက်။

သူရဇလနဲ့ နေမျိုးသီဟတောင် စိုးရိမ်စိတ်ဝင်လာပြီ။

ဂျုံး . . ဂျုံး . . ဂျက် . . ဂျက် . . ဂျုံး . . ဂျုံး . . ဂျက် . . ဂျက် . .

"မေ . . ကျော်"

ရထားက နီးသထက် နီးလာပြီမို့ သူရဇလ စည်းဖောက်ပြီး မေကျော်ရှိရာ ပြေးလေပြီ။

"ဝုန်း"

ရထားခေါင်းတွဲ သူမဆီ မရောက်ခင်လေးမှာ ဟိုဘက်လမ်းကိုဆောင့်တွန်းလိုက်သဖြင့် နေမျိုးသီဟရှိရာဆီ ပုံလျက်သား။

"အ"

"မေကျော်"

နေမျိုးသီဟ မေကျော့်ကို ဝမ်းသာအားရ ပြေးပွေ့၏။

"မေကျော် . . နောက်ဆုံးတော့ ကိုယ့်ဆီရောက်လာပြီပေါ့၊ ဘာဖြစ်သွားသေးလဲဟင်"

"ဘာမှမဖြစ်ပါဘူး"

ရထားကတော့ ထွက်သွားလေပြီ။ တစ်ဘက်လမ်းမှာ သူရဇလ မတ်တတ်ရပ်ပြီး သူတို့ကိုစိုက်ကြည့်လျက်။

"တော်သေးတာပေါ့ မေကျော်ရယ်၊ တိုယ်စိုးရိမ်လိုက်ရတာ"





မေကျော်က ဖုတ်ဖက်ခါ ထလိုက်ပြီး

"ကိုသူရဇလ၊ ဘာလို့ ကျွန်မကို ရှင့်ပြိုင်ဘက်ရှိတဲ့နေရာ တွန်းလိုက်တာလဲ"

"အဲဒီလိုမလုပ်ရင် မေကျော် ရထားတိုက်မိသွားမှာပေါ့ . . ရထားက အရမ်းနီးနေပြီ . . အဲဒါကို သိရဲ့လား"

"ဒါဖြင့်ရင်လည်း ကိုယ့်ဘက် ကိုယ်မဆွဲဘဲ သူများဘက် တွန်းလိုက်တာဟာ ကျွန်မအစား ရှင်ကိုယ်တိုင် ရွေးချယ်မှုပေးလိုက်တာလား"

"ကိုယ် အဲဒီအချိန်မှာ ဒါတွေမတွေးနိုင်ဘူး မေကျော်၊ အရေးကြီးတာ မင်း အန္တရာယ်မဖြစ်ဖို့ဘဲ၊ ဆွဲတဲ့အားနဲ့ တွန်းတဲ့အားဆို၊ တွန်းတဲ့အားက သက်ရောက်မှုပိုပြင်းတာမို့လို့ ကိုယ်လုပ်သင့်လုပ်ထိုက်တာကို လုပ်လိုက်တာ"

နေမျိုးသီဟက သူရဇလကို ကြည့်ပြီး

"သူငယ်ချင်း . . မင်း အဲဒီလို အနစ်နာခံတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွာ . . ငါတို့ သားဦးကလေးမွေးရင် မင်းကို အနီးလျှော်ခိုင်းပါ့မယ်"

မေကျော်က နေမျိုးသီဟဘက်လှည့်ပြီး

"ဘာတွေပြောနေတာလဲ . . ကျွန်မရွေးလိုက်တာ ကိုသူရဇလ"

"ဟင် . . ဘာဖြစ်လို့လဲ၊ မင်း ကိုယ့်ဆီရောက်လာတာလေ"

"ဟုတ်တယ်၊ လူပဲ ရောက်တာ . . စိတ်မရောက်ဘူး၊ မိန်းကလေးဆိုတာ အိမ်ထောင်ဘက်ရွေးချယ်တဲ့အခါ ပိုက်ဆံချမ်းသာဖို့ထက် ကိုယ့်အတွက် အနစ်နာခံပေးဆပ်နိုင်ပြီး တကယ်ချစ်တဲ့ယောကျ်ားမျိုးမှ ယူသင့်တာ၊ ကိုသူရဇလက ကျွန်မကို တကယ်ချစ်လို့ စိုးရိမ်ပြီး သူ့ဘက်သူမကြည့်ဘဲ အနစ်နာခံခဲ့တယ်လေ၊ ရှင်ကတော့ ကိုယ့်ဆီရောက်လာမယ့် အခွင့်အရေးကို ယူခဲ့တယ်။ အဲဒီတော့ အဖြေက ရှင်းသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



မကျော်က ပြောပြီး သံလမ်းတစ်ဘက်ကိုကူးလျက် သူရဇလရှိရာ ပြေးသွားလေပြီ။

"ဝမ်းသာလိုက်တာ မကျော်ရယ်"

သူရဇလ ပျော်ပြီး မကျော့်လက်ကလေးကို ကိုင်လိုက်တဲ့အချိန်. . နေမျိုးသီဟကတော့ ဟတ်ကော့ကြီးဖြစ်လျက်။

"တောက်. . ပါးစပ်နား ရောက်ခါနီးမှ ခုန်ထွက်သွားတယ်၊ အရေးထဲ ဒီခြေထောက်က သစ်ကိုင်းနဲ့ငြိနေဘယ်ကွာ"

* * *





အမှန်တကယ်မှာ နေမျိုးသီဟလည်းပဲ ပြေးထွက်ရန် ကြံစည်ခဲ့ပါ၏။ ဒါပေမဲ့ ဘောင်းဘီအနားစနဲ့ သစ်ငုတ်တိုက သစ်ကိုင်းစ ငြိနေသဖြင့် သူရဇလ လက်ဦးသွားခဲ့ခြင်းဖြစ်ပါသည်။

ခုတော့. . အရာအားလုံး နှောင်းသွားပါပြီ။

သူရဇလရင်ခွင်ထဲမှာ မဘယာကျော်လေး မှေးစက်လျက်. .

ခုမှ ရှင်းပြလည်း ဟိုက မိန်းကလေးက သိက္ခာကျခံပြီး ပြန်ကူးလာမှာ မဟုတ်တော့။

"တောက်. . ဆိုးလိုက်တဲ့ငါ့အဖြစ်၊ ဘောင်းဘီအကောင်းစား ဝတ်ရင် ရရဲ့သားနဲ့ အနားစုတ်နေတဲ့ဟာကို စတိုင်ထွင်ပြီး ဝတ်လာမိတာ၊ ခုတော့ အဲဒီအပြဲပေါက်ထဲ သစ်ကိုင်းရောက်နေလို့ ချစ်သူလေးနဲ့ ဝေးရပြီ၊ ကိုရီးယား ပြန်ပြီး အကင်ရောင်းစားတာပဲ ကောင်းပါတယ်ကွာ"

သူရဇလနှင့်မဘယာကျော်လေးက တစ်ယောက်လက်တစ်ယောက် ချိတ်ပြီး သံလမ်းဟိုဘက်ပေါင်နဲ့ ဒီဘက်ပေါင်ပေါ် ထိန်းလျှောက်ရင်း ချစ်သံစဉ်လေးတွေ သီကျူးနေကြသည်။

"မကျော်"

"ရှင်"

"တကယ်လို့ ကိုယ်သာ မကျော်ကို ခုလိုတွန်းမထုတ်ခဲ့ဘူးဆိုရင်. . မကျော် ပထမဘယ်သူ့ဆီကူးလာဖို့ ရည်ရွယ်ထားလဲဟင်"

"အမှန်အတိုင်း ပြောရမှာလား"

"အင်း. . အမှန်အတိုင်းပြောပေါ့"

"ကိုသူရဇလဆီကိုပဲ ကူးလာမှာပါ"

"တကယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့"

"ပျော်လိုက်တာ မေကျော်ရယ်၊ ဘာလို့ ကိုယ့်ဆီကူးလာမယ်လို့ စဉ်းစားတာလဲဟင်"

"ဟပ်. . အဲဒါတော့ မပြောဘူး၊ အသေသတ်"

အမှန်တကယ်မှာ မေဘာယာကျော်လေး သူရဇလကို ရွေးချယ်ရတဲ့ ပထမအကြောင်းတရားက ခိုင်မာစွာတည်ရှိနေပါသည်။

အဲဒါကတော့ တခြားမဟုတ်. .

မိန်းကလေးဆိုတာ. . မိမိရဲ့ကိုယ်ခန္ဓာအစိတ်အပိုင်း အသေးစိတ်ကို ကိုယ့်ယောက်ျားကလွဲပြီး တခြားဘယ်ယောက်ျားမှ မြင်ပိုင်ခွင့်မရှိတာ မြန်မာမိန်းကလေးတို့ စောင့်ထိန်းရမယ့် ထုံးစံဖြစ်ပါ၏။

သူရဇလ အခြောက်ပုံစံဟန်ဆောင်ထားစဉ်က ရေချိုးခန်းထဲ လဲကျမှာကနေ မေဘာယာကျော်လေးရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းအားလုံးကို မချွင်းမချန် မြင်ဖူးထားသောကြောင့် တခြားတစ်ယောက် ထပ်မမြင်စေလိုပေသည့်ရှယ်ချက်ဖြင့် သူရဇလကို အိမ်ထောင်ဘက်အဖြစ် ရွေးချယ်လိုက်ရခြင်း ဖြစ်ပါသည်။

ဤအကြောင်းကို စာရေးဆရာမှလွဲ၍ မည်သူမှ မသိ။ စာဖတ်ပရိသတ်ကြီးကလည်း မည်သူ့ကိုမှ မပြောပြဘဲ လျှို့ဝှက်ပေးထားပါရန် အနူးအညွတ်တောင်းပန်လိုက်ရပါသည်။

ဟော့လိုင်း



BURMESE CLASSIC
www.burmeseclassic.com